
ဂမ္ဘီရ ဆန်း ကြယ် လုံး ချင်း ဝတ္ထု

www.burmeseclassic.com

# မင်းစက္ကူ ဓါးကလောင်ခွဲ မင်းစကြာ

စိတ္တရမဟိ




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပဋ္ဌ ပုဏ္ဏံ အဟံ ဝန္ဒာမိ


အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၃၉၀၅၁၀

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၇၂၁၂၀၉

ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၀ -ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၃၀၀ ကျပ်

အဖုံးနှင့်အတွင်းပုံနှိပ်သူ - မြမောင်ပုံနှိပ်တိုက် (ဦးငွေအောင်) ၀၈၃၂၅
အမှတ် (၂၀၄) ၃၁-လမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးလှနိုင် (မြိတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥက္ကာမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

ဖြန့်ချိရေး - မြိတ်စာပေ (ဖုန်း-၇၀၄၄၉၀)
၂၂၁၊ ၃၁လမ်း(အထက်)၊ ရန်ကုန်။

စီစဉ်သူ - ကိုလှနိုင် (မြိတ်)

အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)

ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

၈၉၅.၁၃

မင်းစကြာ

စိတ္တရမဟီ / မင်းစကြာ ။ - ရန်ကုန်၊

မြိတ်စာပေ ၊ ၂၀၁၀

၂၂၄ - စာ။ ၁၃ × ၂၀.၅ စင်တီ။

(၁) စိတ္တရမဟီ


BURMESE CLASSIC .com



## အခန်း - ၁

### အားထားရာအရှင်သခင်

"ဝုန်း"

"ဒိုင်း"

မိုးကြိုးပစ်သံကြီးက နားစည်ကွဲအက်မတတ် ဆူညံလှ၏။

နောက်ဆက်တွဲအဖြစ် လျှပ်ရောင်တန်းက ဝင်းကနဲ ပြက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝရော. . . ရော"

လေပြင်းမင်းသားကလည်း နောက်တော်ပါးက ကပ်၍လိုက်ပါလာ၏။

သစ်ပင်ကြီးများ ယိမ်းယိမ်းထိုးထိုးရှိသည်။ သစ်ရွက်များ တဖြုတ်ဖြုတ်နဲ့ ကြွေကျနေ၏။ သစ်ကိုင်းသစ်ကိုင်းချင်း သစ်ခက်သစ်ခက်ချင်း ပွတ်ကြိတ်သံက ပတ်ဝန်းကျင်တစ်ခုလုံးကို သဲသဲလှုပ်မျှ ရိုက်ခတ်နေ၏။ တရကြမ်းတိုက်ခတ်နေသော လေပြင်းဒဏ်ကြောင့် အညွှာမခိုင်သည့် သစ်ပင်ငယ်များ ခါးလယ်မှ ဖြောင်းကနဲ ကျိုးထွက်ကုန်၏။

BURMESE CLASSIC .com

တောကောင်များ အစိုးမရ ဖြစ်ကုန်၏။ တောင်ပြေးရမလို၊ မြောက်ပြေးရမလိုဖြင့် ယောင်ယောင်မှားမှား ဖြစ်ကုန်ကြ၏။

စိတ္တရမဟီတောအုပ်. . .။

ဤတောအုပ်လေး၏ အမည်မှာ. . စိတ္တရမဟီတောအုပ် ဖြစ်သည်။ နယ်စပ်သို့မရောက်မီ အစွန်အဖျားတွင်ရှိ





သော ဒက္ခိဏမြို့ကလေးတွင် တည်ရှိ၏။

ဒက္ခိဏမြို့ကလေးမှာ လူသူအရောက်အပေါက် နည်းသော နေရာတွင် တည်ရှိ၏။ လူနေအိမ်ခြေ နည်းပါးသည်။ ဤမြို့တွင် ရှိနေကြသော လူသားတို့မှာ ပြင်ပလောကနှင့် ကင်းကွာကာ အရိုင်းဆန်ကြ၏။ လူကို လူအဖြစ်သာ သိမြင်ရုံမှလွဲ၍ အခြားကြီးကြီးမားမား တိုးတက်မှုဘာမျှမရှိ။ သူတို့သည် မိုးကြီးလေကြီး ကျပြီဆိုလျှင် ထိတ်လန့်တတ်ကြသည်။ တုန်လှုပ်တတ်ကြလေသည်။ ကောင်းကင်မှ သူတို့ကိုးကွယ်ရာနတ်မင်းများ စိတ်ဆိုးတော်မူ၍ သူတို့အား အပြစ်ဒဏ်သတ်မှတ်ခြင်းဖြစ်သည်ဟု သူတို့ ယုံမှတ်နေကြ၏။ ထိုသောအခါ သူတို့သည် ဆောက်တည်ရာမရဖြစ်ကာ ပူဇော်ပသမှုများကို ပြုကြ၏။

ယခုလည်းကြည့်. . .။

မိုးကြိုးလည်းပစ်၊ လေလည်းထန်။ သူတို့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ အားလုံးပင် လှုပ်လှုပ်ခတ်ခတ် ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြီဆိုသောအခါတွင်မတော့ သူတို့သည် တိုင်ပင်ထားခြင်း မရှိပါပဲလျက် သူတို့ကိုးကွယ်ရာ အရှင်နတ်မင်းရုပ်ထုကိန်း အောင်းနေသည့် ရုပ်တုကြီးရှိရာ ကျောက်ဂူကြီးဆီသို့ ဦး တည်လာကြကုန်၏။

ကျောက်ဂူကြီးတစ်ခုလုံးက ရေညှိရောင် တက်နေ၏။ လူနှစ်ကိုယ်စာ ဝင်ပေါက်တစ်ပေါက်တည်းသာ ရှိ၏။ အပြင် တွင် မြင့်သယောင် ရှိသော်လည်း အတွင်းပိုင်းသို့ အရောက် နိမ့်ဆင်းသွားသည်။ အလယ်လူသွားလမ်းကြောင်း၏ အဆုံး တွင်မတော့ ကိုးပေခန့်မြင့်သည့် သူတို့ကိုးကွယ်အားထားရာ အရှင်နတ်မင်းရုပ်တုကြီးတည်ရှိ၏။ ထိုနတ်မင်းရုပ်ထုကြီးကို တင်ပလ္လင်ခွေထိုင်လျက် အနေအထားဖြင့် ထုဆစ်ထား၏။ မျက်လုံးအစုံမှာ အစွမ်းကုန် ပြူးဝိုင်းလျက် နီနီရဲရဲ ပတ္တမြား ရောင်တောက်နေသည်။ နဖူးကြောမျာ း ရှုံ့နေသည်။ တစ်စုံ တစ်ရာကို အလွန်အမင်း ဒေါသထွက်နေသည့်ဟန်ဖြစ်၏။ နှာတံမှာ ဖြောင့်ဖြောင့်စင်းစင်းနှင့် ပါးစပ်မှာ တင်းတင်းစေ့





လျက် လည်ပင်းတွင် စိန်ရွှေပတ္တမြား လည်ဆွဲများ အပြည့် ဆွဲထား၏။ နဖူးပြင်တွင်လည်း ပတ္တမြားတစ်လုံး၊ တစ်ကိုယ် လုံးကို ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထား၏။

ထိုနတ်ရုပ်ထုကြီး၏ ဘေးတစ်ဘက်တစ်ချက် နံရံတွင် မီးတုတ်ကြီးတစ်ချောင်းစီ ထွန်းညှိထား၏။

ထိုမီးတုတ်မှ အလင်းရောင်တန်း ကျောက်ဂူကြီးတစ် ခုလုံးကို ထိန်ထိန်ညီးအောင် အလင်းရောင် ဖြာထွက်စေ၏။ နတ်မင်းကြီး၏ ကိုယ်ရောင်ကိုယ်ဝါမှာလည်း တောက်ပနေ ၏။ နတ်မင်းရုပ်ထုကြီး၏ရှေ့တွင် ထွန်းညှိထားသော အ မွှေးနံ့သာတိုင်တို့ ဆီမှလည်း အငွေ့ တလူလူထွက်လျက် လျက် သင်းပျံ့ကာရနံ့ပေါင်းစုံက ကျောက်ဂူကြီးတစ်ခုလုံး ကို လွှမ်းခြုံထား၏။

ထိုအရှင်သခင် နတ်ရုပ်ထုကြီး၏ရှေ့တွင် မြကတ္တီပါ ပိတ်စတစ်ခုကို ခင်းထား၏။

ထိုမြကတ္တီပါပေါ်တွင်မတော့ အစုံစုံ အလင်လင်


www.burmeseclassic.com

www.burmeseclassic.com

သော အဖိုးတန် ရတနာပေါင်းစုံကို တင်မြှောက်ပသထားသည်မှာ တွေ့မြင်ရသူအဖို့ မျက်စိကျိန်းစေလောက်၏။

သည်ကနေ့တွင် ဘာကြောင့်လည်းမသိ။

မိုးခြိမ်းသံတွေလည်းကြားရသည်။ မိုးကြိုးတွေလည်းပစ်၏။ လေကလည်းကြမ်း၏။ မကြာမီ မိုးကြီးလေကြီးကျရောက်တော့မည့်ဟန်ဖြင့် ကောင်းကင်တစ်ပြင်လုံး မည်းမှောင်နေသည်။ တိုက်ခတ်နေသော လေတွင် မိုးသက်နံ့ကိုလည်းရနေလေ၏။

ထုံးစံအတိုင်းပင်။

သူတို့ ယုံကြည်ကိုးကွယ် အားထားရာ အရှင်သခင်နတ်မင်းကြီးသည် တစ်စုံတစ်ရာသော အဖြစ်တစ်ခုခုကြောင့် သူတို့အပေါ်တွင် အငြိုးမျက်မာန်ရှုပြီဟု သူတို့အထင်ရောက်ကုန်ကြ၏။

ဒါကြောင့်လည်း ရွာထဲရှိ လူအချို့သည် အရှင်သခင်နတ်မင်းကြီး ရုပ်ထုကြီးတည်ရှိရာ ကျောက်ဂူကြီးအတွင်းသို့ စုဝေးရောက်ရှိလာကြတော့သည်။ စုစုပေါင်းအားလုံး အယောက်ငါးဆယ်ခန့်ရှိမည် ဖြစ်သည်။ ရှေ့ဆုံးတွင်ပုဆစ်တုပ်ထိုင်နေသည့် အဖိုးအို အသက်ခြောက်ဆယ်နီးပါးခန့်ရှိမည်ဖြစ်သည်။

ဆံပင်ရှည်ထားကာ ဖဲကြိုးဝါလေးဖြင့် သေသေသပ်သပ် ထုံးနှောင်ထား၏။ ဦးခေါင်းတစ်ခုလုံး ဖွေးဖွေးဖြူနေသလို မုတ်ဆိတ်ကျင်စွယ်မွေးတို့မှာလည်း ဆွတ်ဆွတ်ဖြူနေ၏။ ကိုယ်ခန္ဓာမှာ ပိန်ပိန်ပါးပါးဖြစ်ကာ ခြေတံလက်တံရှည်၏။ မျက်နှာမှာ ပါးရိုးကြီးတွေ ငေါထွက်နေ၏။ သို့သော် မျက်လုံးအစုံမှာ သိမ်းငှက်မျက်လုံးကဲ့သို့ စူးရှ၏။ သူသည် အရှင်နတ်မင်းရုပ်ထုကြီးအား ကြည့်၍ ပါးစပ်မှတတွတ်တွတ် ရေရွတ်ကာ တိုင်တည်လျက်ရှိ၏။

ထိုစဉ်မှာပင် . . . မိုးခြိမ်းသံကြီးက နားစည်ကွဲအက်မတတ် ပေါ်ထွက်လာပြန်၏။

“ဂျိန်း. . ဒလိမ်းလိမ်း”






www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲအဖြစ်. . .။

မိုးကြိုးပစ်သံကြီးက ပေါ်ထွက်လာသည်နှင့်အမျှ လျှပ်ရောင်ကြီးကလည်း ဝင်းကနဲ ပြိုးပြက်လိုက်တော့၏။ လျှပ်ရောင်တန်းအလင်းရောင်က ကျောက်ဂူတွင်းသို့တိုင် ထိုးဝင်ရောက်လာ၏။

ကျောက်ဂူတွင်းမှာ ရှိနေကြသော လူတွေအားလုံးမှာလည်း ရှေ့ဆုံးမှ နတ်ဆရာကြီးကဲ့သို့ မတ်တတ်ရပ်နေရာမှ ပုဆစ်တုပ်ထိုက်လိုက်ကြတော့သည်။

ဤမှာပင်. . .။

နတ်ဆရာကြီးထံမှ  အောင်မြင်ထည်ဝါ ခန့်ညားသော အသံကြီးက ဟိန်း၍ထွက်ပေါ်လာ၏။

"အို! အရှင်သခင်နတ်မင်း၊ ကျွန်ုပ်တို့အပေါ်မှာ အပြစ်ဒဏ် ကျရောက်ခဲ့လျှင် လျှော့လျှော့ပေါ့ပေါ့ စဉ်းစားပေးတော်မူပါ အရှင်သခင်၊ ကျေနပ်လောက်တဲ့အထိ ဝန်ချပြီး တောင်းပန်ဖို့လည်း အသင့်ပါပဲ၊ အပြစ်များရှိလျှင်လည်း ကြေ





အေးတော်မူပေးပါ. . အရှင်သခင်ကြီးခင်ဗျာ၊ ကျွန်ုပ်တို့၏ အိုးအိမ်စည်းစိမ်  အသက်ခန္ဓာများကို အတတ်နိုင်ဆုံးစောင့်လျှောက်ပေးတော်မူပါ။ အရှင်သခင်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ကလည်း အသက်ပေး၍ စောင့်ရှောက်တော်မူပါမည်ဆိုတာကို ရဲရဲဝံ့ဝံ့ကြီး ကတိပေးပါသည်အရှင်သခင်"

စကားအဆုံးတွင် နတ်ဆရာကြီးသည် ဦးခေါင်းနှင့် ကြမ်းပြင်ထိသည်အထိ နတ်မင်းကြီးရုပ်ထုကြီးအား ဦးခိုက်မှုပြုလိုက်လေ၏။

နတ်ဆရာကြီးကဲ့သို့ပင် နောက်တော်ပါးတစ်သိုက်ကလည်း နတ်မင်းရုပ်ထုကြီးကို ဦးခိုက်မှုပြုလိုက်ကြ၏။

ထူးတော့ ထူးဆန်းနေပါ၏။  နတ်ဆရာကြီး တိုင်တည်စကား ဆိုလိုက်သည့်နောက်တွင် မိုးကြိုးပစ်သံလည်း မကြားရတော့ပါ။  မိုးခြိမ်းသံလည်း ထွက်ပေါ်လာခြင်း မရှိတော့ပါ။ ယုတ်စွအဆုံး လျှပ်ရောင်မပြက်သလို လေပြင်းလည်း ငြိမ်သက်သွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာကြီးထံမှ အသံထပ်မံထွက်ပေါ်လာပြန်၏

"အို. . ဘုန်းတန်ခိုး ကြီးမားလှသော နတ်မင်းကြီး၊ ကျွန်ုပ်တို့အပေါ်တွင် ချက်ချင်းလက်ငင်း အမျက်ပြေပျောက်သွားတဲ့အတွက် ကျေးဇူးတင်လှပါသည်။ အရှင်နတ်မင်းကြီးသည် ကျွန်ုပ်တို့၏ စီးပွားဥစ္စာများကို အခါမလပ်ပင် စောင့်ရှောက်ပေးတော်မူသည်ကို ကျွန်ုပ်တို့ သိပါသည်။ ကျွန်ုပ်တို့သည်လည်း ကမ္ဘာတည်သရွေ့ အရှင်နတ်မင်းကြီးရှိနေစေရန် အစွက်လည်း ကျွန်ုပ်တို့သည် အသက်ပေး၍ ကာကွယ်စောင့်ရှောက်မှုများ ပြုပါမည်။ အရှင်နတ်မင်းကြီးအား ပူဇော်ပသထားသည့် အဖိုးတန်ရတနာများ လောဘသားတို့လက်သို့ မရောက်ရှိစေရန်အလို့ငှာ ကျွန်ုပ်တို့သည် အစွမ်းကုန် စောင့်ရှောက်ပါမည်ဟု ကတိပြုပါသည်. . အရှင်နတ်မင်းကြီး"

ရှည်ရှည်လျားလျားမှ တကယ့်ရှည်ရှည်လျားလျားပင် နတ်ဆရာအဘိုးအိုက ရွတ်ဆိုသွားပါလေ၏။





ဘာကြောင့်လည်းမသိ။

နဂိုက နီနီရဲရဲဖြစ်နေသော နတ်မင်းရုပ်ထုကြီး၏ မျက်လုံးအစုံမှာ ပိုမို နီရဲတောက်ပလာသကဲ့သို့ မှတ်ထင်ရသည်။ တင်းတင်းစေ့နေသော နှုတ်ခမ်းနှစ်လွှာမှာ အနည်းငယ် ပြေလျော့သော ပြုံးရောင်သန်းလာသလားမှတ်ထင်ရသည်။ နဖူးအလယ်တည့်တည့်မှ ပတ္တမြားကြီးဆီမှလည်း အလင်းရောင်တွေဖြာထွက်လာသကဲ့သို့ မှတ်ထင်ရလေသည်။

သူတို့ ကိုးကွယ်ရာ အရှင်သခင်နတ်မင်းကြီးသည် သူတို့အပေါ်တွင် သိသိသာသာကြီး အမျက်ပြေသွားသည်မှာ သေချာလှပါ၏။

ယခုပင်ကြည့်လေ. . .။

စောစောပိုင်းက ဝုန်းဒိုင်းကြဲကာ ဖြစ်ချင်တိုင်းဖြစ်၍ ပျက်ချင်တိုင်းပျက်နေသော သူတို့၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတစ်ခုလုံးမှာ အခုတော့လည်း စောစောကနှုန်းက ဘာမျှမဖြစ်သလို ငြိမ်းအေးသော အသွင်သို့ ပြောင်းကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ပြီပဲမဟုတ်လား”

ဤသည်ပင် သူတို့ ကိုးကွယ်အားထားရာ အရှင်သခင်နတ်မင်းကြီးက သူတို့အပေါ်မှာ တင်ရှိနေသော အမျက်တော် ပြေသွားခြင်းပဲဟု မှတ်ယူလိုက်ကြသည် ဆိုက မှားမည်မဟုတ်ပေ. . .။





**အခန်း – ၂**

**ခရီးသွားညော့သည်**

အဆက်မပြတ် ရွာသွန်းနေသော မိုးညတစ်ညတွင် မြိုင်သာယာမြို့၏ အစွန်အဖျားရှိ ကြီးမားခန့်ထည်သော ခြံကျယ်ကြီးတစ်ခုရှေ့သို့ အလုံပိတ် ဒေါင့်ကပ်မြင်းလှည်းတစ်စီးက အသာထိုးရပ်လိုက်သည်။

မြင်းလှည်းမောင်းသူ မုတ်ဆိတ်ဖွားဖွားနှင့်လူမျိုး



www.burmeseclassic.com

www.burmeseclassic.com



ခြားသည် မြင်းလှည်းရှေ့တွင် ချိတ်ဆွဲထားသော မှန်မီးအိမ်ကို ဆွဲဖြုတ်ကာ မြင်းလှည်းအောက်သို့ အသာအယာ ခုန်ဆင်းလိုက်လေသည်။

ထိုနောက် မြင်းလှည်းနောက်သို့ သွားကာ တံခါးကို ဆွဲဖွင့်လိုက်သည်။ တဆက်ဆည်း နှုတ်မှလည်း. . .။

"ရောက်ပြီ. . ဆပ်၊ ဘရားဆပ်ဦးသန်းထွန်းရဲ့ အိမ်နှင့်ခြံကြီးက ဒီခြံပဲ. . ဆရာ"

မြင်းလှည်းတွင်းမှ လူသည် ဦးခေါင်းမသိမသာပြူ၍ ခြံကြီးဆီသို့ လှမ်းကြည့်လိုက်ပါ၏။

ခြံကြီးမှာ အဝန်းအဝိုင်း ကျယ်ပြောသည်နှင့်အမျှ ခြံကျယ်ကြီး၏ အလယ်တွင် ဘန်ဂလိုဆန်ဆန် ဆောက်လုပ်ထားသော တိုက်ပုလေးတစ်လုံးကို မီးရောင်ဖြင့် လှမ်းတွေ့ရလေသည်။

ခြံကျယ်ကြီး၏ အတွင်း တံခါးဘေးတွင် ကင်းတဲလေးတစ်လုံးကို တွေ့ရသည်။ ထိုကင်းတဲလေးထဲတွင် အ





စောင့်ရှိဟန်တူ၏။

မြင်းလှည်းတွင်းမှ လူသည် မြင်းလှည်းသမားအား ကျသင့်ငွေပေးချေကာ မိုးကာအင်္ကျီစနက်ကြီးကို ဝတ်ဆင်လိုက်လေသည်။ ဦးခေါင်းတွင်လည်း မိုးကာဦးထုပ်ပျော့ကလေးကို ဆောင်းလိုက်လျက် လက်တစ်ဖက်က လက်ဆွဲအိတ်ဆွဲကိုင်၍ မြင်းလှည်းအောက်သို့ ဆင်းလိုက်လေသည်။

ထိုသူမှာ အပေါ်ကနေ မိုးကာအင်္ကျီ ဝတ်ဆင်ထားသော်လည်း ပိန်ပိန်မြောင်းမြောင်းဖြစ်နေသည့် သူ့ခန္ဓာကိုယ်ကိုတော့ ဖုံးကွယ်၍မရပေ။ ခြေတံလက်တံရှည်ကာ အရိုးပေါ်အရေတင်ဖြစ်နေသော လက်ဆွဲအိတ်ကို ကိုင်ဆောင်ထား၏။ မျက်လုံး အားနည်းသောကြောင့် ထင်သည်။ ဒီဂရီများသောမျက်မှန်ထူကြီးကို တပ်ဆင်ထား၏။ ခြေထောက်တွင် တောလိုက်ဘွတ်ဖိနပ်ရှည်ကြီးကို ဝတ်ဆင်ထားသည်။

ထိုသူသည် မြင်းလှည်းမောင်းထွက်သွားသည်အထိ ရပ်ကြည့်နေသေးသည်။ မြင်းလှည်း သူ့မျက်စိမြင်ကွင်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားတော့မှပင် စေ့ပိတ်ထားသော သံတံခါးဖက်သို့ မျက်နှာမူလိုက်ရာမှ လေးတွဲတွဲ ခြေလှမ်းအစုံဖြင့် တိုးကပ်လာခဲ့ပါ၏။

သံတံခါးနားသို့ ရောက်သည်နှင့် . . .။

ထိုသူသည် ကင်းတဲလေးဆီသို့ လှမ်းကြည့်လိုက်လိုက်ပါ၏။

ကင်းတဲလေးထဲတွင် မီးအိမ်မှိန်ပျပျလေး တစ်လုံး ချိတ်ဆွဲထားပါ၏။ ထိုမီးအိမ်အလင်းရောင်ဖြင့်ပင် ကင်းတဲလေးပေါ်တွင် ထိုင်ရင်း အိပ်ငိုက်နေသော အစောင့်တစ်ဦးကို တွေ့မြင်လိုက်ရလေသည်။

ထိုစဉ် တဖြိုးဖြိုး တဖြောက်ဖြောက်ဖြင့် ရွာနေသော မိုးသည် ပိုပြီးသည်းလာတော့၏။ မျက်စိမြင်ကွင်းတစ်ခုလုံးမှာလည်း မှုန်ရီဝိုးတဝါးဖြစ်လာ၏။

ထိုသူသည် အချိန်ဆွဲမနေတော့ပါ။ အိပ်ငိုက်နေသော အစောင့်ဖြစ်သူ ကြားသိအောင် အသံပေးလိုက်ခဲ့ပါ၏။





၏။

"ဟိတ် . . . ဒီမှာ၊ ဒီမှာ . . ."

နှုတ်မှလည်း အော်သံပေးသည်။

အားနေသော လက်ဖြင့်လည်း သံတံခါးကို အဆက်မပြတ် ပုတ်နေမိသည်။ မိုးသံလေသံကြောင့် အစောင့်ဖြစ်သူသည် တော်ရုံနဲ့ ကြားဟန်မတူပေ။ အိပ်ငိုက်မြဲ အိပ်ငိုက်နေလေ၏။

ထိုသူသည် အစောင့်ဖြစ်သူကို ကြည့်၍ စိတ်ရှည်ချင်တော့ဟန် မတူပေ။ သူ့ပတ်ဝန်းကျင်ဘေးဘီဝဲယာကို အလျှင်အမြန် မျက်စိကစားကြည့်လိုက်ရာ မလှမ်းမကမ်းတွင် ရှိနေသော အုတ်ခဲအကျိုးအပဲ့တစ်လုံးကို တွေ့လိုက်ရလေသည်။

ထိုသူသည် ထိုအုတ်ခဲ အကျိုးအပဲ့ကို ကောက်ယူကာ အတွင်းသို့ ပစ်သွင်းလိုက်သည်။

တန်းတန်းမတ်မတ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအုတ်ခဲကျိုးသည် ကင်းတဲလေး၏ ခေါင်မိုးပေါ်သို့ ကျရောက်သွားလေသည်။

"ဒုန်း"

မိုးသံလေသံကို ထွင်းဖောက်၍ အုတ်ခဲအကျိုးအ ပဲ့နှင့် ကင်းတဲခေါင်မိုး ထိတွေ့သံ ထွက်ပေါ်လာ၏။

ကင်းတဲတွင်းမှာ အိပ်ငိုက်နေသော အစောင့်ခန္ဓာ ကိုယ်သည် ဆတ်ကနဲ တုန်ခါသွားလျက် မျက်လုံးအစုံမှာပွင့် သွား၏။ အယောင်ယောင် အမှားမှားဖြင့်လည်း ဘေးတွင်ချ ထားသော လက်ကိုင်တုတ်ကို လှမ်းကိုင်လိုက်သည်။

"ဟိတ်. . ဒီမှာ၊ တံခါးကို အမြန်လာဖွင့်စမ်းပါ"

ထိုသူက အသံပေးလိုက်ရာ အစောင့်ဖြစ်သူက. .

"ဘယ်သူလဲ၊ ဘယ်သူ့ကို တွေ့ချင်လို့လဲ"

ပြန်၍ မေးခွန်းထုတ်နေသော အစောင့်ဖြစ်သူအ စိတ်မရှည်ချင်တော့သလို ထိုသူက ဝေါက်ဆတ်ဆတ်လေး ဖြင့်. . . ။





"ဟိတ်. . မေးခွန်းတွေထုတ်ပြီး အချိန်ဖြုန်း မနေ စမ်းပါနဲ့၊ ငါ့မှာ မင်းကို အဖြေပေးဖို့ အချိန်သိပ် မရှိဘူး၊ အရေးကြီးတဲ့ ကိစ္စကို မင်းရဲ့ ဆရာကြီးနဲ့ အမြန်တွေ့ချင် တယ်၊ တံခါးဖွင့်မှာသာ အမြန်ဖွင့်စမ်းပါ"

သည်တော့လည်း အစောင့်ဖြစ်သူသည် မှန်မီးအိမ် လေးကိုဆွဲ၍ တံခါးနားသို့ တိုးကပ်လာ၏။ မှန်မီးအိမ်မှ အ လင်းရောင်ဖြင့် ထိုသူ့အား လေ့လာစူးစမ်းသလို ကြည့်၏။ အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါး ဖြစ်နေသော ထို သူ့ကို ကြည့်၍ စိတ်ချလက်ချ ဖြစ်သွားဟန် တူ၏။ ခါးကြား ဘေးမှာ ထိုးချိတ်ထားသော သော့တွဲကြီးကိုထုတ်၍ သော့ ဖွင့်ကာ တံခါးတစ်ဖက်ကို ဘေးတစ်ဖက်သို့ အသာ ဆွဲဖွင့် ပေးလိုက်ပါ၏။

လူတစ်ကိုယ်စာ ပွင့်သွားသော ဝင်ပေါက်မှတစ်ဆင့် ထိုသူက ခြံကျယ်ကြီးအတွင်းသို့ ခြေချလိုက်သည်။

ထိုသူသည် ခြံကျယ်ကြီး အလယ်တွင် ဆောက်လုပ်



www.burmeseclassic.com

www.burmeseclassic.com

ထားသော အိမ်ဆီသို့ လှမ်းကြည့်သည်။ အိမ်တွင်းမှာ မီးအလင်းရောင်ရှိနေဆဲဖြစ်သည်။ သူတွေလိုသော အိမ်ကြီးရှင်မှာ အိပ်သေးဟန်မတူပေ။

"မင်းတို့ရဲ့ ဆရာကြီး မအိပ်သေးဘူးထင်တယ်"

ထိုသူက မီးအိမ်လင်းနေဆဲဖြစ်သော အိမ်ဆီသို့မေးငေါ့ပြလျက် မေးလိုက်ရာ အစောင့်က. . .။

"အခုမှ ရှစ်နာရီကျော်ကျော်ပဲ ရှိသေးတာ၊ ဆရာကြီးက စောစောစီးစီး ဘယ်တော့မှ မအိပ်တတ်ဘူး၊ စာထိုင်ဖတ်နေတတ်တယ်၊ တစ်ခါတစ်လေ တစ်ညလုံး အိပ်ချင်မှ အိပ်တတ်တာ၊ မနက်ပိုင်း အိမ်မှာခိုင်းတဲ့ ကောင်မလေးရောက်လာတဲ့အချိန်အထိတောင် ဆရာကြီးက အိပ်ချင်မှ အိပ်တတ်တာ၊ ဆရာကြီးက စာဖတ်သိပ်ဝါသနာပါတာ၊ နို့. . ဆရာကြီးနဲ့ တွေ့ဖို့ချိန်းထားလို့လား"

"ကဲပါ. . ငါ့ကို သူ့ဆီ ခေါ်သွားမှာသာ ခေါ်စမ်းပါ၊ သူနှင့်ငါက ချိန်းထားထား မထားထား၊ တွေ့ချင်ရင် အချိန်မ

ရွေး တွေ့လို့ရတဲ့ အကြောင်းလေးတွေရှိတယ်"

ထိုသူက ရေပိတ်စပါး စကားဆိုလိုက်သည့်နောက် အစောင့်ကလည်း နောက်ထပ်စကားမဆိုတော့ပါ။ ရှေ့က နေဦးဆောင်၍ အိမ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းသွားလေတော့သည်။ ထိုသူကလည်း လေးတိလေးတွဲခြေလှမ်းအစုံဖြင့် အစောင့်၏နောက်ကနေ လိုက်လာခဲ့လေသည်။

မကြာမီ အိမ်ရှေ့သို့ရောက်လာသည်။ သံဘာဂျာတံခါးကို စေ့ရုံစေ့ထား၏။ တံခါး၏ ညာဘက်ဘေးတွင် ဆိုင်းဘုတ်ငယ်လေး တစ်ခုကို ချိတ်ဆွဲထားသည်။ ဦးထွန်းလူ (အငြိမ်းစားတောခေါင်း)ဟု ထိုဆိုင်းဘုတ်လေးပေါ်တွင် ရေးထားပေသည်။

ဆိုင်းဘုတ်ပေါ်မှ စာတမ်းကို ကြည့်၍ ထိုသူ့မျက်နှာပြင်တွင် ခနဲ့မှန်းရခက်သော အပြုံးရိပ်လေး တစ်ရိပ် မသိမသာ ကွန့်မြူးလာ၏။ တစ်ကိုယ်တည်း ရေရွတ်သလိုလည်း တိုးတိုးသဲ့သဲ့ကလေး . . .။


www.burmeseclassic.com

www.burmeseclassic.com

"အင်း. . ကျေးဇူးရှင်ကြီးတောင် ပင်စင်ယူသွားမှ ကိုး၊ အင်းပေါ့လေတစ်ယောက်နှင့်တစ်ယောက် မတွေ့ကြ တော့တာလည်း အတော်လေး ကြာမြင့်ခဲ့မှကိုး"

အစောင့်သည် တံခါးကို ဆွဲဖွင့်လိုက်ပါ၏။

"ဒီမှာပဲ ခဏလေး စောင့်နေပါဦး၊ ကျွန်တော်အထဲ ဝင်ပြီး ဆရာကြီးကို အကြောင်းကြားလိုက်ပါဦးမယ်"

အစောင့်သည် ထိုသူအား မှာကြားပြီးနောက် အ တွင်းသို့ ဝင်ရောက်သွား၏။ ထိုသူက အိမ်ထဲသို့ဝင်သည်။ ရေရွှဲရွှဲ စိုနေသော မိုးကာအင်္ကျီကို ချွတ်၍ တံခါးဘေးတွင် ချိတ်ထားလိုက်၏။ အစောင့်ဖြစ်သူ ပြန်ရောက်လာ၏။

"ကျွန်တော့်နောက်က လိုက်ခဲ့ပါ၊ စာကြည့်ခန်းထဲက နေ ဆရာကြီးစောင့်နေပါတယ်"

"အေး. . အေး"

ထိုသူသည် အစောင့်ဖြစ်သူ၏ နောက်တော်ပါးက နေ အသာလိုက်ခဲ့သည်။





အတွင်းမှာ အခန်းငယ်လေးများကို ဖွဲ့ထား၏။

သို့သော် ထိုအခန်းငယ်တိုင်းတွင် လူရှိပုံမရပေ။

အခန်းတိုင်းလိုလို အပြင်ကနေ သော့ခတ်ထား၏။ မီးရောင်လည်းမရှိ။ ထောင့်အစွန်ဆုံးအခန်းတစ်ခန်းကတော့ ပွင့်နေပါ၏။ ထိုအခန်းမှာ မီးရောင်ရှိနေသည်။ ပွင့်နေသော တံခါးမှတစ်ဆင့် မီးရောင်သည် အပြင်ဘက် လူသွားလမ်း ပေါ်သို့ ထွက်အံကျနေသည်။

ထိုအခန်းသည် စာကြည့်ခန်းဖြစ်မည်ထင်သည်။ ထို အခန်းထဲတွင်ပင် ဆရာကြီးဦးထွန်းလူ ရှိနေမည်ထင်သည်။ အစောင့်သည် ထိုအခန်းဝတွင် ရပ်ကာ ထိုသူ့ဘက်သို့လှည့် ၍. . . ။

"အထဲကိုကြွပါခင်ဗျာ၊ ဆရာကြီး. . အထဲမှာ စောင့် နေပါတယ်"

"အေး. . အေး၊ ကျေးဇူးပဲကွာ"

ပြောရင်း ထိုသူသည် အစောင့်ဖြစ်သူကို ဖြတ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



၍ အခန်းတွင်းသို့ ဝင်လိုက်လေသည်။ ဝင်ပေါက်မျက်နှာပြု၍ စာတစ်အုပ်ကို အဖော်ပြုနေသော ဆရာကြီးဦးထွန်းလူအား တွေ့မြင်လိုက်ရလေသည်။

အခန်းထဲတွင် နံရံလေးဘက်လေးတန်၌ ဘီရိုလေးလုံးချထား၏။ ထိုဘီရိုတွေထဲမှာတော့ စာအုပ်မျိုးစုံကို အကန့်လိုက်ထည့်ထား၏။

နံရံတွေပေါ်မှာတော့ အကျော်အမော်ပန်းချီ ဆရာကြီးများ၏ ရှုမျှော်ခင်းပန်းချီကားများကို ချိတ်ဆွဲထား၏။ ဦးထွန်းလူသည် ဖတ်လက်စ စာအုပ်ကို ဘေးသို့ချ၍ သူ့အားလှမ်း၍ ကြည့်သည်။ ချက်ချင်းပင် မျက်မှောင်ကြုပ်လိုက်ရာမှ . . ။

"ကျုပ်ကို တွေ့ချင်နေတဲ့ မိတ်ဆွေကြီးက ဘယ်သူလဲ"

ထိုသူက အသက်မပါသော အပြုံးတစ်ရပ်ကို လှစ်ပြလိုက်ရာမှ . . . ။





"အင်း... ကျောင်းဆရာကြီးက ကျုပ်ကို မမှတ်မိတော့ပဲကိုး၊ ဟုတ်တာပေါ့လေ၊ ကျုပ်တို့တတွေ ကွဲကွာသွားတဲ့နှစ်ပရိစ္ဆေဒတွေကလည်း မနည်းတော့ပဲကိုး၊ ကျုပ် . . ဒီပလေဗျ"

တကယ်တော့ ဦးထွန်းလူ သူ့အား မမှတ်မိမည်ဆိုက မမှတ်မိလောက်ပါပေသည်။ သူနှင့်ဦးထွန်းလူကွဲကွာသွားသည့်နှစ်တွေကလည်း မနည်းတော့။ အနည်းဆုံး ဆယ်နှစ်ကျော်မည်။

ထိုထက်မှာမူ ထိုစဉ်က သူသည် ယခုလို ပိန်ပိန်ပါးပါးမဟုတ်။ ကိုယ်ခန္ဓာ အနေအထားက တောင့်တောင်တင်းတင်းနဲ့ဖြစ်၏။ မျက်မှန်လည်း တပ်ထားခြင်းမရှိ။

ယခုတော့မူ ဇရာဆိုသည့် ဇရာ၏ ဖိစီးမှုဒဏ်ကြောင့် ကိုယ်ခန္ဓာပေါ်ရှိ အသားစိုင်တို့မှာ ပျက်ကြွေခဲ့ရလေပြီ။ ငယ်စဉ်က တောက်ပခဲ့သော မျက်လုံးအစုံမှာ ယခုတော့ မှေးမှိန်ခဲ့ရလေပြီ။ မျက်မှန်အကူအညီမပါလျှင် ဘာကိုမှ မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်းမရှိတော့ပြီ။

အင်း. . . သူကသာ ပုံစံအသွင်အပြင် ပြောင်းလဲသွား၏။

ဦးထွန်းလူကတော့ ယခင်ကအတိုင်းပင်။ ခန္ဓာကိုယ်တောင့်ဆဲ။ တင်းဆဲ။ အသက်အရွယ် အချိန်ကာလကြောင့် မျက်နှာတွင် ပါးရေအနည်းငယ် တွန့်နေသည်မှအပ မျက်လုံးအစုံသည် တောက်ပနေဆဲ။ ပါးရိုးမေးရိုးကြီးတွေဟာ ထောင်းထောင်းထနေဆဲ။ မျက်လုံးအကြည့်အားကလည်း နဂိုအတိုင်း ကောင်းနေပုံရ၏။ မျက်မှန်အကူအညီ ရယူမထားပဲ စာကို ကောင်းမွန်စွာ ဖတ်နေနိုင်ဆဲဖြစ်သည်။ အသက်အရွယ်တော့ ခြောက်ဆယ်ကျော်မည်ဟု ခန့်မှန်းရပါသည်။

"ဒီပ. . ဒီပ၊ မိတ်ဆွေကြီး ကိုဒီပနော်"

ဦးထွန်းလူက ဦးဒီပအား ခြေဆုံးခေါင်းဆုံး ကြည့်ရင်းတတွတ်တွတ် ရေရွတ်ခဲ့ရာမှ စိတ်ထဲမှာ မယုံကြည်သ





လိုလှမ်းမေးသည်။

သူ့အား မှတ်မိသွားပုံ ရသောကြောင့် ဦးဒီပသည် ဝမ်းပမ်းတသာ ဖြစ်ခဲ့ရာမှ. . .။

"ဟုတ်ပါ့. . ဆရာကြီးဦးထွန်းလူရယ်၊ ကျုပ်. . ဒီပပါပဲ၊ ဆရာကြီးပေးလိုက်တဲ့ အသက်ပဲကျန်တော့တဲ့ ဒီပပါပဲခင်ဗျာ"

အမှန်ပင်။

ဦးဒီပ၏ အသက်မှာ ဦးထွန်းလူကြောင့် ချမ်းသာရာရခဲ့ခြင်းဖြစ်၏။ ရှင်သန်နေခြင်းဖြစ်၏။

တစ်ချိန်တုန်းက ဦးဒီပသည်တောလိုက်မုဆိုးတစ်ဦးဖြစ်ခဲ့သည်။ တောကောင်ပေါများသည့် တောတောင်အနှံ့တွင် ဦးဒီပ၏ ခြေရာသည် ထပ်ခဲ့သည်။ တောလိုက်ကျွမ်းသူတစ်ဦးမို့လည်း တောကောင်အမျိုးမျိုး ရခဲ့သည်။

သို့သော် မြွေအလမ္ပာယ်ဆရာသည် နောက်ဆုံးတွင် မြွေပေါက်ခံရ၍ သေရသည်ဆိုသကဲ့သို့ ဦးဒီပသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တွင် တောလိုက်ရင်း ခြေချော်လက်ချော်ဖြစ်ခဲ့သည်။

ထိုခြေချော်လက်ချော် ဖြစ်လိုက်သောကြောင့်လည်း လက်နက်မဲ့ဖြစ်သွားသည့် သူသည် ကျားစာဖြစ်မည်ကဲ့သို့ ရှိ
သည်။

ထိုအချိန်တွင် ထိုနေရာဆီသို့ တောခေါင်းအဖြစ်နှင့် ရောက်ရှိလာသည့် ဦးထွန်းလူသည် ဦးဒီပအား အချိန်မီပင် ကယ်တင်လိုက်နိုင်ခဲ့သည်။

ဦးဒီပအား အစာအဖြစ် တအားခဲတော့မည့် ကျားဆိုးကြီးကို ဦးထွန်းလူက သူ့မှာပါလာသည့် ပေါက်မားဖြင့်အလွယ်တကူ အနိုင်ယူလိုက်နိုင်ခဲ့သည်။

ဦးထွန်းလူ၏ ပေါက်မားက ကျားဆိုးကြီး၏ လည်မြို ကို ထုတ်ချင်းဖောက်ထွက်သွားခဲ့ပါ၏။ ကျားဆိုးကြီးမှာ နေရာတွင်ပင် ကားကနဲဖြစ်ကာ တစ်ခါတည်း အသက်ပျောက်သွားခဲ့ရတော့သည်။





ဤသည်ပင် သူတို့နှစ်ယောက်၏ တွေ့ဆုံမှုအစပြုခဲ့သလို ဦးထွန်းလူသည်လည်း ဦးဒီပ၏ အသက်သခင်ကျေးဇူးရှင်ဘဝသို့ ကျရောက်ခဲ့ရပါတော့သည်။

နှစ်တို့သည် အတော်ကြာခဲ့ပြီ ဖြစ်သည်။ အဖြစ်တို့သည် ဟောင်းခဲ့ပြီ ဖြစ်သည်။ သူတို့နှစ်ယောက် မတွေ့ကြရတော့သည့်နှစ်တို့မှာလည်း ဆယ်နှစ်ကျော်ကြာမြင့်ခဲ့ချေပြီ။

ယခုမှပင် ဦးထွန်းလူသည် ဦးဒီပအား ကောင်းကောင်းကြီးမှတ်မိသွားဟန်ဖြင့် . . . ။

"ခင်ဗျားက ကိုဒီပကိုး၊ အေးဗျာ. . ခင်ဗျားက တော်တော်ကြီး ပိန်သွားတော့ ရုတ်တရက်ဆိုတော့ မမှတ်မိဘူးဖြစ်သွားတယ်ဗျာ၊ ကဲ. . ကဲ. . ထိုင်ဦးဗျာ"

ဦးထွန်းလူနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဦးဒီပက ဝင်ထိုင်လိုက်၏။ လက်ဆွဲအိတ်ကိုလည်း သူ့ဘေးနားမှာ အသာအယာ ချထားလိုက်ပါ၏။ အပြင်ဘက်တွင် မိုးစွေနေ လင့်ကစား ဦးဒီပ၏ မျက်နှာပြင်ပေါ်မှာတော့ ချွေးသီးချွေး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်များ စို့သီးလျက်ရှိသည်။

ဦးဒီပသည် ချွေးသီးချွေးပေါက်တွေကို လက်ခုံဖြ
အသာ သုတ်လိုက်ပါ၏။

"ဆရာကြီးကို ကျုပ်တွေ့ချင်နေတာ အတော်ကြာ
တွေ့ချင်လွန်းလို့လည်း လိုက်ရှာနေတာ အတော်ကလေးကြ
သွားပြီလေ"

ဦးဒီပက စကားစလိုက်ပါ၏။

ဦးထွန်းလူသည် ဘေးရှိ စားပွဲခုံပေါ်မှ ရေနွေးအိ
နှင့်ကြွေပန်းကန်လုံးကို လှမ်းယူ၏။ ကြွေပန်းကန်လုံးထဲသို့
ရေနွေးငှဲ့ထည့်ပြီးနောက် ဦးဒီပအား လှမ်းပေး၏။

"သောက်လိုက်ပါဦးဗျာ၊ ရေအဆာပြေပေါ့၊ ဒီမှာက
တော့ ကျုပ်တစ်ယောက်တည်းပဲရှိနေတော့ အခြား ဘာစာ
စရာနဲ့မှ ဧည့်မခံနိုင်ဘူး၊ တာဟီရလုပ်ပေးရတဲ့ မိန်းကလေးက
လည်း မနက်လာ၊ ညနေပြန်လေ၊ အင်း. . ကျုပ်ရဲ့ မိန်းမ. .
မရီရီကလည်း ဆုံးသွားတော့ ဒီအိမ်ကြီးတစ်လုံးမှာ ကျုပ်





တစ်ယောက်တည်း ဖြစ်နေတော့တာပေါ့ဗျာ၊ ကဲ. . ဒါကို
အသာထားပါ၊ မိတ်ဆွေကြီးက ကျုပ်ရှိတဲ့နေရာကို ဘယ်လို
ရှာတွေ့ပြီး ရောက်လာတာလဲ"

ဦးဒီပသည် အကြွေပန်းကန်ထဲမှ ရေနွေးကိုသောက်
လိုက်ပါ၏။ ပြီးနောက် ရေနွေးကြွေပန်းကန်ကို ဦးထွန်းလူ
ဘေးရှိ စားပွဲခုံကြီးပေါ်သို့ ပြန်တင်ထားလိုက်ရာမှ. . .။

"တောခေါင်းတွေထဲမှာ ကျုပ်ရဲ့ မိတ်ဆွေရင်းချာ
တစ်ယောက်ရှိနေတာကိုးဗျ၊ သူ့ဆီမှာ စုံစမ်းလိုက်တော့ ဆ
ရာကြီးနေတဲ့ နေရာကို ဒက်ထိသိလိုက်ရတာပေါ့ဗျာ"

"ကိစ္စအထွေအထူးရှိလို့လား. . ကိုဒီပ"

ဦးထွန်းလူ၏ အမေးကို ဦးဒီပက လေးလေးတွဲတွဲ
ကြီးဦးခေါင်းညိတ်ပြ၏။ ချောင်းတစ်ချက် ဟန့်ခဲ့ရာမှလည်း။

"သိပ်ရှိတာပေါ့. . ဆရာကြီးရယ်၊ ရှိလို့လည်း အခု
လို မရမက လိုက်ရှာခဲ့တာပေါ့၊ အမှန်တော့ ကျွန်တော်မ
သေခင် ဆရာကြီးကို ကျေးဇူးဆပ်သွားချင်တာလည်း ပါ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့လေ”

ဦးထွန်းလူက သဘောကျသလို ပြုံးလိုက်၏။

“ခင်ဗျားက ဘာကိစ္စကြောင့်သေမှာတုန်း၊ ခင်ဗျားမ သေနိုင်သေးပါဘူးဗျာ၊ လောကကြီးမှာ နောက်ထပ်နှစ်တွေ အကြာကြီး နေရဦးမှာပါ”

ဦးဒီပသည် ဦးခေါင်းကိုသာ အဆက်မပြတ် ရမ်းခါပြ၏။ သက်ပြင်းတစ်ချက်ကိုလည်း သိသိသာသာကြီး ချလိုက်ခဲ့ရာမှ တဆက်တည်း. . .။

“ဆရာကြီး မသိဘူးနော်၊ အပြင်ဗန်းကသာ ကျွန်တော့်ပုံစံက လူကောင်းပကတိဖြစ်နေပေမယ့် တကယ်တန်းကျတော့ ကျွန်တော့်ကျန်းမာရေးက သိပ်ကောင်းလှတာ မဟုတ်ဘူးဗျ၊ တောထဲတောင်ထဲကရလာတဲ့ ငှက်ဖျားရောဂါရယ်၊ ခဏခဏဖြစ်တတ်တဲ့ မောကြပ်တဲ့ရောဂါတွေကြောင့် ကျွန်တော့်အခြေအနေဟာ နေ့လားညလား အနေအထားမှာ ရှိနေတယ်. . ဆရာကြီးရဲ့”





“အင်း. . ကိုဒီပရဲ့ အကြောင်းကို ကြားရတာလည်း စိတ်မကောင်းစရာကြီးပါပဲလား၊ ဒါပေမယ့် ဒီလောက်မစိုးရိမ်ပါနဲ့လေ၊ ဒီရောဂါမျိုးတွေကလည်း ဆရာသမားကောင်းကောင်းနဲ့ ကုသလိုက်ရင် ပျောက်ကင်းနိုင်တာပဲ၊ဒီလောက်လည်း ကိုယ့်ကိုယ်ကို စိတ်ဓာတ်မချလိုက်စမ်းပါနဲ့. . မိတ်ဆွေကြီးကိုဒီပ”

ဦးထွန်းလူက မည်မျှပင် အားပေးစကားဆိုနေစေကာမူ ကိုယ့်ရောဂါအကြောင်း ကိုယ့်ဖာသာ သိနေသည့် ဦးဒီပကတော့ ဘယ်လိုမှ စိတ်မအေးနိုင်ပါ။ စိတ်သက်သာရာမရနိုင်။

တကယ်တော့ ဦးဒီပသည် စွဲကပ်နေသော ရောဂါဝေဒနာသည် ခံစားခဲ့ရသည့်နှစ်က ကြာမြင့်ခဲ့ပြီမို့ ကုသ၍မရတော့လောက်အောင် ကျွမ်းနေပြီဖြစ်၍ တော်တော်သိနားလည်သော ဆရာဝန်တွေနဲ့ ပြသခဲ့ရာ၌လည်း သူ့အသက်သည် သိပ်ကြာရှည်ရှည် နေရတော့မည် မဟုတ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အားလုံးတ ညီတညွတ်တည်း မှတ်ချက်ချမှတ် အတည်ပြု ခဲ့ကြလေသည်။ ဤမှာပင် ဦးဒီပသည် သူမသေဆုံးမီ အသက်သခင် ကျေးဇူးရှင်ကြီး ဦးထွန်းလူအား ကျေးဇူးဆပ်လိုသောကြောင့် နေရာအနှံ့ ခြေဆန့်၍ မတွေ့တွေ့အောင် လိုက်လံရှာဖွေခဲ့ခြင်းပဲ ဖြစ်ပါ၏။

"ဒါကို အသာထားပါ. . . မိတ်ဆွေကြီးကိုဒီပက ကျုပ်ကို လိုက်ရှာရတဲ့ အကြောင်းရင်းက. . ."

ဦးထွန်းလူက စကားလမ်းကြောင်းလွှဲပြောင်းလိုက်ခဲ့ပါ၏။

"ကျွန်တော့်အသက်ကို ကယ်ဖူးခဲ့တဲ့ ဆရာကြီးရဲ့ ကျေးဇူးတရားကို ကျွန်တော်ဘယ်တော့မှ မမေ့ဘူး၊ ကျွန်တော်မသေခင် ပြန်ဆပ်ဖို့ အမြဲတမ်း စိတ်ကူးရှိခဲ့တယ်၊အကြောင်း တိုက်ဆိုင်လာတော့ ဆရာကြီးရဲ့ ကျေးဇူးကို ပြန်ဆပ်ဖို့ အခွင့်အရေးက ပေါ်လာခဲ့တယ်လေ၊ ဒါကြောင့်လည်း ဆရာကြီးကို မတွေ့တွေ့အောင်ရှာပြီး အရောက်လာ



ခဲ့တာပေါ့"

ဦးထွန်းလူသည် မျက်စိကိုမှေးကာ ဦးဒီပထံမှ ဆက်ပြောကြားလာမည့် စကားကို နားထောင်နေပေသည်။ ဦးဒီပသည် စကားမဆက်သေးပဲ ရေနွေးကြမ်းတစ်ခွက်ကို ငုံသောက်နေသေး၏။

ဦးဒီပအဖို့ ထိုမျှစကားလေးပြောလိုက်ရသည်ကိုပင် အတော်ကလေး မောပန်းနွမ်းနယ်သွားဟန်ရှိ၏။ ဦးဒီပပြောသကဲ့သို့ပင်။ သူ့ကျန်းမာရေးသည် သိပ်ကောင်းတော့ဟန်မရှုပေ။ ခဏမျှ အမောပန်းဖြေပြီးတော့မှ ဦးဒီပက စကားဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com









## အခန်း- ၃

### ထူးထူးဆန်းဆန်းဗြို

"ဆရာကြီး သိတဲ့အတိုင်းပဲ၊ ကျွန်တော်ဟာ တောလိုက်တာတို့၊ စွန့်စားတာတို့ဆိုတာ သိပ်ဝါသနာကြီးတာ၊ အဲသလို ဝါသနာကြီးတဲ့ ကျွန်တော်ဟာ ကျွန်တော့်လိုပဲ စိတ်တူကိုယ်တူရှိတဲ့ ကိုနေမင်းခေါင်ဆိုတဲ့ လူရဲ့ ဆွယ်တရားဟောမှုတွေကြောင့် သူနှင့်အတူလိုက်သွားမိရာက နယ်



www.burmeseclassic.com

www.burmeseclassic.com



စပ်နားမှာရှိတဲ့ ဒက္ခိဏဆိုတဲ့ ထူးထူးဆန်းဆန်းမြို့ ငယ်က လေးတစ်မြို့ ရောက်သွားပါလေရောဗျို့"

"ဘယ်လိုထူးဆန်းတာလဲဗျ"

ဦးထွန်းလူက ကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်ရာမှ စိတ်ဝင်စားရှိလာဟန်ဖြင့် ပြန်မေးသည်။

"အဲဒီ ဒက္ခိဏဆိုတဲ့ မြို့ကလေးက သိပ်ကြီးကြီးမား မားထဲကတော့ မဟုတ်ဘူး၊ သေးသေးငယ်ငယ်ထဲကပဲ၊ လူ နေအိမ်ခြေ တစ်ထောင်နီးပါးလောက်တော့ ရှိမယ်၊ သူတို့ ဟာ ဘာတိုးတက်မှုမှ မရှိကြဘူး၊ ရှေးရိုး အစဉ်အလာအ တိုင်း နေကြတယ်၊ ပြောမယ်ဆိုရင် နည်းနည်းအရိုင်းဆန် ချင်ကြတယ်၊ သူတို့ဟာ အကြောင်းတစ်ခုခု ရှိပြီဆိုရင် နတ် ကို အားကိုးအားထားပြုကြတယ်၊ အဲဒီမှာ စိတ္တရမဟီတော အုပ်ထဲက ကျောက်ဂူကြီးတစ်ခုထဲမှာဆိုရင် သူတို့ကိုးကွယ် တဲ့ နတ်မင်းရုပ်တုကြီးကို ကြီးကြီးမားမား ထုလုပ်ထားတယ် ကိုယ်လုံးကို ရွှေသားစစ်စစ်နဲ့ မွမ်းမံထားပြီး နဖူးပေါ်မှာ



လည်း ပြည်တန်ပတ္တမြားကြီးတစ်လုံးကို စီခြယ်ထားတယ်၊ မိုးခြိမ်းပြီ၊ မိုးကြိုးပစ်ပြီ၊ လေပြင်းတိုက်ပြီဆိုရင် သူတို့ထဲက တစ်ယောက်ယောက် အမှားအယွင်းလုပ်မိလို့ သူတို့ရဲ့ အ ရှင်သခင်နတ်မင်း ဒေါသထွက်တာပဲဆိုပြီး အဲဒီ ကျောက်ဂူ ကြီးထဲကို စုရုံးရောက်ရှိလာကြပြီး သူတို့မှာရှိတဲ့ ရွှေငွေ ကျောက်သံပတ္တမြားတွေနဲ့ ပူဇော်ပသပြီး တောင်းပန်တတ် ကြတယ်၊ အခြေအနေတွေ အားလုံး ပုံမှန်ဖြစ်သွားပြီဆိုရင် တော့ သူတို့စိတ်ထဲမှာ ထင်လိုက်တာက သူတို့ ကိုးကွယ် ပူဇော်တဲ့ အရှင်သခင်နတ်မင်းက သူတို့အပေါ်မှာ အမျက် ပြေသွားပြီပေါ့"

ဦးဒီပစကားကို ခေတ္တရပ်နား၏။

ဦးထွန်းလူသည် ဦးဒီပပြောသမျှစကားကို စိတ်ရှည် လက်ရှည်ထား၍ နားထောင်နေပါ၏။

ထိုသို့နားထောင်ရင်း တစ်စုံတစ်ခုကို စဉ်းစားဝေဖန် ပိုင်းဖြတ်နေဟန်ဖြင့်လည်း မျက်လုံးအစုံကို မှေးစင်းထား၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို အယူသည်းတဲ့လူတွေလို့ ပြောရမလား၊ ဒါမှမဟုတ် သူတို့လုပ်တာကပဲ မှန်တယ်လို့ပြောရမလားမသိ တတ်ပေမယ့် သူ့ဟာနှင့်သူကတော့ အားလုံး အဆင်ပြေနေတာပဲ၊ အဲဒီနေရာကို ကိုနေမင်းခေါင်က လမ်းပြလုပ်ခဲ့လို့ ကျွန်တော်တို့ နှစ်ယောက် ရောက်သွားတာ၊ ကိုနေမင်းခေါင်ကတော့ အကြံနဲ့ပေါ့လေ၊ သူ့ငွေးဖြစ် ခွေးဖြစ်အကြံနဲ့ ဆိုပါတော့၊ ကျောက်ဂူကြီးထဲမှာရှိတဲ့ ရတနာပစ္စည်းတွေကို ရသလောက်သယ်မယ်ဆိုတဲ့ အကြံနဲ့ပေါ့"

"သူလိုချင်တဲ့ ရတနာတွေကို ရကောရသွားရဲ့လား"

ဦးထွန်းလူက စကားဝင်ထောက်သည်။

ဦးဒီပ၏ မျက်နှာပြင်တွင် အပြုံးရိပ်လေးတစ်ရိပ်မသိမသာ ကွန့်မြူးလာ၏။ ဦးခေါင်းကိုလည်း ရမ်းခါပြလျက်၊

"ဘယ်ရလိမ့်မလဲဗျာ၊ အဲသလောက် တန်ဖိုးထားတဲ့ အရှင်သခင်ကို ပူဇော်ပသထားတဲ့ ရတနာပစ္စည်းတွေကို တခြားလူလက်ထဲ ဘယ်အပါခံလိမ့်မတုန်း၊ ကိုနေမင်းခေါင်ဟာ





ကျောက်ဂူကြီးအထဲတော့ ဝင်နိုင်ခဲ့တယ်၊ ဒါပေမယ့် ပြန်တော့ ထွက်မလာနိုင်တော့ဘူးဗျာ၊ ကျွန်တော်တောင် ကံကောင်းလို့၊ သူ့နောက်ကို မလိုက်ပဲ ကျန်ခဲ့လို့ပေါ့၊ ဆိုပါတော့ဗျာ နောက်ဆုံး စိတ်ကောင်းရှိတဲ့ အဲဒီလမ်းကဲ လမ်းပြတစ်ယောက်ရဲ့ အကူအညီနဲ့ ကျွန်တော်လည်း ဒီကိုပြန်ရောက်လာတာပဲ"

ဦးဒီပသည် စကားအဆုံးတွင် စိတ်မောလူမောဖြစ်သွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချသည်။ သူသည် ထိုစဉ်က အဖြစ်သနစ်တွေကို ပြန်ပြောင်းသတိရနေပုံလည်းရ၏။

မျက်နှာပြင်ပေါ်တွင် ညှိုးရိပ်များသန်းနေ၏။

"လမ်းခရီးအခြေအနေက ဘယ်လိုလဲ"

ဦးထွန်းလူက မေးလိုက်သည်။ ဦးဒီပကလည်းခေါင်းညိတ်ပြလျက်. . ။

"ဆိုးတယ်၊ အဲဒီကိုရောက်ဖို့ အခက်အခဲတွေ အများကြီးတွေ့ရတယ်၊ အထူးသဖြင့် တောကောင်တွေရဲ့ ရန်



www.burmeseclassic.com

www.burmeseclassic.com



ကို အများဆုံးရှောင်ရတယ်၊ မြွေတွေဆိုတာကတော့ ပေါမှ ပေါပဲ၊ အဲဒီကြားထဲ ငှက်ဖျားခြင်ရိုင်းကြီးဆိုတာလည်း မြင်ရုံနဲ့ ရင်ဆို့စရာကောင်းတယ်"

"အဲဒီမှာ ရှိနေကြတဲ့ လူတွေကျတော့ ခင်ဗျားပြောတဲ့ အကောင်ဗလောင်တွေနဲ့ မတွေ့ရဘူးလား"

ဦးထွန်းလှူက စကားဝင်ထောက်၏။

သူမေးမည်ဆိုလည်း မေးလောက်သည်ပင်။ ထိုတောကောင်သတ္တဝါတွေနဲ့ရှင်း၊ ငှက်ဖျားခြင်ရိုင်းကြီးများနှင့်လည်းကောင်း၊ ထိုသူတို့ ရင်ဆိုင်မကြုံတွေ့ရတော့ဘူးတဲ့လား။

"အေးဗျာ၊ အဲဒီအချက်ကတော့ တော်တော်ကလေး အံ့သြဖို့ကောင်းတယ်ဗျ၊ ခင်ဗျားမေးသလို ကျွန်တော်. . ကိုနေမင်းခေါင်ကိုလည်း မေးဖူးတယ်၊ သူက ဘယ်လိုပြန်ပြောသလဲဆိုတော့ အနေကြာသွားလို့ အဲဒီမှာရှိတဲ့ လူခဲတွေနဲ့ ရင်းနှီးသွားလို့ဖြစ်မှာပေါ့တဲ့၊ ကဲ. . . မှတ်ကရော"





ဦးဒီပ၏ အဖြေစကားကြောင့် ဦးထွန်းလှူသည် အသံထွက်သည်အထိ သဘောကျသလို ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပေသည်။ ဦးဒီပ ဖြေကြားသွားပုံကလည်း သဘာဝယုတ္တိရှိနေသည်ပဲ မဟုတ်လား။ ဦးထွန်းလှူသည် အရယ်ရပ်လိုက်ရာမှ ခေါင်းတစ်ချက်ဟန့်လျက်. . . ။

"အင်း. . ခင်ဗျားပြောသွားတာတွေကတော့ တော်တော်ကလေး စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ အခုအဖြစ်အပျက်တွေကို လာပြောပြနေတဲ့ လူဟာ မိတ်ဆွေကြီး ဦးဒီပမဟုတ်ပဲ တခြားတစ်ယောက်သာ ဆိုရင်တော့ ယုံတမ်းစကားအဖြစ် မှတ်ယူပြီး ဦးနှောက်ထဲကနေ တစ်ခါတည်း ဆွဲထုတ်ထားလိုက်မှာပဲ၊ အဲဒီတော့ မိတ်ဆွေကြီး ကျုပ်ကိုလိုက်ရှာနေတာ ဒီအကြောင်းတွေ ပြောဖို့ သက်သက်ပဲလား"

ဦးဒီပက ဦးခေါင်းကို လေးလေးတွဲတွဲကြီး ညိတ်ပြခဲ့ရာမှ. . . ။

"ဒီအကြောင်းပြောဖို့ လိုက်ရှာတယ် ဆိုရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ နောက်တစ်ကြောင်းက ကျွန်တော်စောစောက ပြောခဲ့သလို ဆရာကြီးကို ကျွန်တော်မသေခင် ကျေးဇူးဆပ်သွားချင်တာလည်း ပါတယ်"

ဦးဒီပသည် စကားကို ခေတ္တနားကာ အသက်ကို ပြင်းစွာရှူ၏။ သူကြုံတွေ့ခဲ့ရသမျှ အဖြစ်အပျက်တွေကို ယခုတိုင် မြင်ဖြစ်ပုံရသည်။

သူ. . . ဖြတ်သန်းခဲ့ရသော တောနက်ကြီးထဲမှ တောကောင်များ၊ မြွေဆိုးများ၊ ပြီးတော့ ထိုတောနက်ကြီးထဲတွင်ရှိသောကျောက်ဂူကြီးအတွင်းမှ နတ်မင်းအရှင်သခင်၏ ရုပ်ထုတော်ကြီး.စသည်များက ယခုတိုင် သူ့အား ခြောက်လှန့်နေဆဲဖြစ်ပုံရ၏။

အတော်လေးကြာတော့မှ. . .။

ဦးဒီပသည် ချောင်းတစ်ချက်ဟန့်ပြီး သူ့စကားကို ဆက်၏။

"ဆရာကြီးဆီမှာ စွန့်စားတာ ဝါသနာပါတဲ့ တူတော်





မောင်တစ်ယောက်ရှိနေတာကို သိထားတော့ ကျွန်တော်လည်း ဆရာကြီးကို မတွေ့တွေ့အောင် လိုက်ရှာရတော့တာပေါ့ဗျာ"

သူ့စကားက ဘာမျှပဲ။ စောစောက ပြောခဲ့သောစကားများနှင့်ဘယ်လိုမှ ဆက်စပ်မှုမရှိသလိုပင်။

ဦးထွန်းလူသည် မျက်မှောင်ကြုပ်လိုက်ရာမှ ဘာဆက်တည်း. . .။

"ဟုတ်တယ်၊ တစ်ချိန်တုန်းက ခင်ဗျားကို ကျုပ်ပြောသွားပဲ၊ စွန့်စားတာဆို အရမ်းဝါသနာကြီးတဲ့ တူတော်မောင်တစ်ယောက် ကျုပ်မှာရှိနေတယ်ဆိုတာကို ငယ်ငယ်တုန်းက ကျုပ်လည်း စွန့်စားတာ ဝါသနာပါတာပဲ၊ အခုတော့ ကျုပ်က အသက်ကြီးသွားပြီလေ၊ စွန့်စားဖို့မပြောနဲ့၊ ဟိုနားဒီနား ခဏလောက်ပြေးပြေးလွှားလွှားလုပ်ရင်တောင် ဟိုနေရာက နာချင်သလိုလို၊ ဒီနေရာက နာချင်သလိုလို ဟူအလိုလို ခံစားလာရတယ်ဗျ၊ အသက်အရွယ်ကြီးလာပြန်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရိုးတွင်းချဉ်ဆီတွေက သိပ်မကောင်းချင်တော့ဘူးလေ အဲဒါကို အသာထားဦး၊ ကျုပ်မှာ . . . တူတော်မောင်တ ယောက်ရှိတာနဲ့ ခင်ဗျား . . ကျုပ်ကို ဘာဖြစ်လို့ လိုက်ရှ ရတယ်ဆိုတဲ့ ဆက်စပ်မှုအကြောင်းရင်းကို . . . ”

ဦးထွန်းလူက ပြတ်တောက်သွားသည့် စကားဆိ ပြန်လည်ဆွဲယူ ဆက်စပ်မေးလိုက်သည်။

သည်တော့လည်း ဦးဒီပသည် လေအေးကလေးဖြ ပင် သူ့စကားကို ဆက်ခဲ့ပါသည်။

“ကျွန်တော့်ကို ကိုနေမင်းခေါင်ရောက်ခဲ့တဲ့ အဲဒီနေ ရာကို နောက်တစ်ခေါက် ပြန်သွားနိုင်ဖို့ အခွင့်အရေး ကျွ တော်မှ မရှိတော့ဘူးလေ၊ ဒီတော့ သွားနိုင်မယ့်လူကို စ စားကြည့်လိုက်တော့ ဆရာကြီးတို့ တူဝရီးကိုပဲ ပြေးပြီးမြ မိလိုက်တော့တယ်၊ အဲဒီမှာ ကျေးဇူးလည်းဆပ်ရာရော အောင် ဆရာကြီးကို မတွေ့တွေ့အောင် လိုက်ရှာရတော တာပေါ့ဗျာ”





စကားအဆုံးတွင် ဦးဒီပသည် ဘေးတွင် ချထား သောသူနှင့်အတူ ပါလာသည့် လက်ဆွဲအိတ်ကြီးကိုယူကာ ဇစ်ဆွဲ၍ လေးထောင့်ကျကျ ခေါက်၍ သိမ်းထားသော စာ ရွက်အခေါက်ကလေးတစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

ထိုနောက် ထိုစာရွက်ခေါက်ကိုဖြန့်၍ စားပွဲခုံပေါ် ချ ပြလိုက်ပါ၏။ လက်ရေးမညီမညာဖြင့် ရေးဆွဲထားသော ခရီး သွားမြေပုံငယ်တစ်ခုဖြစ်နေသည်ကို တွေ့ရသည်။

“အဲဒါ ကျွန်တော်ကိုယ်တိုင် ရေးဆွဲထားတဲ့ မြေပုံပဲ ဆိုပါတော့၊ ဒီမြေပုံအညွှန်းအတိုင်း သွားနိုင်မယ်ဆိုရင်တော့ ကျွန်တော်နှင့်ကိုနေမင်းခေါင် ရောက်ခဲ့တဲ့နေရာကို သေချာ ပေါက်ရောက်မှာပဲ၊ အဲဒီတော့ ဆရာကြီးဦးထွန်းလူကို ဘာ ကြောင့် ကျွန်တော်အသည်းအသန် လိုက်ရှာနေရတယ်ဆို တာ သဘောပေါက်လောက်ရောပေါ့ဗျာ”

သဘောပေါက်မိရပါ၏။

ဦးဒီပသည် သူမသွားနိုင်တော့သည့် ခရီးစဉ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို သူတို့အား သွားရောက်စေလိုပုံရ၏။

ဦးထွန်းလူသည် ဦးဒီပရေးဆွဲထားသော ခရီးသွားမြေပုံငယ်ကို အနိုက်အတန့်မျှ ကြည့်ပြီးနောက် ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ရာမှ . . .။

"ကျုပ်ရဲ့ တူတော်မောင်က ဒီလို ကိစ္စမျိုးဆိုရင် အတော့်ကို စိတ်ဝင်စားတာ၊ အဲ. . . လူကလည်း လူငယ်၊ လူဟာလည်း လူပျိုလူလွတ်၊ အင်း. . ရည်းစားသနာတော့ ရှိတာပေါ့လေ၊ သူနှင့်ကျောင်းနေဖက် မိန်းကလေးပါ၊ နှစ်ယောက်စလုံး ဘွဲ့ရပြီးသွားကြပြီ၊ ဒါပေမယ့် သူတို့ကိုယ်သူတို့ သိပ်မပြည့်စုံသေးဘူးလို့ထင်ပြီး လက်မထပ်ဖြစ်ကြသေးဘူး၊ မိန်းကလေးကတော့ ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်နေပြီး ကျုပ်ရဲ့တူကတော့ သူ့မိဘမသေခင် ထားသွားတဲ့ အမွေပစ္စည်းတွေနဲ့ အငြိမ့်သားဖြစ်နေတယ်ဆိုပါတော့၊ ဒါပေမယ့် သူကတော့ ဒီအတိုင်းမနေပါဘူး၊ သမိုင်းအဓိကနဲ့ ဘွဲ့ရခဲ့တာဆိုတော့ သမိုင်းစာတမ်းတစ်ခုကို ပြုစုနေတယ် ဆိုပါ





တော့ဗျာ၊ မိတ်ဆွေကြီးပြောသွားတဲ့ နေရာသာ တကယ်ရှိမယ်ဆိုရင်တော့ ကျုပ်ရဲ့တူတော်မောင်ကတော့ အရမ်းကို စိတ်ဝင်စားပြီး သဘောကျမှာ သေချာတယ်၊ ပြီးတော့ အဲဒီနေရာကိုလည်း မရောက်ရောက်အောင် သွားမှာ သေချာတယ်ဗျ"

ဦးထွန်းလူသည် သူ့တူတော်မောင်နှင့်စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံပင် ပြောသွား၏။

မည်သို့ပင်ဖြစ်စေ ဦးဒီပသည် စိတ်ကျေနပ်သွားဟန်ရှိ၏။ သူ့ကြိုးစားဖန်တီးမှုသည် အချည်းနှီး မဖြစ်တော့ပြီကို သိလိုက်သောကြောင့်လည်း စိတ်အေးသွားဟန်တူ၏။

ဦးဒီပ၏ မျက်နှာပြင်တွင် အပြုံးရိပ်ကလေး သိသိသာသာပေါ်လာ၏။ နဖူးပြင်တွင် စို့သီးနေသော ချွေးသီးချွေးပေါက်တွေကို လက်ခုံဖြင့် အသာသပ်လိုက်ရာမှလည်း။

"အေးဗျာ. . ဆရာကြီးဆီက အခုလို ကြားလိုက်ရလို့ ကျွန်တော် စိတ်အေးသွားတယ်၊ ဝမ်းလည်းသာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြိုးစားပမ်းစားနဲ့ ယူလာတဲ့ မြေပုံလေးကို ဆရာကြီးလက်မှခံပါ့မလားလို့ တစ်လမ်းလုံး တွေးပူလာခဲ့တာ၊ အခုမှပဲ စိတ်အေးလက်အေး ရှိရတော့တယ်၊ ကောင်းပါလေ့ဗျာ၊ ကျွန်တော်တို့ရဲ့ ကြိုးစားမှုဟာ အလဟဿ မဖြစ်တော့ဘူးပေါ့၊ တစ်ခုပဲ ရှိတယ်၊ ဒီခရီးစဉ်ကို ကျွန်တော်ကိုယ်တိုင် ပြန်မလိုက်နိုင်တော့တာကိုတော့ တကယ်ပဲဝမ်းနည်းမိပါရဲ့ဗျာ"

"ဒီလိုလည်း မဟုတ်သေးဘူးလေဗျာ၊ ခင်ဗျားမှမသွားနိုင်တော့တဲ့ အခြေအနေကို ရောက်နေတဲ့ဥစ္စာပဲ၊ အခုအချိန်မှာ မိတ်ဆွေကြီးအနေနဲ့ ကိုယ့်ကျန်းမာရေးတစ်ခုပဲ အာရုံထားပြီး ဂရုစိုက်ဖို့လိုတယ်၊ တခြားကိစ္စတွေ တွေးနေမယ့်အခြေအနေ မရှိတော့ဘူး၊ တစ်ခုတော့ရှိတယ်၊ ကျုပ်တို့က မိတ်ဆွေကြီးရဲ့ စိတ်ဆန္ဒကို ဖြည့်စွမ်းပေးတဲ့အနေနဲ့ အဲဒီကို မရောက်ရောက်အောင် သွားမှာပါ၊ မိတ်ဆွေကြီးအတွက် အကျိုးထူးတစ်ခုခုရှိအောင်တော့ ဖန်တီးယူခဲ့ကြ





မှာပါ၊ အဲဒီ အတွက်ကတော့ စိတ်ထဲမှာ ဘာမှသောကရောက်မနေပါနဲ့"

ဦးထွန်းလူသည် စိတ်သက်သာရာရစေကြောင်း ဦးဒီပအား ဖြောင့်ဖျစကား ဆိုလေသည်။ သူ့စွမ်းဆောင်ချက်ကြောင့် အကျိုးထူးတစ်ခုခုရရှိအောင်လည်း ဖန်တီးပေးပါမည်ဟု ကတိစကားဆိုသည်။

သို့သော် ဦးဒီပသည် ပြုံးပြုံးကြီးပင် ဦးခေါင်းကိုတွင်တွင်သာ ခါရမ်းပြလျက်. . .။

"အခုအချိန်မှာ ကျွန်တော့်အတွက်က ဘာမှမမျှော်ကိုးတော့ပါဘူး. . . ဆရာကြီးရယ်၊ ဆရာကြီးကို ဒီလိုနည်းနဲ့ကျေးဇူးဆပ်ခွင့်ရလိုက်တာကိုပဲ ကျွန်တော်စိတ်ကျေနပ်လှပါပြီဗျာ၊ ပြီးတော့ ဝမ်းလည်းသိပ်သာမိတာ အမှန်ပဲ၊ ဆရာကြီးအခုလို လက်ခံလိုက်တာကိုပဲ ကျွန်တော့်စိတ်ထဲမှာ အတိုင်းသိ ပီတိဖြစ်ရပါတယ်. . ဆရာကြီးရယ်"

ဦးဒီပသည် ထိုစကားများကို စိတ်ထဲကနေ တကယ့်



www.burmeseclassic.com

www.burmeseclassic.com

ကို လှိုက်လှိုက်လှဲလှဲ ပြောခဲ့ခြင်းဖြစ်သည်။ ထိုစကားများ ထိုစဉ်က သူမျက်ဝန်းအိမ်ထဲတွင် မျက်ရည်ကြည်များ ဖြ ရွှမ်းနေခဲ့သည်။

"ဒီလောက်တောင် ဒုက္ခသုခများတဲ့ ခရီးတစ်ခု ထွက်ခဲ့ပြီးမှ ရခဲ့တဲ့ ဒီမြေပုံကို ကျုပ်အနေနဲ့ လက်မခံလို့ ဖြစ်မလဲဗျာ၊ မိတ်ဆွေကြီးရဲ့ စေတနာကို စော်ကားသလို သွားမှာပေါ့၊ ကဲ . . ဒါကို အသာထားပါ၊ မိတ်ဆွေကြီး ဒီမှ တစ်ခါတည်း အိပ်လိုက်ပါတော့လားဗျာ၊ ဖြစ်နိုင်ရင် တစ် ကိုးသီတင်းလောက် ကျုပ်နှင့်အတူတူ အဖော်လုပ်မယ်ဆို ပိုပြီး သင့်လျော်လိမ့်မယ်ထင်တယ်"

ဦးထွန်းလူ၏ ဖိတ်ခေါ်မှုကို ဦးဒီပက ဦးခေါင်း ခါပြခဲ့သလို နှုတ်မှလည်း . . .။

"မဖြစ်သေးဘူး . . . ဆရာကြီး၊ ကိစ္စဝိစ္စပြီးတာနဲ့ ဘွင်းချင်း ပြန်လာခဲ့မယ်လို့ ကျုပ်ရဲ့ အဖော်ကို ကတိ ထားခဲ့လို့ပါ၊ ဒီညမှ . . ကျွန်တော်ပြန်မသွားလို့ရှိရင်





တော်တစ်ခုခုဖြစ်သွားပြီလို့ ကျွန်တော့်အဖော်က ထင်သွားမှာသေချာပါတယ်၊ ဆရာကြီးဖိတ်ခေါ်တာကိုတော့ ကျေးဇူးအထူးတင်ပါတယ်၊ ဒါပေမယ့် လက်မခံနိုင်တာကိုတော့ ခွင့်လွှတ်ပါ"

တောင်းတောင်းပန်ပန်လေး ငြင်းနေသော ဦးဒီပကို ကြည့်၍ နားလည်သဘောပေါက်ဟန်ဖြင့် ဦးထွန်းလူသည် ဦးခေါင်းကို ညိတ်ပြလေသည်။

"အပြင်ဘက်မှာ မိုးကသည်းနေတော့ မိတ်ဆွေကြီးအတွက် သွားရလာရတာ အခက်အခဲတွေမှာစိုးလို့ စေတနာနဲ့ ဖိတ်မိတာပါ၊ မိတ်ဆွေကြီးဘက်က မနေနိုင်ဘူးဆိုတော့ ဘယ်တတ်နိုင်မလဲ၊ အခုလို တကူးတကန့် ရောက်လာတဲ့ မိတ်ဆွေကြီးကို ဘာအစားအစာနဲ့မှ ဧည့်မခံနိုင်တဲ့အတွက်လည်း စိတ်မကောင်းပါဘူး . . မိတ်ဆွေကြီးဦးဒီပ"

တကယ့်ကို စိတ်မကောင်းဖြစ်သည့်ဟန်ဖြင့် ဦးထွန်းလူက ပြောလိုက်ရာ ဦးဒီပက လက်ကာပြလျက် . . .။



www.burmeseclassic.com

www.burmeseclassic.com

"ကိစ္စမရှိပါဘူး. . ဆရာကြီးရယ်၊ ဆရာကြီးနှင့်အခုလို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ပြီး ကျေးဇူးဆပ်ခွင့်ရတာကိုပဲ စိတ်ကျေနပ်လှပါပြီ၊ ပြီးတော့ ဒီကို မလာခင်လမ်းမှာ ကျွန်တော်ချစ်တီးတစ်ဆိုင်ထဲဝင်ပြီး ဝမ်းဗိုက်ဖြည့်တင်းခဲ့ပြီးပါပြီ"

"အင်းပေါ့လေ. . . ဒီလိုဆိုရင် မိတ်ဆွေကြီးနဲ့ ကျုပ် နောက်တစ်ကြိမ် ပြန်ဆုံခွင့်ရပါစေလို့ပဲ ဆုတောင်းပေးလိုက်ပါတယ်. . မိတ်ဆွေကြီးဦးဒီပရယ်"

"ကျွန်တော်လည်း မျှော်လင့်ထားပါတယ်၊ ကဲ. . ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး"

ပြောပြောဆိုဆို ဦးဒီပသည် ထိုင်ရာမှထကာ မိုးကာအင်္ကျီနှင့်မိုးကာဦးထုပ်ကို ပြန်လည်ဆောင်းလိုက်လေသည်။ လက်ဆွဲအိတ်ကို ကောက်ကိုင်လိုက်ရာမှ ဦးထွန်းလူအား ကျောခိုင်းလိုက်သည်။

"ဟိတ်. . အောင်သူဝင်းရေ၊ မိတ်ဆွေကြီးကို တံခါးဝအထိ လိုက်ပို့ပေးလိုက်ပါကွာ"





ဦးထွန်းလူက အခန်းအပြင်ဘက်တွင် စောင့်နေဟန်ရှိသော အစောင့်ဖြစ်သူအား လှမ်းအော်ပြောလိုက်လေသည်။

"ဟုတ်ကဲ့ပါ. . ဆရာကြီး၊ ကျွန်တော်လိုက်ပို့လိုက်ပါ့မယ်"

အစောင့်ဖြစ်သူ အောင်သူဝင်းက ဦးထွန်းလူအား ပြန်ပြောလိုက်လေသည်။ ဦးဒီပ၏ လက်ဆွဲအိတ်ကို အောင်သူဝင်းက လှမ်းဆွဲယူလိုက်လေသည်။

ဦးဒီပသည် ရှေ့ကနေ တလှုပ်လှုပ်ဖြင့် လျှောက်လှမ်းလေရာ အောင်သူဝင်းလည်း နောက်တော်ပါးကနေ ခြေလှမ်းမှန်နှဲ့ လိုက်လာခဲ့လေသည်။

အပြင်လောကတွင် မိုးမင်းသည် အငြိုးပြင်းစွာဖြင့် အဆက်မပြတ် ရွာသွန်းနေဆဲဖြစ်သည်။ စောစောကထက်ပင် ပိုပြီး သည်းနေသည်ဟု မှတ်ထင်ရလေသည်။ မီးရောင်အောက်မှာ ငွေမြားတံတွေ အဆက်မပြတ် ပစ်လွှတ်နေသ



www.burmeseclassic.com

www.burmeseclassic.com

လို မှတ်ထင်ရပေသည်။ လျှပ်ရောင်ကလည်း တချက်ချက် ဝင်းကနဲ၊ ဝင်းကနဲ လင်းလိုက်သေး၏။ လေကလည်း တစ်စ တစ်စဖြင့် ပြင်းလာ၏။

ဦးဒီပသည် မိုးကာအကျီ ကော်လာစကို ဆွဲစေ့က မိုးရေထဲသို့ ထွက်လိုက်ရာမှ ထွက်ပေါက်ရှိရာဆီသို့ လူသွား လမ်းကြောင်းအတိုင်း ဖြည်းဖြည်းချင်း လျှောက်လှမ်းလာ ခဲ့သည်။

သူတွေ့လိုသည့် လူကို တွေ့ပြီး ပေးဆပ်လိုသည့် ကျေးဇူးကိုလည်း ပေးဆပ်ပြီးပြီမို့ ဦးဒီပ၏ စိတ်ထဲမှာ ပေါ့ ပါးသွားသကဲ့သို့ ခံစားရသည်။

ဦးဒီပ စိတ်ပေါ့ပေါ့ပါးပါးဖြင့် လျှောက်လှမ်းနေဆဲ မှာပင် သူ့မျက်စိရှေ့မှောက်ဆီသို့ တစ်စုံတစ်ရာသော အ ရာဝတ္ထုတစ်ခုသည် သစ်ပင်ထက်ကနေ ဘုတ်ကနဲ ပြုတ်ကျ လာ၏။

ဦးဒီပ၏ ခြေလှမ်း တုန့်ကနဲဖြစ်သွား၏။ ရင်ထဲမှ





လည်း ဒိတ်ကနဲဖြစ်သွား၏။

ထိုစဉ်မှာပင် မိုးခြိမ်းသံကြီးတစ်ချက် ဖြစ်ထွန်းလာ၏။

လျှပ်ရောင်တန်းကြီးတစ်ခုက ဝင်းကနဲလင်းလက်လိုက်၏။

ဤမှာပင် ဦးဒီပ၏ မျက်စိမြင်ကွင်းထဲတွင် သစ်ပင် ပေါ်မှ ဘုတ်ကနဲပြုတ်ကျလာသော အရာဝတ္ထုကြီးကို ပြက် ပြက်ထင်ထင် မြင်တွေ့လိုက်ရလေတော့သည်။

ပါးပျဉ်းထောင်နေသော မြွေဟောက်ကြီးတစ် ကောင်ပါတည်း။

ဘေးတစ်ဘက် တစ်ချက်မှ အစွယ်ကြီးတွေ ငေါ ထွက်နေ၏။ လျှာမှာ ဝင်ချည်ထွက်ချည်ဖြစ်နေ၏။ သူ့အား အခဲမကျေသလို စိမ်းစိမ်းစူးစူးကြည့်နေသော မြွေဟောက် မျက်လုံးကြီး၏ မျက်လုံးအကြည့်က စူးရဲလှ၏။ ဦးဒီပသည် အသည်းတုန်ရင်ပန်း ဖြစ်သွား၏။ ကယောင်ကတမ်းဖြင့် နှုတ်မှလည်း ဗလုံးဗထွေး။


www.burmeseclassic.com

www.burmeseclassic.com



"မယူဘူး၊ ကျုပ်. . ဘာမှမယူခဲ့ဘူး၊ သူတို့ ဆီက ကျုပ်ဘာမှမယူခဲ့ဘူး၊ တကယ်ပြောတာပါ၊ ကျုပ်ကို မသတ် ပါနဲ့၊ကျုပ်. . ကျုပ်အရှင် နတ်မင်းဆီက ဘာမှမယူလာခဲ့ အ. . . အ. . အား. . . "

ဦးဒီပသည် စကားကိုပင် အဆုံးသတ်သည်အထိ ပြောမသွားနိုင်ရှာပေ။ အသက်ရှူကြပ်သလို လက်နှစ်ဖက် ဖြင့် လည်ပင်းကို စုံကိုင်ရင်း ကိုယ်ခန္ဓာမှာ ပြိုလဲကျဆင်း သွား၏။

နောက်တော်ပါးကနေ လိုက်ပါလာသည့် အောင်သူ ဝင်းသည် လက်ငင်းပစ္စက္ခမှာ ဖြစ်ပေါ်လာသော အခြေ နေကို ကြည့်၍ အံ့အားအသင့်ကြီးသင့်လျက် ကြောင်ေ ေးကြီးဖြစ်သွား၏။

လျှပ်ရောင်တစ်ချက် ဝင်းကနဲ ပြက်လိုက်ပြန်၏၊ ပတ်ဝန်းကျင်တစ်ခုလုံး လင်းကနဲဖြစ်သွား၏။ သည်တော လည်း ရှေ့မလှမ်းမကမ်းဆီမှာ သူတို့ဘက်သို့ ကြည့်၍ ပါ





ဖျဉ်းထောင်နေသော မြွေဟောက်ကြီးတစ်ကောင်ကို အောင် သူဝင်းတွေ့မြင်လိုက်ရတော့၏။

အောင်သူဝင်းသည် မတ်တတ်ရပ်လျက်သားဖြင့် မေ့မျောလုမတတ် ထိတ်လန့်ခြင်းဒဏ်ကို ခံစားလိုက်ရလေ သည်။ တသက်နှင့်တစ်ကိုယ် မကြုံစဖူးအောင် ကြောက်လန့် ခြင်းဝေဒနာကို ခံစားလိုက်ရသည်။

သည်စဉ်. . . မြေပြင်ပေါ်မှာ လဲကျနေသော ဦးဒီပ ထံမှ ဗလုံးဗထွေးဖြင့် တတွတ်တွတ် ရေရွတ်နေသော စကား သံတွေကို ကြားလိုက်ရသည်။

"ခွင့်လွှတ်ပါ. . အရှင်နတ်မင်း၊ အရှင်နတ်မင်းဆီက ကျွန်တော်မျိုး ဘာမှမယူခဲ့တာ အမှန်ပါ၊ အပြစ်ရှိရင် ခွင့် လွှတ်ပေးပါ၊ အရှင်နတ်မင်း ငြိုငြင်မယ့်ကိစ္စမျိုး ကျွန်တော် ဘာမှမလုပ်ခဲ့တာ အမှန်ပါ၊ ခွင့်လွှတ်. . . "

ဦးဒီပ၏ တောင်းပန်သံသည် တစ်ဖျတ်ဖျတ်ခုန်ရပ် တန့်သွား၏။ အောင်သူဝင်း ကြောင်ေးေးကြီး ဖြစ်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သတိဝင်လာပြီး ဦးဒီပအနားသို့ တိုးကပ်ကာ အခြေအနေကိုကြည့်၏။

ဦးဒီပသည် လုံးဝ ငြိမ်သက်နေပါလေပြီ။ ဦးဒီပထံမှ အသက်ရှူသံမကြားရလေတော့။ ရင်ဘတ်ကို စမ်းသပ်ကြည့်လိုက်တော့လည်း မည်သည့်လှုပ်ရှားမှုကိုမှ မတွေ့ထိရပေ။

သေချာသည်။

ဦးဒီပ အသက်မရှိတော့ပြီတည်း။

မထင်မှတ်ပဲ မြွေဟောက်ကြီးကို ရုတ်တရက် မြင်တွေ့လိုက်ရသောကြောင့် ကြောက်လန့်ဖောကြောင့် ငယ်ထိပ်သွေးတက်၍ ဦးဒီပတစ်ယောက်အသက်ပျောက်သွားခြင်းသာဖြစ်သည်။

အောင်သူဝင်း နောက်ကြောင်းပြန်ပြေးခဲ့သည်။ သူ့ဆရာကြီးဦးထွန်းလူထံ တိုက်ရိုက်သွားရောက်ကာ ဦးဒီပဖြစ်ပျက်ပုံ အခြေအနေကို အလျှင်အမြန်တင်ပြ၏။

"မင်းဟာ ဟုတ်မှဟုတ်ရဲ့လားကွာ၊ ငါဒီမှာ နေလာ





တာပဲ အတော့်ကို ကြာနေပြီ၊ တစ်ခါမှ ငါ့ခြံထဲကို မြွေဝင်တာ မတွေ့မိပါဘူး"

အောင်သူဝင်း ဇာတ်ကြောင်းပြန် စကားအဆုံးတွင် ဦးထွန်းလူက မယုံနိုင်သလို ပြန်မေးသည်။ ဟုတ်တော့လည်း ဟုတ်သည်။

သူတို့ ဤခြံသို့ ရောက်ရှိခဲ့သည်မှာ သုံးနှစ်ကျော်ကြာမြင့်ခဲ့လေပြီ။ တစ်ခါဖူးမျှ မြွေဝင်တာကို မကြုံစဖူးခဲ့။ အခုတော့ အခြေအနေတွေက ထူးထူးဆန်းဆန်း ဖြစ်ခဲ့ချေပြီတကား. . .။

"ကျွန်တော်လည်း အဲဒါကိုပဲ အံ့အားသင့်နေတာပဲ၊ ကျွန်တော်. . ဒီမှာ လုပ်လာခဲ့တဲ့ နှစ်တွေကလည်း မနည်းတော့ဘူး၊ တစ်ခါမှ ဒီလို ထူးထူးဆန်းဆန်း ဒီခြံထဲ မြွေဝင်တာမတွေ့ဖူးဘူး၊ အင်း. . တစ်ခုခုတော့ တစ်ခုခုပဲ၊ အမှားအယွင်းတစ်ခုခုတော့ ရှိနေပြီထင်တယ်. . ဆရာကြီး"

အောင်သူဝင်းက တွေးတွေးဆဆဖြင့် မှတ်ချက်ချ



www.burmeseclassic.com

www.burmeseclassic.com



လော်ရဲ့ အောင်သူ့ဝိုးဆီက တစ်ချက်ချခဲ့တော့ တစ်ခုခုသဲ့သို့

သော စကားကြောင့် ဦးထွန်းလူသည် ဦးဒိပ ကျော်မျိုးဖြူသွား

ရှာသော ရတနာကျော်ဘက်ဂူမြေပုံကို ပြေး၍ သတိရလိုက်မိ

သည်။

ထိုမြွေဟောက်ကြီး သူတို့၏ ခြံထဲဝင်ရောက်လာ

ခြင်းနှင့် ထိုရတနာကျော်ဘက်ဂူမြေပုံသည် တစ်စုံတစ်ခု

ဆက်စပ်မှုများ ရှိနေရော့သလား။

ဆက်စပ်မှုရှိကောင်းလည်း ရှိနိုင်သည်။ အတိအကျ

တော့ မပြောနိုင်ပေ။ လောကကြီးတွင် မမျှော်လင့်မထင်မှတ်

ရသော ထူးထူးဆန်းဆန်း တိုက်ဆိုင်မှုတွေ ရှစ်ပုံတစ်ပုံရှိ

နေသည်ပဲ မဟုတ်လား။

ဦးထွန်းလူသည် နေ့လက်ထဲက စကားမဆိုနိုင်တော့ဘဲ

အောင်ထူးဝင်းတို့ ကျော်ဖြတ်၍ အပြင်ဘက်သို့ ထွက်လာ

ခဲ့သည်။

မိုးတို့သည်း နေဆဲ။





လေကထန်နေဆဲ။ "း"

တစ်ချက်တစ်ချက် ပြက်လိုက်သည့် လျှပ်ရောင်

ထဲ၌ ဝင်းကနဲ လက်ကနဲ

လေအထိုက်မှာ ထိပ်ဝင်ကြီးများ ဟိုသည် ယိမ်းနွဲ့နေ

များ နားနားအသုံး

အတိုင်းပါတည်း။

ဦးထွန်းလူသည် အဆောင်းအကာမပါပဲ မိုးရေထဲ

ထွက်ခဲ့သည်။ လှမ်းမိုးရောင်သည် ခြံထဲသို့ ထိုးဖောက်ကျ

ရောက်လျက်ရှိရာ မြေပြင်ထက်မှာ လဲကျနေသော ဦးဒိပ၏

ကိုယ်ကို မြင်တွေ့ရလေသည်။

ဦးဒိပအား

လိုက်သည်။ ဦးဒိပသည် လုံးဝ အသက်ချုပ်ငြိမ်းနေပြီဖြစ်

လေသည်။

တစ်ခါတည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"ဒိုင်း"

မိုးကြိုးတစ်ချက် ပြက်လိုက်ပြန်၏။ နားစည်ကွဲအက် မတတ် ကျယ်လောင်လွန်းလှ၏။ လျှပ်ရောင်တစ် ဝင်းကျ ပြက်လိုက်ပြန်၏။ ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်ဖြ ထွက်သွား၏။ ဦးထွန်းလူ၏ အကြည့်က ရှေ့ဆီသို့ရော သွား၏။

သည်တော့လည်း ထူးထူးဆန်းဆန်း မြင်ကွင်းတစ် ကို တွေ့မြင်လိုက်ရသည်။ ယင်းမှာ အုန်းလက်ပြတ်ကြီးတ ဖြစ်သည်။ ရုတ်တရက်ကြည့်လိုက်လျှင် ထိုအုန်းလက်ပြ ကြီး၏ အသွင်သဏ္ဌာန်မှာ မြွေတစ်ကောင်ပါးပျဉ်းထော နေသကဲ့သို့သာတည်း။

ဦးဒီပသည် ထိုအုန်းလက်ပြတ်ကြီးကိုပင် ဟောက်ကြီးတစ်ကောင်ဟု ထင်မှတ်သွားခြင်းများလ ဒါပေမယ့် ထိုမြွေဟောက်ကို ဦးဒီပတစ်ယောက်တည်း





တွေ့ခဲ့ခြင်းမဟုတ်ပေ။ အစောင်ဖြစ်သူ အောင်သူဝင်းလည်း မြင်တွေ့ခဲ့သည်ဟု ဆိုသေးသည်။

ခက်တော့ခက်နေပါလေပြီ။

"မင်းမြင်လိုက်ရဲ့လား . . အောင်သူဝင်း"

ဦးထွန်းလူက နောက်လှည့်မကြည့်ပဲ အောင်သူဝင်း ကို မေးခွန်းထုတ်လိုက်သည်။ အောင်သူဝင်းက ရှေ့သို့တိုး ကပ်လာလျက် . . .။

"ဘာကိုလဲ . . . ဆရာ"

"စောစောတုန်းက လျှပ်ပြက်လိုက်တုန်းက မင်းတွေ့ လိုက်မယ်လို့ ထင်ထားတာ၊ ဟိုရှေ့နားက အုန်းလက်ပြတ် ကြီးကိုလေ"

"ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း သတိမထား မိဘူး . . ဆရာ"

"ငါ့စိတ်အထင် ငါ့မိတ်ဆွေကြီးဦးဒီပဟာ အဲဒီအုန်း လက်ပြတ်ကြီးကို မြွေထင်ပြီး နှလုံးလေရိုက်ပြီး အသည်



www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားတာပဲလို့ပေါ့" [illegible]

ဦးထွန်းလူက သူ့အံ့ဩမှုကို ထုတ်ပြ၏။ သို့သော် အောင်သူဝင်းက [illegible]

"ဆရာပြောသလို မဖြစ်နိုင်ဘူး ထင်တယ်". ဆရာ [illegible] ကျွန်တော်လည်း မြင်တဲ့ ဥစ္စာပဲ ဆရာကြီး [illegible]

အောင်သူဝင်းသည် စကားကို အစအဆုံး မပြောဘဲ ရပ်နေသေး၏။ ဦးထွန်းလူက စိတ်မရှည်တော့ဟန်ဖြင့် . . .။

[illegible] "ပြီးတော့ [illegible] ဆက်ပြောလေကွာ"

[illegible] "ပြီးတော့ [illegible] ကြည့်လေ၊ ကျွန်တော်တို့ရဲ့ ခြံထဲမှာ အုန်းပင်မှမရှိပဲ. . ဆရာ၊ ဒီအုန်းလက် [illegible] လိုလုပ်ပြီး [illegible] ခြံထဲကို [illegible] ဆရာကြီး မျက်စိမှားတာ ထင်တယ်" [illegible]

[illegible]

[illegible]



မည်သည့်အုန်းပင်မှ [illegible] ။ အုန်းပင်မရှိလျှင် အုန်း လက်ရှိနိုင်သည်။ ရှိနိုင်စရာ အကြောင်းမရှိပေ။ [illegible]

သို့ကြောင့် မျက်စိမှားခြင်းမှားလျှင် ဦးဒီပဲနှင့် [illegible] သူတို့မှားခြင်းမဟုတ်ပဲ လူသုံးယောက်လုံး မျက်စိမှားသွားခြင်း ဖြစ်နိုင်ရောပေ၏။ [illegible]

[illegible] "ဂိုဏ်း [illegible]" [illegible]

[illegible] မှိုင်းတိုက် [illegible] အဖြစ် [illegible] ရှာပြန်၏။ [illegible] အဖြစ် [illegible] ဆုံပြန်လိုက်လေသည်။ [illegible]

[illegible] ဦးထွန်းလူသည် အုန်းလက်တွေ့ခဲ့သော နေရာအသို့ အလျှင်အမြန် ကြည့်လိုက်ပြန်၏။ မရှိ၊ မရှိ။ [illegible] မရှိပါတော့။ မြွေလည်းမရှိ၊ အုန်းလက်တို့လည်း မတွေ့ရ။

[illegible] ထိုအရာသည် အုန်းလက်လည်းမဖြစ်နိုင်။ ဦးဒီပနှင့်အောင်သူဝင်းတို့ မြင်တွေ့လိုက်ရသော မြွေသည် [illegible] တစ်ကောင်သာဖြစ်ကြောင်း [illegible]





www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ သူ့မျက်စိအမြင် မှောက်မှားသွားခြင်းပေပဲ။ ဘုရား၊ ဘုရား၊ အဲဒီမြွေဟောက်ကြီးက ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်လာပါလိမ့်။

သူဒီမှာ နေထိုင်ခဲ့စဉ် ကာလအတောအတွင်း မြွေမဆိုထားလင့်။ တီကောင်တစ်ကောင်ပင် မတွေ့ရပေ။

အခုတော့ မြွေဟောက်ကြီး ရောက်လာသည်ဆိုဆိုတော့၊ အင်း. . . ဦးဒီပတွေးထင်သကဲ့သို့ ထိုကျောက်ဂူကြီးကို စောင့်ရှောက်နေသော အစောင့်အရှောက်များလား။ ဦးဒီပ၏လက်ထဲတွင် ထိုနေရာအနေအထားကိုရေးရေးဆွဲထားသော မြေပုံစာရွက်ပါလာသောကြောင့် ထိုမြွေဟောက်ကြီး ရောက်လာတာများလား။

တွေးရင်းမှာပင် ဦးထွန်းလူ၏ ကိုယ်ခန္ဓာသည် ဆတ်ဟနဲဖြစ်သွား၏။ ဖျန်းကနဲ နေအောင်ပင် ကြက်သီးမွေးညှင်းတွေ ထသွား၏။ ချက်ချင်းပင် အောင်သူဝင်းဘက်သို့ မျက်နှာမူလိုက်ခဲ့ရာမှ. . .။



“ကဲ. . ကဲ. . ဒီကိစ္စကို ရှင်းဖို့ လုပ်ဦး၊ သက်ဆိုင်ရာကို အကြောင်းကြားဖို့ လုပ်ရဦးမယ်၊ နို့မို့ဆိုရင် အလကားနေရင်း ပြဿနာရှုပ်နေဦးမယ်”

ထိုနောက် ဦးထွန်းလူသည် ဦးဒီပအား ကျောခိုင်း၍ အိမ်ဘက်သို့ ခြေလှမ်းကျဲကြီးတွေဖြင့် အလျှင်အမြန်ပင် လျှောက်လှမ်းခဲ့လေတော့သည်။ အောင်သူဝင်းကလည်း သူ့နောက်ကနေ အပြေးအလွှားပင် လိုက်လာခဲ့လေတော့သည်။

www.burmeseclassic.com

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]





[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible] **အေခါနီး** [illegible]

[illegible]

[illegible] **လူစွန့်စား** [illegible]

[illegible]

[illegible] **ညှိကြာနေ မိုးမိုးရွာနေ** [illegible]

[illegible] **နေ့သာလျှက်ရှိသည်။** [illegible]

[illegible] **ကျောင်းဆောင်တစ်ပြင်လုံး ဆိတ်ငြိမ်သွားကာ** [illegible]

**ရှိသည်။** [illegible]

[illegible] **ဦးထွန်းလှသည် အသက်သုံးဆယ်ရှစ်နှစ်ကျော်ခန့်ရှိ** လု

www.burmeseclassic.com

လင်ကြီးတစ်ယောက်နှင့်အတူ စာကြည့်ခန်းထဲတွင် မျက်နှာချင်းဆိုင်ထိုင်လျက် ရှိသည်မှာ တစ်နာရီနီးပါးခန့်ရှိပြီဖြစ်၏။

လုလင်ကြီးသည် ရှပ်လက်ရှည်အင်္ကျီအဖြူရောင်နှင့် ဘောင်းဘီရှည် နက်ပြာရောင်ကို ဝတ်ဆင်ထားရာ သူ့ကိုယ်ခန္ဓာနှင့်လွန်စွာပင် လိုက်ဖက်လှပေသည်။ လက်မောင်းမှာ တုတ်ခိုင်သည်။ ရင်အုပ်မှာ ကျယ်ကားသည်။ သို့သော် ဗိုက်ခေါက်တွင် အဆီအသားလုံးဝမပါ။ ချပ်ချပ်ရပ်ရပ်နဲ့ အရပ်အမောင်းမှာ ငါးပေခုနစ်လက်မခန့်ရှိမည်ဟု ခန့်မှန်းရပေသည်။ ထိုင်နေစဉ်မှာပင် ခြေတံလက်တံရှည်တို့က သိသိသာသာကြီး ပေါ်လွင်နေသည်။

ထိုလုလင်ကြီးသည် ခန္ဓာကိုယ်တင် ကြည့်ကောင်းလှသည်မဟုတ်သေး။ မျက်နှာအနေအထားမှာလည်း ချောမောပြေပြစ်သည်ဟု ဆိုရမည်ထက် ချောမောခန့်ညားသည်ဟု ဆိုရပေမည်။

နှာတံဖြောင့်စင်းသည်။ မျက်လုံးမျက်ဖန်ကောင်း၏၊





အထူးသဖြင့် သူ့မျက်လုံးအစုံဖြစ်သည်။ လူတစ်ဦးကို ကြည့်ရာ၌ အတွင်းစိတ်ကို ထွင်းဖောက်မတတ် စူးရဲတောက်ပ၏။ စကားပြောဆိုရာ၌ တိကျပြတ်သားမည့်ဟန်ရှိသည်။ သူ့နှုတ်ခမ်းနှစ်လွှာမှာ ပါးပါးလွှာလွှာရှိသည်။

မုတ်ဆိတ်ကျင်စွယ်တို့ကို ရိတ်သင်ထားသည့် သူ့ပါးပြင်နှစ်ဖက်နှင့်နှုတ်ခမ်းတစ်ဝိုက်တို့မှာ စိမ်းမြနေ၏။ အားကစားကို အစဉ်မပြတ် လိုက်စားထားဟန်ရှိသည်။ သူ့မေးရိုးနှစ်ဖက်မှာ လေးထောင့်ကျကျ ကားနေ၏။

တကယ်တော့ ထိုလုလင်ကြီးမှာ အခြားသူမဟုတ်ပေ။ ဦးထွန်းလူ၏ တူအရင်းဖြစ်သူ သိန်းထိုက်ဖြစ်ပါ၏။

နံနက်မိုးသောက် အလင်းရောက်သည်နှင့်ဦးထွန်းလူသည် သူတော်မောင်ဖြစ်သူ သိန်းထိုက်အား ဖုန်းဖြင့် လှမ်းခေါ်ခဲ့သည်။ သန်းထိုက်ကလည်း မတုန့်မဆိုင်းပင် ဦးထွန်းလူထံသို့ သူ၏ ကိုယ်ပိုင်အော်စတင်း ကားနက်ကလေးကို ကိုယ်တိုင်မောင်း၍ ပေါက်ချလာခဲ့လေသည်။လေး



www.burmeseclassic.com

www.burmeseclassic.com



ရုံလေး ဦးထွန်းလူ စိန်းဖြင့် ဆက်၍ တကျော့ ပေါ်ပြီဆိုက
တွေ့ညီးလာ အဲ့ဒီကြောင်းထူး တိုက်စိုက်ရှိပြီးတိုး ... ထား
လိုက်သောကြောင့် လည်း ... မတုန်မဆိုင်း ပေါက်
ချယ်ခြင်း ဖြစ်ပါ၏။

ဦးထွန်းလူသည် ... သိန်းထိုက်ရောက်လာသည်နှင့်
နံနက်စာအဖြစ် ထမင်းကြော်တစ်ပွဲနှင့် ကော်ဖီတစ်ခွက်ဖြင့်
ကျွေးမွေးခံထားပြီးနောက် လွန်ခဲ့သည့် နှစ်ရက်က ကြုံတွေ့ခဲ့ရ
သည့် သူ့မိတ်ဆွေကြီး ဦးဒီပုနှင့် ပတ်သက်စပ်လျဉ်းသည့်
အဖြစ်သနစ်တို့ကို ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့သည်။

... သိန်းထိုက်သည် သူ့လေးလေး ပြောဆိုနေသမျှကို
... ခွန်းပြည့်သမျှ စင်မပြောပဲ အဲ့သာ ငြိမ်၍ နားထောင်နေ
ခဲ့၏။ နောက်ဆုံး ဦးထွန်းလူ ထုတ်ပေးသော ဦးဒီပုရတနာ
ကျော်ဖြစ်ခဲ့ မြေပုံကိုယူ၍ ဘောင်းဘီအိတ်ထဲသို့ အသာသပင်
ထိုးထည့်ထားလိုက်လေသည်။

“အဲဒီတော့ ဖိုက်ဖို့စရာ တို မင်းဘယ်လိုသဘောရသလဲ”





... ကြောင်း ပြန်ကြား ... အဆုံးတွင် ဦးထွန်းလူ
... ညီ ... ဂိုက် ... ချွန်း ... လိုက် ... ။
... သိန်းထိုက်သည် ... များကို ... ဖြစ် ... ချက်
ပွတ်သပ်ကာ။

“ဘာကိုမေးတာလဲ ... ”

... ကြောင်း ... စကားတယ် ... ။
သွားမယ်မသွားဘူးဆိုတာကို မေးတာပါ”

... သိန်းထိုက်သည် ... အားတက်ရှိသည့် အပြုံး
... တစ်ချက်ပြုံးလိုက်ရာမှ ... တည်သွား၏။

“ဒါကတော့ ရေမှုလေးရဲ့ အဓိပ္ပာယ်ကိုစွ ဖြစ်နိုင်မဖြစ်နိုင်
ဆိုတာကို ... ကျွန်တော်ကို ... ပြောပြဦးမှပေါ့”

ဦးထွန်းလူသည် သိန်းထိုက်ကို ကြည့်၍ နှာခေါင်း
တစ်ချက်ရှုံ့လိုက် ... ကရော ...

“တော်တော်ဖိုက်တွေ မင်းကြား ... တွေ့ ...
ပါမသိရင်ခက်မယ်၊ မင်းဆိုတဲ့ အကောင်က ဘာအတွက်မှဆို



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ ကောင်မလေး ဝတီမိုးကို တိုင်ပင်သဘောတူညီချက် ရယူပြီးမှ လုပ်တတ်တယ်ဆိုတာကို ငါက သိထားပြီးသား ပါကွာ၊ မင်းအခု ဒီကိစ္စကို မင်းရဲ့ ကောင်မလေးကို သွားပြီး တိုင်ပင်ဦးမှာ မဟုတ်လား"

ဒက်ထိမှန်လွန်းသော စကားကြောင့် သိန်းထိုက် သည် လူကြီးရှက်တော့ ရယ်ဆိုသလို မျက်နှာကြီးရယ်ဖြဲဖြဲ လုပ်ခဲ့ရာမှ တဆက်တည်း. . .။

"ဦးလေးကလည်း ကိုယ့်တူအကြောင်း သိထားပြီး သားဥစ္စာပဲ၊ စိတ်ထဲမှာ ထားမှပေါ့၊ ပြန်ပြီး ပြောနေရသေး သလား၊ သူက ကျွန်တော့်ကို နေရာတကာစိတ်မချဘူး. . လေးလေးရဲ့၊ ဒါကြောင့် သူ့ကို ဘာကိစ္စမဆို တိုင်ပင်သ ဘောတူညီချက် ရယူပြီးမှ လုပ်ရတာ၊ အဲဒီအတွက်လည်း သူ့ကို အပြစ်မဆိုသာဘူး၊ ဘာကြောင့်လဲဆိုတော့ သူက ကျွန်တော့်ကို အသည်းနင့်အောင်ချစ်တာကိုး. . လေးလေး ရဲ့"





"မင်းကရော သူ့ကို ချစ်တာပဲမဟုတ်လား"

"အဟဲ. . ဒါတော့ လေးလေးလည်း ငယ်ရာကနေ ကြီးလာတဲ့လူတစ်ယောက်ပဲဥစ္စာ၊ ကိုယ်ချင်းစာကြည့်ပေါ့"

"တော်စမ်းပါကွာ၊ တကယ်လို့ မင်းအဲဒီကို သွားမယ် ဆိုရင် လူများများစားစား ခေါ်သွားလို့တော့ မကောင်းဘူး နော်၊ ဟိုဘက်က လူတွေက မင်းတို့ ဒီကိစ္စအတွက် တကူးတ က လာမှန်းသိသွားရင် မင်းတို့အတွက် အန္တရာယ်ချက်ချင်း ဝင်သွားနိုင်တယ်၊ အမှတ်မထင် လမ်းကြုံသဘောမျိုးနဲ့ ဝင် သွားတာမျိုးဆိုရင်တော့ သိပ်ပြီး ပြဿနာမရှိနိုင်ဘူး၊ ငါပြော တာ သဘောပေါက်တယ်မဟုတ်လား"

ဦးထွန်းလူက သတိပေးစကားဆိုသည်။

သိန်းထိုက်က နားလည်သဘောပေါက်ကြောင်း ဦး ခေါင်းညိတ်ပြလျက်. . .။

"ကျွန်တော်လည်း လေးလေးတွေးမိသလိုပဲ၊ အစက တည်းက တွေးမိပါတယ်၊ ကျွန်တော်တို့ဘက်က လူသိပ်များ



www.burmeseclassic.com

www.burmeseclassic.com

သွားရင် တစ်ဖက်လူကို သတိပေးသလို ဖြစ်သွားမယ်ဆိုတာကို၊ ဒါကြောင့် ကျွန်တော့်သူငယ်ချင်းသုံးယောက်နှင့်အလုပ်သမားသုံးယောက်ဆိုရင် လုံလောက်ပါပြီ၊ ဒါဆိုရင် သိပ်ပြီးကြန့်ကြာမပျက်တော့ဘူးပေါ့. . လေးလေး"

"မင်းရဲ့ သူငယ်ချင်းတွေဆိုတာက ဒီလိုကိစ္စမျိုးတွေမှာ အတွေ့အကြုံကော ရှိကြရဲ့လား"

ဦးထွန်းလူ၏ အမေးကို သိန်းထိုက်က ဦးခေါင်းညိတ်ပြလျက်. . ။

"သူတို့က မကြာခဏ ခရီးထွက်နေကြတဲ့ လူတွေပါပြီးတော့ ကျွမ်းကျင်တဲ့ နေရာမှာလည်း တစ်ယောက်တစ်မျိုးစီကျွမ်းကျင်ကြတယ်၊ တစ်ယောက်က မြားပစ်ကျွမ်းကျင်တယ်၊ နောက်တစ်ယောက်က ဓားပစ်ကျွမ်းတယ်၊ နောက်တစ်ဦးကတော့ အသတ်အပုတ်မှာ ကျွမ်းတယ်၊ သူတို့ကကျောင်းမှာတုန်းက အားကစားဘက်မှာ ထူးချွန်ဆု ရှုးကြတဲ့ လူတွေချည်းပဲ၊ အဲဒီတော့ ဘာလိုဦးမှာလဲ. . လေး





လေးရယ်"

သိန်းထိုက်က သူ့လူသုံးယောက်၏ အရည်အချင်းကို ဝံ့ဝံ့ကြွားကြွားကလေး ထုတ်ဖော်ပြောကြားသွား၏။

ဦးထွန်းလူက ဦးခေါင်းတညိတ်ညိတ်လုပ်လျက်. . ။

"အေးပေါ့ကွာ၊ အပြောကတော့ ဟုတ်နေတာပဲ၊ တကယ်တမ်း လက်တွေ့ကြုံတွေ့တဲ့အခါကျတော့မှ ဟုတ်ပေ့ဖြစ်နေမှ ခက်နေဦးမယ်နော်၊ မင်းကတော့လေ မင်းအဖေ အတိုင်းပဲ၊ ကိုယ့်ကိုယ်ကို အရမ်းအထင်ကြီးတာပဲကိုး၊ အင်း. . ဘယ်ကိစ္စမဆို လျှော့မတွက်နဲ့၊ ကိုယ့်ကိုယ်ကိုလည်း သိပ်အထင်မကြီးနဲ့၊ ပြီးတော့ သတိဆိုတာမျိုးက ပိုတယ်မရှိဘူး၊ လိုတယ်သာရှိတယ်ဆိုတာကိုလည်း မမေ့နဲ့ဦး"

ဦးထွန်းလူက စိုးရိမ်သလို သတိပေးစကားတွေ အဆက်မပြတ် ဆိုနေခဲ့သည်။

သိန်းထိုက်က ခပ်ပြုံးပြုံးပင်. . . ။

"လေးလေးရာ၊ ကျွန်တော်က လေးလေးရဲ့တူပဲ



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ၊ ဘယ်လို ကိစ္စမျိုးကိုမှ လျှော့မတွက်သလို ကိုယ့်ကိုယ်ကိုလည်း အထင်မကြီးပါဘူး၊ သတိလည်း အမြဲတမ်းထားနေမှာပါ၊ ဒီအတွက်တော့ စိတ်သာချပါ၊ လေးလေးက ကျွန်တော့်အတွက် သိပ်ပြီး အစိုးရိမ်ကြီးတာပဲကိုး၊ ဘာပဲပြောပြော လေးလေးကို ကျွန်တော်ကျေးဇူးတင်ပါတယ်၊ နေရာတကာမှာ သတိပေးစကားပြောတဲ့အတွက်ကော၊ နေရာတကာမှာ သတိပေးစကား ပြောတဲ့အတွက်ကော၊ ဂရုစိုက်တဲ့အတွက်ကောပေါ့၊ ကဲ ပြောစရာဆိုစရာ ပြီးပြီဆိုရင်တော့ ကျွန်တော်သွားတော့မယ်လေးလေး၊ ကျွန်တော်. . ဝင်စရာလေးတွေ ရှိသေးတယ်"

"မင်းရဲ့ ကောင်မလေးဆီလည်း ဝင်ရဦးမယ် မဟုတ်လား"

"အဲဒါက ပထမဦးဆုံး ကြို့ဝင်ရမယ့်အလုပ်ပေါ့. . လေးလေးရေ၊ ကျန်တာတွေက ဒုတိယနှင့်တတိယပေါ့၊ လေးလေးကလည်း သိရဲ့သားနဲ့၊ လေကုန်ခံပြီးပြောနေရသေး





ကဲကျွန်တော်သွားတော့မယ်"

"အေး. . အေး၊ ကောင်းပြီ၊ ငါ့တူကြီး ကံကောင်းပါစေ"

ဦးထွန်းလူသည် တစ်ဦးတည်းသော တူမောင်အတွက် ဆုမွန်တောင်းပေးလိုက်သည်။

တကယ်တော့ သိန်းထိုက်သည် သူဖခင်ဖြစ်သူ ဦးထွန်းသူ၏ ကိုယ်ပွားဆိုက မှားမည် မဟုတ်ပေ။ အရုပ်အမောင်းအလုံးအထည်မှအစ မျက်နှာပေးအလယ်၊ စကားပြောပုံဆိုပုံ သွားပုံလာပုံအဆုံး. . .။

အားလုံး သူဖခင်ဖြစ်သူ ဦးထွန်းသူနှင့်တကယ်တစ်ပုံစံတည်းမှ တကယ့်တစ်ပုံစံတည်းဖြစ်သည်။

ဦးထွန်းသူနှင့်ဦးထွန်းလူတို့မှာလည်း ညီရင်းအစ်ကိုနှစ်ယောက်တည်းသာ ရှိသည့်အတွက် တစ်ယောက်ကိုတစ်ယောက် အသက်ပေးမတတ် ချစ်ကြသည်။ တစ်ယောက်အခက်အခဲကို တစ်ယောက်ကူညီဖို့လည်း ဝန်မလေးတတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပေ။

အစ်ကိုကြီးဦးထွန်းသူ ကွယ်လွန်သွားသောအခါ ဦးထွန်းလူအဖို့ ကမ္ဘာကြီးတစ်ခုလုံး လဲပြိုမတတ် ခံစားလိုက်ရသည်။ တစ်လကိုးသီတင်း မစားနိုင်မသောက်နိုင် ဖြစ်သွားရသည်။

တစ်ခုတော့ ဖြေသာသေး၏။

အစ်ကိုကြီးဦးထွန်းသူ မရှိတော့ပေမယ့် သူ့ကိုယ်စားသားဖြစ်သူ သိန်းထိုက်ကိုတော့ ထားသွား၏။

အမှန်ပင် သိန်းထိုက်သည် ဦးထွန်းသူ၏ ကိုယ်စားကိုယ်ပွားသာတည်း။ ဦးထွန်းလူသည် အစ်ကိုကြီးဦးထွန်းသူ မရှိတော့ပေမယ့် သိန်းထိုက်နှင့်သာ ရသေ့စိတ်ဖြေလုပ်နေရသည်။

သိန်းထိုက်လည်း ဦးလေးဖြစ်သူ ဦးထွန်းလူကို ချစ်ခင်တွယ်တာသည်။ ဖခင်သဖွယ် လေးစားမြတ်နိုးသည်။ မည်သည့်ကိစ္စမဆို တိုင်ပင်သမှု ပြုသည်။ ဦးထွန်းလူက





လည်း သိန်းထိုက်အပေါ်တွင် သားအရင်းအချာသဖွယ်သဘောထားကာအမြဲတစေ ကောင်းရာမွန်ရာ လမ်းကြောင်းပေးခဲ့သည်။

သိန်းထိုက် သူ့အခန်းထဲကနေ ထွက်သွားသောအခါ ဦးထွန်းလူသည် သက်ပြင်းတစ်ချက်ချကာ ထိုင်ရာမှထ၍ စာအုပ်ဗီရိုထဲမှ နိုင်ငံခြားဘာသာစာအုပ်တစ်အုပ်ကို လှမ်းဆွဲယူလိုက်ပေသည်။ သူလှမ်းဆွဲယူလိုက်သော စာအုပ်မှာ စာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂတ်ရေးသားသော ရှီဗာဘုရင်မ၏ လက်စွပ်အမည်ရှိ စာအုပ်ဖြစ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း – ၅

### စိုးရိမ်သူ

နံနက်ခင်း၏ နေရောင်ခြည်သည် တောက်ပလွှန်းလှ၏။ မိုးကောင်းကင်ပြင်တွင် မိုးသားမိုးရိပ်များ လုံးဝကင်းစင်လျက်ရှိသည်။

ကောင်းကင်ပြင်တစ်ခုလုံး ပြာလွင်တောက်စိုင်းနေသည်။ လေပြေသည် ဖြေးဖြေးနှေးနှေးကလေး ဆော်သွား



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိ၏။

သာသာယာယာရှိသော ရာသီဥတုကြောင့် ကျေးငှက်သာရကာတို့မှာ ဟိုသည်ပျံကာ မြူးတူးဆော့ကစားလျက်ရှိ၏။ ကြည့်မြင်ရသူအဖို့ စိတ်ကြည်နူးစရာ ကောင်းလှသည်။

ယခုလို ရာသီဥတု သာယာသော အချိန်အခါမျိုးတွင် ကန်သာယာ ပန်းဥယျာဉ်သည် ပို၍ ကြည့်ကောင်းနေသည်။ မြက်ခင်းပြင်သည် စိမ်းစိမ်းစိုနေ၏။

အလှပန်းထက်တွင် ပွင့်ဖူးနေကြသော ပန်းပွင့်တို့သည်လည်း စွင့်စွင့်စိုနေကြသည်။ အားလပ်သော နေ့ရက်မဟုတ်ပေမယ့် အားလပ်သော ချစ်သူစုံတွဲအချို့သည် ဟိုနေရာတစ်တွဲ၊ သည်နေရာတစ်တွဲ။ နေရာယူထိုင်နေကြသည်မှာ မြင်ရသူအဖို့ စိတ်ကြည်နူးမွေ့ဖွယ်ကောင်းလှ၏။

အရိပ်ကောင်းလှသော ခရေပန်းပင်ကြီး တစ်ပင်၏အောက်ရှိ နှစ်ယောက်ထိုင်ခုံတန်းလျားတွင်ဖြစ်သည်။ သိန်း



ထိုက်နှင့်ဝတီမိုးတို့ နှစ်ကိုယ်တွဲယှဉ်၍ ထိုင်နေကြသည်။ ဝတီမိုးသည် တစ်စုံတစ်ရာကို တွေဝေစဉ်းစား ပိုင်းဖြတ်နေဟန်ဖြင့် အဝေးတစ်နေရာဆီသို့ အကြည့်ရောက်နေသည်။

တကယ်တော့ ဝတီမိုးသည် အသက်နှစ်ဆယ်ကျော်၊ သုံးဆယ်အတွင်း ချဉ်းနင်းဝင်ရောက်စပြုနေသော မိန်းမချောလေးတစ်ဦးဖြစ်သည်။

နဖူးပြင်မို့မို့လေးအောက်မှ နှာတံသည် အထက်တွင် ချွန်သယောင်ယောင်ထင်ရပြီး အောက်သို့ သွယ်ဆင်းသွား၏။ဖူးဖူးအိအိ နှုတ်ခမ်းနှစ်လွှာမှာ ဆေးမတင် နှုတ်ခမ်းနီမဆိုးပဲ ရွှန်းရွှန်းစိုကာ လေးကိုင်းသဏ္ဌာန် ဖြစ်နေသည်။ မေးစေ့လေးမှာ သွယ်သွယ်ချွန်ချွန်လေး ဖြစ်၏။ ပါးပြင်မို့မို့လေးနှစ်ဖက်ပေါ်တွင် ပေါင်ဒါကို မှုန်မှုန်လေးရိုက်ထား၏။

ရှည်လျားမည်းနက်သော ဆံပင်ကို ကတ္တီပါဖဲကြိုးဖြင့်စည်းနှောင်ထား၏။ လည်တိုင်ကြော့ကြော့တွင် မြစိမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောလေးများ ခက်ဖြာနေသည်ကို အတိုင်းသားမြင်တွေ့နေရ၏။ မျက်နှာတင် ချောမောလှပသည် မဟုတ်သေး။ ကိုယ်ခန္ဓာအဆစ်အပေါက်ကလည်း ကြော့ရှင်းလှပ၏။

အစိမ်းရောင်အင်္ကျီလက်ရှည်အောက်မှ ရွှေရင်အစုံသည် ဖူးဖူးမို့မို့ဖြင့် အပျိုစင်တစ်ဦး၏ သဘာဝအလှကို အရှိအရှိအတိုင်း ဖော်ပြထား၏။

ရှပ်ရှပ်ကလေးဖြစ်နေသည့် ဝမ်းဗိုက်သား။

ပွင့်ရိုက်ထဘီအောက်မှ အိအိတင်းတင်းပေါင်တံနှင့် တင်ပါးနှစ်ဖက်။ ထိုင်နေသောကြောင့် တင်ပါးအိအိတွေမှာ ဘေးတစ်ဖက်တစ်ချက်သို့ စွန်းထက်နေသည်။

သိန်းထိုက်သည် အဝေးဆီသို့ ငေးမျှော်ကြည့်နေသော သူ့ချစ်သူဝတီမိုး၏ လှတမျက်နှာလေးကို ဘေးတိုက်ကြည့်ရင်း စိတ်ထဲမှာ လှုပ်ရှားလာသလို သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သူ့ထံမှ သက်ပြင်းချသံကို ဝတီမိုးကြားသိသွားပုံရ





၏။ အဝေးသို့ ငေးမျှော်ကြည့်နေရာမှ သိန်းထိုက်ဘက်သို့ မျက်နှာပြန်မူလာ၏။ မျက်လုံးလေး မှေးစင်း၍ သိန်းထိုက်၏ မျက်နှာကို ကြည့်ခဲ့ရာမှ နှစ်ကိုယ်ကြားလေသံတိုးလေးဖြင့်. . ။

"ကိုကို. . အဲဒီကို တကယ်သွားမှာပေါ့နော်"

သိန်းထိုက်သည် ဦးခေါင်းကို ညိတ်ပြရုံညိတ်ပြကာ ဝတီမိုး၏ လက်ကလေးတစ်ဖက်ကို အသာဆုပ်ကိုင်ထားလိုက် ရာမှ တဆက်တည်း. . . ။

"ဟုတ်တယ်. . ဝတီ၊ ကိုယ်တကယ်သွားမှာ"

"မသွားလို့မဖြစ်ဘူးလား. . ကိုကို"

"ဝတီရယ်. . ကိုယ်က ဒါမျိုးကိစ္စဆိုရင် စိတ်ဝင်စားတတ်မှန်း သိရဲ့သားနဲ့၊ ကိုယ့်လေးလေးဆီက ကြားသိရသလောက်ဆိုရင် အခု ကိုယ်တို့သွားရမယ့် နေရာက အင်မတန်စိတ်ဝင်စားဖို့ ကောင်းတယ်၊ ကိုယ်တို့အတွက် အကျိုးထူးတစ်ခုခုတော့ ဖြစ်ထွန်းလိမ့်မယ်လို့တော့ ကိုယ်ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်၊ကိုယ်. . ဒီလိုကိစ္စမျိုးတွေဆိုရင် စိတ်ဝင်စားတတ်မှန်း သိရဲ့သားနဲ့ ဘာဖြစ်လို့ တားချင်ရတာလဲ. . ဝတီရယ်"

တကယ်တော့ တားမရမှန်းသိပါလျက်နဲ့ တားဆီးဖို့ကြိုးစားနေခြင်းသာ ဖြစ်သည်။ ဝတီမိုးသည် သိန်းထိုက်၏စိတ်ဓာတ်ကို အတွင်းသိအစင်းသိဖြစ်သည်။

သိန်းထိုက်သည် စိတ်ဆုံးဖြတ်ချက်တစ်ခု ချမိပြီဆိုလျှင် ဘယ်သောအခါမှ နောက်ဆုတ်တတ်သူမဟုတ်ပေ။

ဝတီသည် ရွှေရင်ကလေး မို့တက်လာသည်အထိ အသက်ကို ပြင်းပြင်းရှူလိုက်ခဲ့ရာမှ လေပြေကလေးဖြင့်. .။

"ဟုတ်ပါတယ်လေ. . ကိုကိုဟာ အင်မတန်ဇွဲကြီးတဲ့လူတစ်ယောက်ဖြစ်မှန်း ဝတီသိပါတယ်၊ ဆုံးဖြတ်ထားတဲ့ကိစ္စတစ်ခုကိုလည်း ဘယ်တော့မှ မဖျက်တတ်မှန်း ဝတီသိတယ်၊ဒါပေမယ့် ပြောလို့ ရလိုရငြား ဝတီကြိုးစားကြည့်မိတာပါ၊ အင်း. . ကိုကို့ကို စောင့်ရင်း ဝတီလည်း တဖြည်းဖြည်းအသက်ကြီးလာတာကိုရော ကိုကိုသတိထားမိပါတယ်





နော်"

"ကိုယ်သိပ်သိတာပေါ့၊ ဘာဖြစ်လို့ ဒါတွေကို ပြန်ပြောနေရတာလဲ. . ဝတီရယ်"

ဝတီမိုး၏ လက်နုနုကလေးကို သူ့လက်ကြမ်းကြမ်းကြီးဖြင့် တင်းတင်းဆုပ်ကိုင်ရင်းမှ သိန်းထိုက်က မေးလိုက်မိလေသည်။ ဝတီမိုးသည် သိန်းထိုက်အား တစ်ချက်မျှကြည့်ပြီးနောက် ခေါင်းကလေးငုံ့သွားခဲ့ရာမှ တဆက်တည်း။

"ဘာဖြစ်လို့ရမယ်မှ မဟုတ်ပါဘူး. . ကိုကို၊ အဖြစ်ကို ပြောပြတာပါ၊ တစ်ခုတော့ရှိတာပေါ့၊ ဒီအချိန် ဒီအရွယ်ဟာ ဝတီတို့နှစ်ယောက် အိမ်ထောင်ပြုဖို့ အကောင်းဆုံးအချိန်ပဲလို့ ထင်မိလို့ပါ"

ဝတီမိုးပြောသည်မှာ မှန်ပါ၏။

ယခုအချိန်သည် သူတို့အဖို့ အိမ်ထောင်ရက်သားကျဖို့ အကောင်းဆုံးဖြစ်သည်။ နောင်ရရှိလာမည့် ကလေးတွေ ကြီးပြင်းလာချိန်နှင့်ဆို အံကိုက်ပဲဖြစ်ပါ၏။


www.burmeseclassic.com

www.burmeseclassic.com



"ဝတီပြောတာ မှန်ပါတယ်၊ ကိုယ်လည်း ဒါကိုစဉ်းစားမိပါတယ်၊ ကိုယ့်မှာလည်း ဝတီနှင့်အမြန်ဆုံးလက်ထပ်ဖို့ စဉ်းစားဆုံးဖြတ်ပြီးသားပါ။ ကိုယ့်ကို ဒီတစ်ချိန်ပဲ ခွင့်ပြုပါ။ ကိုယ်. . . ခရီးထွက်ရာကနေ ပြန်ရောက်တာနဲ့ ဘယ်လိုအကြောင်းပဲရှိ ဝတီနှင့်လက်ထပ်မှာပါ။ ကိုယ်အတိအကျ ကတိပေးပါတယ် ဝတီ၊ ကိုယ်ဟာ ယောကျ်ားပါ။ ကိုယ့်ကိုယုံပါ။ ဝတီစိတ်တိုင်းကျဖြစ်အောင် ကိုယ်ကြိုးစားပါ့မယ်. . တကယ်ပါ"

သိန်းထိုက်က ဝတီမိုးစိတ်ချမ်းသာမှုရစေရန် အခိုင်အမာ ကတိပေး၏။

သည်တော့လည်း ညှိုးလျော်လျော်ဖြစ်နေသည့် ဝတီ၏ မျက်နှာလေးမှာ ပြေလျော့သွား၏။ မျက်နှာပြင်တွင် ချစ်စဖွယ် အပြုံးရိပ်ကလေး ထင်ဟပ်လာ၏။ သူမ၏ ဦးဦးခေါင်းလေးကို သိန်းထိုက်၏ ပခုံးထက်မှာ အသာမှေးတင်ထားလိုက်ရာမှ တဆက်တည်း. . . ။





"ဝတီလောနေတာ မဟုတ်ပါဘူးနော်. . ကိုကို၊ နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာမယ့် ကိစ္စမို့လို့ ဝတီပြောနေတာပါ။ ကိုကို့ကို စိတ်မချလို့လည်းမဟုတ်ဘူး၊ ကိုကိုနှင့်ပတ်သက်ရင် ဝတီအားလုံး စိတ်ချပြီးသားပါ၊ အခု ကိုကိုခရီးထွက်မယ့်ကိစ္စကိုတော့ ဝတီ့စိတ်ထဲမှာ ဘာကြောင့်လဲမသိဘူး၊ တစ်ခုခုဖြစ်မှာကို စိုးရိမ်နေမိသလိုပဲ"

ဩော်. . သူ့အပေါ် အစိုးရိမ်ကြီးရှာလွန်းသည့်. . ချစ်သူရယ်။

သိန်းထိုက်၏ စိတ်ထဲမှာ ကျေနပ်သွား၏။ မျက်နှာပြင်တွင် အပြုံးတစ်ချက် ပေါ်ထွက်လာခဲ့ရာမှ. . . ။

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့. . . ဝတီအချစ်ရယ်၊ အရေးအကြောင်းဆို ကိုက သက်လုံကောင်းပြီးသားပါ၊ ရှောင်တတ်၊ တိမ်းတတ်ပါတယ်၊ ပြီးတော့ ဟောဒီ ဝတီအချစ်ကလေးနဲ့ လက်မထပ်ရမချင်း ကိုယ်ဘာမှ မဖြစ်နိုင်သေးဘူးလို့လည်း ဗေဒင်ဆရာက ဟောထားပါတယ်ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးတွင်. . သိန်းထိုက်သည် ဝတီမိုး၏ နဖူးပြင်ထက်တွင် ဝဲကျနေသော ဆံနွယ်ဆံစများကို လက်ကလေးဖြင့် အသာသပ်တင်ပေးလိုက်သည်။

ဝတီမိုးသည် နောက်ထပ်စကားမဆိုဖြစ်တော့ပါပေ။ မျက်လုံးလေးကို အသာမှေးမှိတ်၍ ချစ်သူ၏ အပြုအစုအယုအယကို ငြိမ်သက်စွာခံယူနေပေသည်။

ဩော်. . . အခုလိုဆိုတော့လည်း အရာခပ်သိမ်းသည် သာယာပြီးရင်း သာယာနေသည်ကောလေ. . .။





## အခန်း– ၆

ဒက္ခဏာမြို့

တစ်ချိန်တုန်းက ကြီးကြီးမားမား ခန့်ခန့်ထည်ထည်ဖြစ်ခဲ့ဟန်ရှိသည့် ဒက္ခဏာမြို့ကလေးသည် ယခုတော့လည်း ပြိုပျက်နေသော အဆောက်အဦးများဖြင့်သာ ပြည့်စွမ်းနေ၏။

မြို့ဟုသာ ဆိုရသည်။ အလေ့ကျပေါက်ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



သော အရိုင်းအပြိုင်း သစ်ပင်ခြုံနွယ်တွေကြောင့် တကယ့်တောအုပ်ကလေးတစ်ခုဖြစ်နေသည်။

ပြိုပျက်နေသော အဆောက်အဦးများ၏ အပိုင်းအစတွေကလည်း ဟိုနေရာထိုးထိုးထောင်ထောင်၊ သည်နေရာထိုးထိုးထောင်ထောင် တွေ့မြင်ရသူအဖို့ တကယ့်ဘီလူးဘက်ကြီးတွေ ငုတ်တုတ်ထိုင်နေကြသည့်အလား ထင်မှတ်ရလေသည်။

တစ်ချိန်တုန်းက ဤဒက္ခဏမြို့ကလေး လူသူတို့ဖြင့်စည်ကားခဲ့ဟန် တူသော်လည်း လောလောဆယ်မှာ လူသူခြောက်သွေ့လျက်ရှိ၏။ လမ်းပေါ်တွင် လူသွားလူလာမရှိသလောက်ပင်။

မပြိုမပျက် မယိုင်မလဲရှိနေသော အိမ်တွေမှာလည်း စုစုစည်းစည်းမရှိပဲ ကျိုးတိုးကျဲတဲမျှသာ။ လမ်းပေါ်တွင် မီးတိုင်များမရှိသောကြောင့် မည်းမည်းမှောင်နေဘိသို့ရှိသည်။

အိမ်တချို့ဆီမှ ထွန်းညှိထားသော မှန်မီးအိမ်တွင်း





အလင်းရောင်အချို့သာ လမ်းပေါ်သို့ ထွက်အံကျလျက်ရှိနေသည်။ သူတို့နှစ်ယောက် ဒက္ခဏမြို့လေး အတွင်းသို့ စတင်ဝင်ရောက်လာသည့် အချိန်သည် မိုးစုန်းစုန်းချုပ်နေပြီဖြစ်၏။

သူတို့သည် မြိုင်သာယာမှအထွက်တွင် ကားဖြင့်လာခဲ့ရသည်။ ထိုနောက် သင်္ဘောစီးရသည်။ ထိုနောက် မထင်မရှား ရွာလေးတစ်ရွာတွင် ဆင်းကာ မြင်းဝယ်၍ ဒက္ခဏမြို့သို့ ခရီးဆက်ခဲ့သည်။

လမ်းခရီးတွင် အားလုံး ရက်ပေါင်းငါးရက်ကြာမြင့်ခဲ့သော်လည်း မည်သည့်အခက်အခဲကိုမှ မတွေ့ရ။ မည်သည့်အန္တရာယ်ကိုမှလည်း မတွေ့ရပေ။

တစ်နေ့နှင့်တစ်ည အဆက်မပြတ် ခရီးနှင်ခဲ့ရသောကြောင့်လည်း မြင်းတွေမှာ မောပန်းနွမ်းနယ်နေဟန်ရှိသည်။ ...မှတ်သံပြုနေသည်။

...ဘာကြောင့်လဲမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဒက္ခိဏမြို့လေးတွင်းသို့ စတင်ဝင်ရောက်မိသည့် ချိန်မှစ၍ အန္တရာယ် အနံ့အသက်ကို ရှူရှိုက်မိသလို ခံစား လိုက်သည်အမှန်။

သိန်းထိုက်သည် မြင်းကို အသားကျ စီးလာခဲ့သေ လည်း မျက်လုံးအစုံကိုတော့ အငြိမ်မထားပေ။ ဘေးဘိ ယာသို့ မျက်ခြေမပြတ် ကြည့်လာခဲ့၏။

အရေးအကြောင်းဆို ခါးဘေးမှာ တွယ်ချိတ်ထား သော ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်နိုင်ရန်အတွ လည်း ကိုယ်ဟန်အနေအထားကို အသင့်ပြင်ထား၏။

ရှေ့ဆုံးကသွားနေသည့် အလုပ်သမား သုံးဦးစီး သည့် မြင်းတွေကတော့ ခြေလှမ်းမှန်ဖြင့်ပင် ရှေ့သို့ တရိ မတ်မတ်သွားလျက်ရှိသည်။ သူတို့သုံးယောက်၏ မြင်း ပေါ်မှာ လိုအပ်သမျှ စားနပ်ရိက္ခာအိတ်များနှင့်အခြာ ရေးအကြောင်းဆို အသုံးပြုနိုင်သည့် လက်နက်နှင့် သက်သောပစ္စည်းများကို တင်ဆောင်ထားပေသည်။





အလုပ်သမားသုံးဦး၏ နောက်ကနေ သိန်းထိုက်။ သိန်းထိုက်၏နောက်ကတော့ ဇော်လှိုင်မင်း။ ဇော်လှိုင်မင်း မှာ မြားပစ်ကျွမ်းကျင်သူဖြစ်သည်။ ကျောင်းပြိုင်ပွဲများတွင် မြားပစ်ကျွမ်းကျင်သူအဖြစ် မကြာခဏ ဆုချီးမြှင့်ခြင်းခံရဖူး သူတစ်ဦးဖြစ်သည်။

အသက်အရွယ် သုံးဆယ်နီးပါးခန့်ရှိပြီဖြစ်သည်။ အား ကစားသမားတစ်ဦးဖြစ်သောကြောင့်လည်း ကိုယ်ခန္ဓာမှာ . . တုတ်တုတ်ခိုင်ခိုင် ထွားထွားကျိုင်းကျိုင်း ရှိသည်။ သူ့ကြည့် လိုက်လျှင် တစ်စုံတစ်ခုကို အမြဲတစေ စဉ်းစားတွေးတောနေ ဟန် မှုန်ကုပ်ကုပ်ရှိနေတတ်သည်။

ဆေးလိပ်မသောက်၊ ကွမ်းမစား၊ လူပျိုလူလွတ်တစ် ဦးဖြစ်သောကြောင့် သူ့မျက်နှာပေါ်မှ အသားအရေသည် စိုစိုပြေပြေရှိသည်။ မိဘနှစ်ပါးစလုံး သက်ရှိထင်ရှား ရှိနေ ဆဲဖြစ်သည်။ သို့သော် မိဘလုပ်စာကို ထိုင်မစား။ စား သောက်ဆိုင်တစ်ဆိုင်ကို ဖွင့်ထား၏။ ၎င်းသည်လည်း သိန်း



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကဲ့သို့ပင်စိတ်တူကိုယ်တူ စွန့်စားခန်းဝါသနာပါသူတစ်ဦးဖြစ်သည်။

ဇော်လှိုင်မင်းနောက်မှ မြင်းစီးသမားကတော့ ရှမ်းမြန်မာကပြား လူမျိုးတစ်ဦးဖြစ်သူ စိုင်းလတ်ဖြစ်သည်။ စိုင်းလတ်သည် အသက်အစိတ်ခန့်ရှိမည်ဖြစ်သည်။ လူကောင်ပိန်ပိန်ပါးပါးထဲက ဖြစ်သည်။ မျက်နှာမှာ စုတ်ချွန်းချွန်းနဲ့ဖြစ်သည်။ပျော်ပျော်နေတတ်သူတစ်ဦး ဖြစ်သောကြောင့် သူ့မျက်နှာမှာ အစဉ်အမြဲ ပြုံးနေတတ်၏။ သူ့အရပ်အမောင်းမှာ ငါးပေကျော်ကျော်လေးသာ ရှိမည်ဖြစ်သည်။ သူသည်ငယ်စဉ်ကတည်းက အစဉ်မပြတ် လေ့ကျင့်ထားခဲ့သောကြောင့် ဓားပစ်ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ မိဘနှစ်ပါးချမ်းသာကြွယ်ဝသည်။ အဝေးပြေး ကုန်တင်ကားကြီးများကိုတည်ထောင်ထားသူတစ်ဦးဖြစ်သည်။

စိုင်းလတ်၏ နောက်ကနေ မြင်းဖြင့်စီးနင်းလိုက်ပါလာသူကား အောင်ကျော်မိုးဖြစ်သည်။ အောင်ကျော်မိုးသည်





ကိုယ်ခန္ဓာဝဝဖိုင့်ဖိုင့်နဲ့ ဖြစ်သည်။ မျက်နှာပြပြနဲ့ဖြစ်သည်။ သူသည် ခန္ဓာကိုယ်နှင့်မလိုက်အောင်ပင် အသတ်အပုတ်ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ မကြာခဏဆိုသလို မြန်မာ့လက်ဝှေ့ကြိုးဝိုင်းတွင်းသို့ဝင်၍ မြန်မာ့လက်ဝှေ့အကျော်အမော်များနဲ့ စိန်ခေါ်တိုက်ခိုက် အနိုင်ယူခဲ့သူတစ်ဦးလည်းဖြစ်သည်။ သူ့မှာ ဖခင်မရှိတော့။ မိခင်ကြီးတစ်ဦးသာရှိ၏။ သူ့မိခင်ကြီးသည် ဈေးထဲတွင် ရွှေဆိုင်ဖွင့်ထားကာ အောင်ကျော်မိုးအား ပညာဆုံးခန်းတိုင်သည်အထိ သင်ကြားပေးခဲ့သည်။

သိန်းထိုက်၊ စိုင်းလတ်၊ ဇော်လှိုင်မင်းနှင့်အောင်ကျော်မိုးတို့လေးယောက်သည် ကျောင်းတွင် အချစ်ဆုံးသူငယ်ချင်းလေးဦးဖြစ်သည်။ စိတ်တူကိုယ်တူ စွန့်စားမှုကို ဝါသနာပါသူများလည်းဖြစ်ကြသည်။

ယခု သိန်းထိုက်က စွန့်စားမှုတစ်ခုအတွက် ခရီးထွက်မည်ဟု ဆိုလိုက်သောအခါ သူတို့အားလုံးက လိုလိုလားလား



www.burmeseclassic.com

www.burmeseclassic.com



ပင် သိန်းထိုက်ခေါ် ဆောင်ရာနောက်သို့ လိုက်ဖို့သဘောတူ ညီခဲ့ကြလေသည်။

သို့နှင့်ပင် သူတို့သည် စုဆောင်းစရာရှိသည်များ စု ဆောင်း၍ ဝယ်စရာရှိသည်များ ဝယ်ကာ နောက်ဆုံး ခရီး ထွက်ခဲ့ကြလေသည်။

အခုတော့လည်း သူတို့သည် သူတို့ရောက်လိုသည့် ဒက္ခိဏမြို့တွင်းသို့ ခြေချမိပြီဖြစ်သည်။

"မြင်းတွေ ခရီးပန်းနေပြီထင်တယ်၊ တစ်နေရာရာမှာ စတည်းချပြီး အနားယူကြရင်ကောင်းမယ်"

သိန်းထိုက်က နောက်သို့လှည့်မကြည့်ပဲ ပြောလိုက် သည်။ သူ့နောက်လိုက်ပါလာသည့် စိုင်းလတ်ကလည်း သ ဘောတူလက်ခံဟန်ဖြင့်. . .။

"အေး. . ဟုတ်တယ်၊ တို့တွေ နားမှဖြစ်မယ်၊ ခရီး ပန်းတယ်ဆိုတာထက် ဗိုက်ဆာနေတာက ပိုပြီးဆိုးတယ်ကွ"

စိုင်းလတ်က စကားပြောသံကို ကြားသွားဟန်ရှိသည့်





ဇော်လှိုင်မင်းက. . ။

"မင်းကတော့ ဒါပဲ၊ အကျင့်ကို မပျောက်ဘူးကွာ၊ ဒီ လောက်အန္တရာယ်တွေကြားထဲဝင်လာတာတောင်အစားအ သောက်ကို ဝမ်းနေတုန်းပဲ၊ မင်းတော့ တစ်နေ့ကျရင် အဲဒီအ စားအသောက်ကြောင့် ဒုက္ခတွေ့ဦးမှာ မြင်ယောင်သေးတယ် ဟေ့"

BURMESE CLASSIC .com

စိုင်းလတ်ကလည်း အားကျမခံ။

"ဒါကတော့ကွာ၊ လူတွေ အားလုံးဟာ အစားအ သောက်ကြောင့် လှုပ်ရှားနေတာမဟုတ်လား၊ သေမယ့်သေ ရင် အစားအသောက်ကို ဝဝလင်လင်စားသောက်ပြီး သေ ပန်းပွင့်တော့ ပိုမကောင်းဘူးလား၊ ဥပမာကွာ. . အောင် ကျော်မိုးကြီးလို ခန္ဓာကိုယ် ဝဝဖြိုးဖြိုးကြီးနဲ့ သေရတော့ ပိုအ ဆင်မပြေဘူးလား"

နောက်ဆုံးကနေ ပါလာသည့် အောင်ကျော်မိုးသာ ထိုစကားကို ကြားသွားဟန်ဖြင့် ကသောကမျောလေး. . . ။



www.burmeseclassic.com

www.burmeseclassic.com

"ဟိတ်. . ဟိတ်. . မင်းတို့ဘာသာ မင်းတို့စကားနိုင်လုကြတာ မဆီမဆိုင် ငါ့ကို ဆွဲမထည့်ကြစမ်းနဲ့ကွာ၊ ငါ့ဖာသာ အေးအေးဆေးဆေး နေစမ်းပါရစေ၊ နောက်ပြီး သေတဲ့ကိစ္စနှင့်ငါ့နာမည်ကြီးကို ဆွဲဆွဲပြီးထည့်တာကို ကြားရတာကိုက ငါ့ရင်တွေ အရမ်းတုန်တယ်ကွ၊ အဲဒီတော့ စကားပြောရင်ဆဲင်ခြင်ပြောကြကွာ"

အောင်ကျော်မိုးသည် တကယ့်ကို အသည်းတုန်ရင်ပမ်းဖြစ်သွားဟန် ရှိသည်။ သူ့ကိုကြည့်၍ စိုင်းလတ်နှင့်ဇော်လှိုင်မင်းတို့က အသံထွက်သည်အထိ သဘောကျသလို ရယ်မောလိုက်ကြလေသည်။ သိန်းထိုက်ကတော့ ပြုံးရုံမျှပြုံးမိ၏။

သည်လိုပါပဲ။ သူတို့ သူငယ်ချင်းတစ်စု ကျောင်းမှာကတည်းက စုမိပြီဆိုလျှင် ဤသို့ပင် တစ်ယောက်ကိုတစ်ယောက် နောက်ကြပြောင်ကြနဲ့။ရန်တော့ ဘယ်သောအခါမှ ဖြစ်လေ့ဖြစ်ထမရှိ။ အကျည်စားသန် ရန်ဖြစ်လိုသောစကားသည်သူတို့လေးယောက်အတွက်ထားခဲ့ခြင်းတော့ ဟုတ်ဟန်





မတူ။

သည်စဉ် လေသည် သုတ်ကနဲ ဖြူးလာ၏။ ထိုသုတ်ဖြူးလာသော လေတွင် မိုးသက်နံ့ပါလာသလို ခံစားရသည်။ သစ်ပင်များ လှုပ်လှုပ်ရမ်းရမ်းရှိလေ၏။ သိန်းထိုက်သည် ကောင်းကင်ကို မော့ကြည့်မိသည်။ တိမ်ဖြူတိမ်တိုက်များ ရွှေ့ရွှေ့လျားလျားရှိနေသည်ကို တွေ့ရသည်။

သေချာပြီ။ မကြာမီ မိုးရွာတော့မည်။ ရွာမည်မှ အကြီးအကျယ်ရွာချတော့မည်ဖြစ်သည်။ အတွေ့အကြုံအရ သိန်းထိုက် မိုးလေဝသအခြေအနေကို ကောင်းမွန်စွာ ခန့်မှန်းမိ၏။

BURMESE CLASSIC .com

"မကြာခင် မိုးရွာတော့မယ်ထင်တယ်. . ဆရာလေးတို့"

ရှေ့ဆုံးမှ အလုပ်သမားဖြစ်သူ မောင်မောင်သက်က လှမ်း၍ပြော၏။

"ဒီမှာတော့ တည်းခိုဖို့ အိမ်ရှိမှာ မဟုတ်ဘူး၊ တိုက်



www.burmeseclassic.com

www.burmeseclassic.com



ပျက်တစ်ခုခုထဲ ဝင်ခိုပြီး အမိုးအကာထုတ်ပြီး နားရတော့မှာ ပဲ၊ သူငယ်ချင်းတို့ရေ”

သိန်းထိုက်က အကြံပြုသည်။

အမှန်ပင် ဤမြို့ကလေးတွင် ရှိနေကြသည့် လူများက တစိမ်းတစ်ရံစာဖြစ်သော သူတို့လူသိုက်အား မည်သည့်နည်းနှင့်မျှ တည်းခိုခွင့်ပြုလိမ့်မည်မဟုတ်ပေ။

ပြီးတော့ ဤနေရာဤဒေသသည် ခရီးသွားဧည့်သည်များ တည်းခိုရသည့် တည်းခိုခန်းဆိုတာမျိုးလည်း ရှိမည်မထင်ပေ။ သိန်းထိုက်ပြောသကဲ့သို့ပင်။ လူမနေသည့် တိုက်ပျက်တစ်လုံးလုံးထဲ ဝင်အောင်း၍ ရှက်ဖျင်တဲထိုးကာ စတည်းချရတော့မည်သာဖြစ်သည်။

အခန့်သင့်ပင်။

မြို့ထဲဝင်၍ ဆယ့်ငါးမိနစ်ခန့် ခရီးဆက်လိုက်သည်နှင့် မီးလောင်၍ ပျက်စီးနေဟန်ရှိသော တစ်ထပ်တိုက်ပျက်ကလေးတစ်လုံးကိုတွေ့လိုက်ရတော့၏။ပို၍ အဆင်ပြေသွားသည်နှင့်ထိုတိုက်ပျက်ကလေးမှာ အရှေ့နံရံနှစ်ခုမှလွဲ၍ အတွင်းပိုင်းနှင့်အမိုးအကာ လုံးဝရှိမနေတော့ခြင်းပဲဖြစ်ပါ၏။ ပြီးတော့ ထိုတိုက်ပျက်ကလေး၏ ဘေးတစ်ဘက်တစ်ချက် အနီးတစ်ဝိုက်တွင် လူနေအိမ်ခြေ လုံးဝမရှိပဲ ဟာလာဟင်းလင်းဖြစ်နေခြင်းပဲဖြစ်ပါ၏။

ထိုနေရာလေးကိုကြည့်၍ သိန်းထိုက်သည် လွန်စွာပင် သဘောကျသွားသည်။

“အင်း . . တို့အတွက်တော့ နတ်တို့ဖန်ရေကန်အသင့် ကြာအသင့်ဖြစ်နေပြီဟေ့၊ အဲဒီ တိုက်ပျက်ကလေးမှာပဲ တို့တတွေ စတည်းချလိုက်ကြရင် ကောင်းမယ်ထင်တယ်”

စိုင်းလတ်ကလည်း ပြုံးပြုံးကြီးပင် ခေါင်းညိတ်ပြလျက် သဘောတူလက်ခံခဲ့ပါ၏။

“သိပ်ကောင်းတာပေါ့ . . သိန်းထိုက်ရာ၊ တို့အတွက် မိုးလုံလေလုံ ကောင်းကောင်းကြီးလုပ်လို့ရသွားတာပေါ့၊ မကြာခင် ရွာချတော့မယ့် မိုးအေးအေးနဲ့ ကောင်းကောင်းကြီး







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဇိမ်ယစ်လို့ရသွားတာပေါ့ဟ"

"ဒီနေရာဟာ ဘယ်လိုနေရာလဲဆိုတာ မင်းသေသေချာချာ မလေ့လာခဲ့ရသေးဘူးထင်တယ်၊ မင်းမိုးအေးအေးနဲ့ ကောင်းကောင်းကြီး ဇိမ်ယစ်လို့ကတော့ မင်းအဘတွေရဲ့ လက်ချက်နဲ့ တစ်ခါတည်း အသက်ပျောက်ဖို့သာပြင်ထားပေတော့ စိုင်းလတ်ရေ"

ဇော်လှိုင်မင်းက စိုင်းလတ်ကို သတိပေး၏။

"အဲဒါကို ငါသိပါတယ်ကွ. . ဇော်လှိုင်မင်းရ၊ ငါက အလကားစပြီးပြောတာပါ၊ ဒီလိုနေရာမျိုးမှာ သွားပြီး ဇိမ်ယစ်လို့ တစ်ခါတည်း ကားကနဲဖြစ်သွားမှာပေါ့၊ ဇိမ်ယစ်လို့ ဘယ်ဖြစ်မလဲ၊ မောင်ပေါက်ကျိုင်းထုံး နှလုံးမူပြီး ကြက်အိပ်ကြက်နိုးနေမှ တန်ကာကျမှာပေါ့. . သူငယ်ချင်းရာ"

စိုင်းလတ်က ပြန်ပြော၏။

"အင်း. . ဒါမျိုးကျတော့လည်း မင်းက သိတတ်သားပဲ"





ဇော်လှိုင်မင်းက မျက်နှာကို မဲ့၍ ပြော၏။ စိုင်းလတ်ဘာမှမပြောတော့။ သူတို့အားလုံး ထိုတိုက်ပျက်ကြီးဆီသို့ ဦးတည်ခဲ့ကြသည်။

ရောက်သည်နှင့်. . .။

သူတို့သည် မြင်းတွေပေါ်မှဆင်းကာ သစ်ပင်တစ်ပင်တွင် မြင်းများကို ချည်နှောင်ထားလိုက်သည်။ မြင်းတွေပေါ်မှ ပစ္စည်းပစ္စယများထည့်ထားသော အိတ်ကြီးကို တိုက်ပျက်ကြီးထဲသို့ ယူဆောင်လာခဲ့သည်။

အလုပ်သမားသုံးယောက်က အိတ်ကြီးတွေထဲက ရွက်ဖျင်ထုတ်ကာဘေးပတ်လည်ငုတ်စိုက်၍ ရွက်ဖျင်တဲထိုးလိုက်ကြသည်။

ထိုတိုက်ပျက်ကြီးထဲတွင် မှောင်နေသော်လည်း အတွေ့အကြုံရှိသော အလုပ်သမားတွေမို့ အကူမပါပဲ ရွက်ဖျင်တဲကို အမှားအယွင်းမရှိ ထိုးလိုက်နိုင်ကြသည်။

သိန်းထိုက်နှင့် သူငယ်ချင်းသုံးယောက်သည် ရိုက္ခာ



www.burmeseclassic.com

www.burmeseclassic.com



အိတ်များနှင့် အပိုပစ္စည်း အသုံးအဆောင်များ ထည့်ထားသည့် အိတ်များကို ရှက်ဖျင်တဲထဲသို့ သွင်းယူခဲ့သည်။

ဇော်လှိုင်မင်းသည် လေးမြှားကို ပခုံးတွင် သိုင်းလိုက်သလို မြှားတံဗူးကိုလည်း ကျောပြင်ပေါ်မှာ ချိတ်ထားလိုက်သည်။

"မီးထွန်းကွာ၊ တစ်တဲလုံး မှောင်မည်းနေတာပဲ၊ ကိုယ့်လက်တောင် ကိုယ်မမြင်ရတော့ဘူး"

လူဝကြီးအောင်ကျော်မိုးဖြစ်သည်။

သူက မီးထွန်းဖို့ ဆော်ဩသည်။ သိန်းထိုက်သည် အိတ်ထဲမှ ပျားဖယောင်းတိုင်ကြီးကို ထုတ်ကာ မီးခြစ်ခြစ်၍ ထွန်းညှိလိုက်သည်။

မီးလင်းသွား၏။

ရိက္ခာထည့်ထားသော အိတ်များနှင့်အခြားလိုရမယ်ရ ပစ္စည်းများထည့်ထားသော အိတ်ကြီးများက တဲထောင့်တွင် အစီအရီချထားပြီးလေပြီ။





ပြီးတော့ ကျည်အသင့်ထည့်ထားပြီးသား ရိုင်ဖယ်နှစ်လက်ကလည်း အိတ်တွေဘေးမှာ ထောင့်လျက်သား။ ငါးမူးလုံးခန့်ရှိ ကြိုးခွေတစ်ခွေ။

အစေးဆီမှ ခွေးအူသံလွင့်ပျံလာ၏။

စိုင်းလတ်သည် ကြွက်သီးမွေးညှင်းထသွားသလို ပခုံးတစ်ချက်တွန့်ပြရင်း ပေါက်စားဆယ်ချောင်း တွယ်ချိတ်ထားသော ခါးပတ်ကို ဆွဲဖြုတ်ကာ အိတ်တွေဘေးမှာ ချထားလိုက်သည်။

"ဒီညတော့ ဒီတဲထဲမှာ ကြုပ်ကြုပ်တည်းတည်းနဲ့ ဒီအတိုင်းပဲ ငုတ်တုတ်ထိုင်နေရတော့မယ်ထင်တယ်"

အောင်ကျော်မိုးဖြစ်သည်။

ရှက်ဖျင်တဲထဲတွင် ရှိနေကြသော လူတစ်စုကို ဝေ့ဝိုက်ကြည့်ပြီး စိတ်ပျက်သလို ပြောသည်။

"ဒါတော့ ဘယ်တတ်နိုင်မလဲ၊ အခြေအနေက ဒီအတိုင်းပဲဖြစ်နေပြီပဲဥစ္စာ၊ အရေးကြီးတာက ဘယ်ကမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ရန်သူတွေ ပေါ်လာပြီး တို့ကို မတိုက်ခိုက်ဖို့ပဲ"

ဇော်လှိုင်မင်းက တွေးတွေးဆဆ ပြောသည်။ သိန်းထိုက်က ဦးခေါင်းညိတ်ပြလိုက်ရသည်။

"အေး. . ဟုတ်တယ်၊ ဇော်လှိုင်မင်းပြောသလိုပဲ၊ တို့တွေဟာ တစိမ်းတွေရဲ့ နယ်မြေထဲကို ရောက်နေပြီပဲကွာ၊ အန္တရာယ်ဆိုတာလည်း အချိန်အခါမလပ် ပေါ်လာနိုင်တယ်၊ သတိဝိရိယထားနိုင်မှ တော်ကာကျမယ်၊ ဖြစ်နိုင်ရင်တော့ တစ်ယောက်တစ်လှည့်စီ ကင်းစောင့်နိုင်ရင် ကောင်းမယ်"

သိန်းထိုက်၏ အကြံပြုချက်ကို သူတို့အားလုံး သဘောတူကြဟန်ဖြင့် ခေါင်းညိတ်ပြကြသည်။

"မင်းပြောသလို ကင်းစောင့်တာတော့ ဟုတ်ပါပြီကွ၊ ဘယ်သူစောင့်မှာလဲ"

အောင်ကျော်မိုးက မေးသည်။

"မင်းပဲ စောင့်လိုက်ပေါ့ကွာ၊ မင်းကို ကြည့်ရတာ သိပ်ပြီး ခရီးပန်းလာတဲ့ပုံမပေါ်ဘူး"



စိုင်းလတ်က အောင်ကျော်မိုးကို ပြောလိုက်သည်။

အောင်ကျော်မိုးမျက်နှာကြီး ရှုံ့မဲ့သွား၏။ လက်တစ်ဖက်ကိုလည်း ရမ်းခါပြခဲ့ရာမှ တစ်ဆက်တည်း. . .။

"တော်စမ်းပါကွာ၊ ငါလည်း မင်းတို့လို ခရီးပမ်းလာတာပဲ၊ လူလူချင်းအတူတူ ကပ်ပြီး အနိုင်မယူချင်စမ်းပါနဲ့"

"ဒါဖြင့် ဘယ်သူစောင့်မလဲ"

စိုင်းလတ်က တစ်ယောက်ချင်းစီ၏ မျက်နှာကိုလိုက်လံကြည့်ရင်း မေးသည်။

ဤတွင် ကြားထဲကနေ ဇော်လှိုင်မင်းက မနေသာတော့သလို. . .။

"ကဲပါ. . တစ်ယောက်နှင့်တစ်ယောက် စကားများမနေကြစမ်းပါနဲ့၊ ဒီကင်းကိုတော့ ငါပဲစောင့်ပေးပါ့မယ်၊ လောလောဆယ်တော့ ဗိုက်ဆာနေလို့ စားစရာလေး ဘာလေးလုပ်ကြဦးလေကွာ"

"အေးကွာ၊ မင်းဘက်က အခုလို အဆုံးအဖြတ်ပေး

www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ အားလုံးအဆင်ပြေသွားတာပေါ့"

စိုင်းလတ်က မျက်နှာစပ်ဖြဖြနဲ့ ပြောသည်။ ဇော်လှိုင်မင်းက လက်ညှိုးတစ်ချောင်းထောင်ပြလျက်. . .။

"ငါက ဒီတစ်ညတည်းစောင့်ဖို့ပြောတာနော်၊ နောက်ညတွေကျရင် မင်းတို့ပဲ စောင့်ရမှာ"

"အေးပါ. . ဟုတ်ပါပြီ ကဲ. . ကဲ. . စားဖို့သောက်ဖို့စီစဉ်ကြတော့၊ အိတ်ထဲက အမဲခြောက်ဖုတ်နဲ့ ထမင်းခြောက်ကြော်ပဲ ဒီညစာအဖြစ် အသုံးချရမှာပဲ"

သိန်းထိုက်က ပြောပြောဆိုဆို ရိက္ခာတွေ ထည့်ထားသော အထုပ်အိတ်ဆီသို့ တိုးကပ်လာခဲ့သည်။





အခန်း- ၇

အတိတ်၏အရိပ်များနှင့်သူ

အချိန်သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံးနေသည်။ ညဉ့်ဆယ်နာရီကျော်နေပြီဖြစ်ကြောင်း သူ့လက်မှ မီးစုန်းနာရီက ဖော်ညွှန်းနေသည်။

ရွက်ဖျင်တဲထဲမှ လူတွေကတော့ အားလုံး ငြိမ်နေကြပြီးထိုင်ရင်းပဲ အိပ်နေကြသလား။ ဒါမှမဟုတ် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တစ်ယောက် ထပ်၍ အိပ်ပျော်နေကြသလား မပြော တတ်ပါ။

အပြင်ဘက်တွင် ကင်းစောင့်တာဝန်ကျနေသည့် ဇော် လှိုင်မင်းသည် အေးစိမ့်စိမ့်ဖြစ်ချင်လာသည်။ ညလေအေးမှာ စောစောကထက် ပိုမိုပတ်ကြမ်းတိုက်ချင်လာ၏။ ကောင်း ကင်ထက်ကနေ မိုးမွှားလေးများပင် မသိမသာ ကျဆင်း လာသည်။

မကြာမီ မိုးကြီးလေကြီးကျတော့မည်မှာ သေချာ၏။

ဇော်လှိုင်မင်းသည် ကြိုကြိုတင်တင် ဝတ်ဆင်ထား သော မိုးကာအင်္ကျီဇစ်ကို ရင်စေ့နေအောင် ဆွဲတင်လိုက်၏။ ဘေးတွင် ချထားသော မိုးကာဦးထုပ်ကိုလည်း ကောက် ဆောင်းလိုက်ပါ၏။ ခါးကြားတွင် ထိုးထားသော နှစ်တောင့် ထိုးလက်နှိပ်ဓာတ်မီးလေးကို ဘေးတွင် အသာချထားလိုက် ၏။

ညဦးသည် တိတ်ဆိတ်ငြိမ်သက်နေသည်ဟု မဆိုသာ



ပေ။ အဝေးဆီမှ တောခွေးအူသံ။ တဖြိုးဖြိုး တဖျတ်ဖျတ်ဖြင့် တိုက်ခတ်ပေး၍ ဟိုသည်ပျံနေသော ညဥ့်ငှက်တို့၏ လှုပ်ရှား သံ။ လေအတိုးကြောင့် သစ်ပင်ချင်း၊ သစ်ကိုင်းချင်း ပွတ် ကြိတ်သံ။ စသည်တို့က ညဥ့်၏ တိတ်ဆိတ်ခြင်းကမ္ဘာလေး ကို လှုန့်နှိုးနေဘိသို့ရှိသည်။

ဇော်လှိုင်မင်းသည် ဘာရယ်မဟုတ်ပဲ အတိတ်အ ကြောင်းကို ပြန်ပြောင်းတွေးတောနေမိသည်။

အထူးသဖြင့် သူငယ်ချင်းသိန်းထိုက်နှင့်ပတ်သက်စပ် လျဉ်းသော ကျောင်းတုန်းက အတိတ်အကြောင်းဖြစ်သည်။

တကယ်တော့ သိန်းထိုက်သည် သူ့အပေါ်တွင် အစစ အရာရာ အနွံတာခံခဲ့သူဖြစ်သည်။ တစ်ယောက်ယောက်နှင့် ဇော်လှိုင်မင်းစကားများရန်ဖြစ်ပြီဟေ့ဆိုလျှင် ဘယ်သူမှား မှားမှန်မှန်။ ကိုယ့်လူဘက်က အမြဲတစေ ပါပြီး ဖြေရှင်းပေး တတ်သည်။

ဇော်လှိုင်မင်း စာမလိုက်နိုင်လျှင်လည်း သိန်းထိုက်

www.burmeseclassic.com

www.burmeseclassic.com



သည် ဝင်ကူးပေးတတ်သည်။ ဆရာက ကျောင်းစာ မပြီး၍ အပြစ်ပေးတော့မည် ဆိုလျှင်လည်း သိန်းထိုက်သည် သင်ခန်းစာ စာအုပ်ချင်းလဲကာ သူကိုယ်စား အပြစ်ပေးတာကို ခံယူစမြဲဖြစ်သည်။

အတန်းထဲတွင် သိန်းထိုက်သည် စာတော်သည်။ အ နှိပ်တာခံသည်။ ထိုဂုဏ်ပုဒ်တွေကြောင့် အတန်းသားတွေက သိန်းထိုက်ကို ခင်မင်တွယ်တာကြသည်။ ထိုအထဲကမှ သိန်းထိုက်သည် ဝတီမိုးဆိုသည့် အချောအလှဘုရင်မလေး၏ အချစ်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့သည်။

တကယ်တော့ ဝတီမိုးသည် ကျောင်းတွင် အချောဆုံး အလှဆုံးဘွဲ့ထူးကို ရယူပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ပါ၏။ ဝတီမိုး၏ အချစ်ပန်းကို ဆွတ်လှမ်းယူဖို့ ကြိုးစားသူများတွင် ဇော်လှိုင်မင်းသည်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။

ဇော်လှိုင်မင်းသည် ရုပ်ချော၏။ ယောကျ်ားပီသသော ခန္ဓာကိုယ်ရှိသည်။ ပြီး . မိဘများကလည်း ငွေကြေးတောင့်





တင်းချမ်းသာ၏။မိဘများ၏အလိုလိုက်ခြင်းကို ခံရပြီး အစစအရာရာ အဆင်ပြေချောမွေ့နေသူတစ်ဦးလည်းဖြစ်ပါသည်။ ကျောင်းတွင် သူ့အချစ်ကို လက်ခံလိုသည့် အပျိုစင်ယမင်းချောတွေ ဒုနှင့်ဒေးရှိသည်။ ထိုအထဲကမှ သူသည် ဝတီမိုးကို စွဲလန်းမိသည်။ တိတ်တခိုးချစ်မိသည်။

တကယ်တန်း ဝတီမိုးက သူ့အချစ်ကမ်းလှမ်းမှုကို ငြင်းပယ်၍ သိန်းထိုက်၏ အချစ်ကို လက်ခံလိုက်သောအခါ ဖွင့်မတော့ ဇော်လှိုင်မင်းသည် ပထမတော့ သိန်းထိုက်နှင့်ဝတီမိုးတို့အပေါ်တွင် စိတ်ပျက်အမျက်ထွက်မိသေးသည်။

နောက်မှ သိန်းထိုက် သူ့အပေါ်တွင် ကောင်းမှုလေးတွေကို ပြန်မြင်ယောင်မိကာ သိန်းထိုက်အပေါ်မှာ အပြစ်မမြင်မိတော့။ ကိုယ့်စိတ်ကို ကိုယ်ဖြေသိမ့်နိုင်ခဲ့သည်။ နေသာထိုင်သာရှိအောင် နေနိုင်ခဲ့သည်။ ထိုသောအခါတွင် လူ့လောကကြီးသည် သာတောင့်သာယာရှိလာခဲ့တော့သည်။ ခွင့်လွှတ်ခြင်းဖြင့် သူ့စိတ်ရိုင်းကို ချုန်းအုပ်နိုင်ခဲ့သည်ပဲ မ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား။

အတိတ်အကြောင်းကို ပြန်ပြောင်းတွေးတောရင်းမှ တစ်ယောက်တည်းအလိုလို ပြုံးမိသွား၏။

သည်စဉ်မှာပင် မိုးမင်းက ဝေါကနဲ ရွာချလိုက်ပေတော့သည်။ နဂိုကမှ မည်းမည်းမှောင်နေရသည့်အထဲ ဝေါကနဲရွာသွန်းချလိုက်သော မိုးရေကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးသည် မှုန်ရီပြာမှိုင်းသွားလေတော့၏။

စောစောတုန်းက ပြေပြေကလေးသာ တိုက်ခတ်နေသော လေကလည်း ဝှေ့ရမ်းစပြုလာ၏။ အဝတ်မဲ့ ပါးပြင်ကို မိုးရေငွေမြှားတံလေးတွေက အဆက်မပြတ် ထိမှန်နေသောကြောင့် ဖျဉ်းစပ်စပ်ဝေဒနာကို ခံစားရသည်။

ဩော်. . ဝတီမိုးအကြောင်း တွေးမိသောကြောင့် မိုးမင်းက အပြိုးကြီးစွာဖြင့် ရွာသွန်းလိုက်တာများလား။ ဝတီမိုးကို ပို၍သတိတရဖြစ်အောင် ဖန်တီးလိုက်လေရော့သလား။

မဆီမဆိုင် သူဖာသာသူ အရှိန်အဝါသင့်၍ ရွာသွန်း



နေသော မိုးကိုပင် ဝတီမိုးနှင့်အတူ ယှဉ်တွဲမိသည်။ ဇော်လှိုင်မင်းသည် မျက်နှာပေါ်တွင် ထင်ကျန်နေသော မိုးစက်ပေါက်များကို လက်ခုံဖြင့် အသာတို့သုတ်လိုက်မိသည်။

“ရှူး. . ရှူး. . ရှူး”

မိုးသံလေသံကို ထွင်းဖောက်၍ ထွက်ပေါ်လာသော အသံ။ သိသာထင်ရှားလှသည်။ သူထိုင်နေသည့် နေရာနှင့် ရိုးပြတ်ဘက်ဆီမှ ဖြစ်သည်။ အတွေ့အကြုံအရ သူနားကလည်း လှစ်ကနဲ ပါးနပ်လွန်းလှသည်။

သတိကို အစဉ်မပြတ် လက်ကိုင်ပြုထားသောကြောင့်လည်း ထိုအသံကို ကြားရခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ တော်ရုံတန်ရုံသာဆို ထိုအသံကို ကြားသိသတိပြုမိမည် မထင်ပေ။

ဇော်လှိုင်မင်းသည် ဘေးတွင်ချထားသော လက်နှိပ်ဓာတ်မီးကို ကောက်ကိုင်ကာ အသံကြားရာဘက်ဆီသို့ အထိုးကြည့်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပါ၏။

မြင်ရပါ၏။

နှစ်ထောင့်ထိုး လက်နှိပ်မာတ်မီးရောင်အောက်တွင် တင်းတင်းကြီးဖြစ်နေသော တရှုးရှုးအသံပြုနေသည့် အသံပိုင်ရှင်ကို မြင်တွေ့ရပါ၏။

ကျပ်ဝိုင်းခန့်ရှိ မျက်လုံးအစုံဖြင့် ညှို့ငင်နေသလို လှည်းကြည့်နေသည်။ဝင့်ချီထက်ချီ ဖြစ်နေသော လျှာနှစ်ခု ငေါထွက်နေသည့် ဘေးတစ်ဘက် တစ်ချက်ဆီမှ အစွယ်နှစ်ချောင်း။ ပါးပျဉ်းကြီးကိုလည်း ထောင်ထား၏။ လုံးပတ်မှာ သူ့လက်မောင်းခန့်ရှိမည်ဟု ခန့်မှန်းရသည်။ အရှည်မှာ မည်မျှရှည်မည်ကိုတော့ ခန့်မှန်း၍မရပေ။

တကယ်တော့ ထိုသတ္တဝါ၏ နောက်ပိုင်းအမြီးမှာ ကျောက်တုံးကြီးနှစ်တုံး၏ နောက်ကွယ်တွင် ပျောက်ကွယ်နေသည်ပဲ မဟုတ်လား။ ပါးပျဉ်းထောင်ထနေသော မြွေဟောက်ကြီးတစ်ကောင်ပါပေတည်း။



အမှန်ပင် မြွေဟောက်ကြီးသည် ဝေါမာန်ကြီးကြီးဖြင့် သူ့အား ပေါက်တော့မည့်ဟန်နဲ့ ပါးပျဉ်းထောင်နေပေသည်။ ဇော်လှိုင်မင်းသည် သူ့ကိုယ်သူ မလှုပ်မိအောင် ကျောက်ဆစ်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်နေမိသည်။

လူကသာ ငြိမ်နေမိသည်။ စိတ်ကတော့ အငြိမ်မထားနိုင်ပေ။ လှုပ်ရှားချင်တိုင်း လှုပ်ရှားနေသည်။ သူ့ဘက်က ချက်ကလေး တိမ်းစောင်း၍ လှုပ်ရှားလိုက်လျှင် မြွေဟောက်ကြီးလှမ်းပေါက်လိုက်မှာကိုလည်း စိုးရိမ်ရသေး၏။

ဇော်လှိုင်မင်းသည် မျက်လုံးကို ထောင့်ကပ်၍ မြွေဟောက်ကို မျက်ခြေမပြတ် ကြည့်နေမိသည်။ မြွေဟောက်ကြီးက ရှေ့သို့ မသိမသာ တိုးရွေ့လာ၏။ ဇော်လှိုင်မင်းနှင့် သုံးပေခန့်အကွာအဝေးသို့ ရောက်ရှိလာ၏။

ထိုသတ္တဝါကြီးသည် အနားသို့ရောက်သည်နှင့် သူ့အား လှမ်းပေါက်တော့မည်ကို ဇော်လှိုင်မင်း တည့်တည့်ပပ

www.burmeseclassic.com

www.burmeseclassic.com



ရှိပ်စားမိလိုက်သည်။ သူ့ဘက်က လက်ဦးမှုရမှုဖြစ်တော့မည်ကိုလည်း သိနားလည်လိုက်မိသည်။

"ရှူး..ရှူး..ရှူး..."

မြွေဟောက်ကြီးသည် တရှူးရှူးအသံပေး၍ ရှေ့ဆီသို့ တိုးလှမ်းလာနေ၏။

ဇော်လှိုင်မင်းသည် မြွေဟောက်ကြီးကို မျက်ခြည်မပြတ်ကြည့်ရင်း လက်ကလည်း ခါးဘေးမှာ ထိုးထားသောပေါက်ဓားဆီသို့ ရွှေ့လျားလျက်ရှိသည်။

မြွေဟောက်ကြီးသည် လက်တစ်ကမ်း အကွာဆီသို့ ရောက်လာ၏။ ဇော်လှိုင်မင်းအား လှမ်းပေါက်ဖို့ အားယူလိုက်သည်။ ဇော်လှိုင်မင်းက မြွေဟောက်ကြီးထက် လက်ဦးမှုရအောင် လှုပ်ရှားပစ်လိုက်သည်။ ပေါက်ဓားကို ဆတ်ကနဲဆွဲထုတ်လိုက်ရာမှ အဆက်မပြတ် လှုပ်ရှားလိုက်သည်။

"ရှပ်"

"ဒုတ်"





မြွေဟောက်ကြီး၏ ဦးခေါင်းပိုင်းနှင့်ဇော်လှိုင်မင်း၏ လက်ထဲမှ ဓားရှေ့ ချက် မိမိရရ ထိတွေ့မိလိုက်သည့်နောက်။ မြွေဟောက်ကြီး၏ ဦးခေါင်းမှာ လည်ပင်းကနေ တိကနဲပြတ်ထွက်သွားလေတော့သည်။

မြွေဟောက်ကြီး၏ ဦးခေါင်းမှာ မြေပြင်ထက်သို့ ကျဆင်းသွားသလို အမြီးပိုင်းမှာ ထွန့်ထွန့်လူးနေတော့သည်။ သွေးစိမ်းရှင်ရှင်တွေကလည်း အဆက်မပြတ် ထွက်ကျကာ အနီးတစ်ဝိုက်တွင် ကျဆင်းနေသော မိုးရေတွေနှင့်အတူ စီး

ဆင်းမျောပါကုန်တော့သည်။

ဇော်လှိုင်မင်းသည် အောင့်ထားသမျှ အသက်ကိုပြင်းစွာရှူလိုက်မိသည်။ သွေးတွေ စွန်းပေနေသော ဓားကိုလည်း မိုးရေဖြင့် ဆေးကြောလိုက်သည်။

လက်နှိပ်ဓာတ်မီးအလင်းရောင်အောက်တွင် ဓားသွားရောင်သည် တလက်လက်ရှိသည်။ တကယ့်ကို မြနေအောင်



www.burmeseclassic.com

www.burmeseclassic.com



ပင် ထက်လိုက်ပါသည့်အားပါပဲ။

"အခြေအနေ ဘယ်လိုလဲ၊ တစ်ခါတည်း ကိစ္စချော သွားပြီလား"

ဇော်လှိုင်မင်း သမင်လည်ပြန် လှည့်လိုက်မိသည်။ ရွက်ဖျင်တဲဝတွင် ရပ်ရင်း သူ့ကို ကြည့်နေသော သိန်းထိုက် အား တွေ့ရသည်။

ဇော်လှိုင်မင်းက ပခုံးတစ်ချက်တွန့်ပြလျက်. . .။

"ဟုတ်တယ်၊ တစ်ချက်တည်းနဲ့ ကိစ္စချောသွားတယ်၊ ငါကမသတ်ရင် သူက ငါ့ကို ပေါက်သတ်တော့မှာ"

"သိပ်သေချာတာပေါ့၊ အင်း. . ပဏာမစစ်ဆင်ရေး တော့ စလာပြီလို့ ဆိုရမယ်၊ နောက်ထပ် ဘယ်လိုအန္တရာယ် တွေ ထပ်ပြီးရင်ဆိုင်ရဦးမယ် မဆိုနိုင်ဘူး၊ ဒီအနီးအနားတစ် ဝိုက်မှာ ဒီလို သတ္တဝါမျိုးတွေ အများကြီး ရှိဦးမှာ သေချာ တယ်၊ တို့အနေနဲ့ သတိဝီရိယကို ယခုထက်ပိုပြီး ထားမှဖြစ် လိမ့်မယ်"





သိန်းထိုက်က တွေးတွေးဆဆပြောသည်။

တကယ်တော့ ဤနေရာဒေသတစ်ဝိုက်မှာ မြေများ သည် အမာစားထဲက မဟုတ်ပေ။ မြေပျော့တွေသာဖြစ်၏။ မိုးရေထိတွေ့ရုံနဲ့ ရွှံ့ နွံဖြစ်ကာ တခဏချင်း ပွက်ပေါက်တတ် သည်။ဤလိုနေရာမျိုးတွင် မြွေဆိုသည့်သတ္တဝါများသည် အ များဆုံး ခိုအောင်းတတ်သည်။ရေမြောင်းသဖွယ်ဖြစ်နေသော လမ်းမြောင်လမ်းကြားမှနေ၍ သူတို့၏ အစာအား ချောင်း မြောင်းစောင့်ဆိုင်းလေ့ရှိတတ်သည်။

"မင်းကော မအိပ်သေးဘူးလား"

ဇော်လှိုင်မင်းက သိန်းထိုက်ကို မေးလိုက်သည်။

သိန်းထိုက်က သက်ပြင်းတစ်ချက်ချလျက်. . .။

"အိပ်လို့မရပါဘူး. . သူငယ်ချင်းရာ၊ တောင်တောင် အီအီ အတွေးတွေ လျှောက်တွေးနေတာနဲ့တင် အချိန်ကုန် သွားတယ်"

ဇော်လှိုင်မင်းက သဘောကျသလို ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ၊ မင်းနှင့်ဝတီမိုးအကြောင်းတွေးနေလို့ အိပ်မပျော်တာမဟုတ်လား"

သိန်းထိုက်က အရှက်ပြေ ဟက်ကနဲ တစ်ချက်မျှရယ်သံပြုလျက်. . .။

"အဟဲ. . ဘာဖြစ်လို့ အမှန်တရားတွေ လျှောက်ပြီးပြောနေရတာလဲ၊ ဟုတ်တယ်၊ ဝတီ့အကြောင်းကို တွေးနေတာနဲ့ မအိပ်ဖြစ်တာပဲ"

"ငါ. . . ကိုယ်ချင်းစာပါတယ်. . သူငယ်ချင်းရာ၊ ငါ တောင်မှ ကျောင်းတုန်းက အဖြစ်တွေကို ပြန်တွေးနေမိသေးတာ၊ အဲဒီလို တွေးနေမိလို့လည်း ကံကောင်းသွားတာပေါ့ကွာ၊ နို့မို့ဆိုရင် ဒီသတ္တဝါကြီးကို ဘယ်တွေ့ဖြစ်လိမ့်မလဲ"

"ဒါကိုထားဦး၊ ကြည့်ရတာ မနက်ဖြန်မနက်အထိမှ မိုးတိတ်ပါ့မလားမသိဘူး၊ တို့အနေနဲ့ ဒီကနေ စောစောစီးစီး ထွက်နိုင်လေကောင်းလေပဲ၊ တောအုပ်ထဲကို ရောက်ဖို့ဆိုတာ နောက်ထပ် နှစ်ရက်လောက် ခရီးဆက်ရဦးမှာပဲ၊ ဒီ





ကြားထဲမှာဘယ်လိုပြဿနာတွေ ကြုံလာရဦးမယ်မသိဘူး"

သိန်းထိုက်က အဆက်မပြတ် ကျဆင်းနေသော မိုးရေငွေမြှားတံတွေကို မော့ကြည့်ရင်းမှ ပြောသည်။

"အန္တရာယ်ရှိမယ်မှန်း အစကတည်းက သိရဲ့သားနဲ့ ဒီခရီးလမ်းကို ထွက်လာခဲ့ပြီးပြီပဲဥစ္စာ၊နောက်ထပ် ဘာတွေပဲ ကြုံရကြုံရ ရင်ဆိုင်နိုင်ဖို့ အဆင်သင့် ပြင်ဆင်ပြီးသားပဲဥစ္စာ၊ သိပ်တော့ ပြဿနာမရှိပါဘူး၊ အရေးကြီးတာက တို့တတွေ ရည်မှန်းချက်ပြည့်ပြီး အပြန်လမ်းမျက်နှာပန်းလှဖို့ပဲ"

ဇော်လှိုင်မင်းပြောသလို ဟုတ်တော့လည်း ဟုတ်သား။ အန္တရာယ်ရှိမှန်းသိလျက်နဲ့ ဒီလမ်းခရီးကို နှင်လာခဲ့ကြခြင်းဖြစ်သည်။ ကြုံတွေ့လာမည့် အန္တရာယ်မှန်သမျှကို ခါးစီးပြီး ရင်ဆိုင်နိုင်ဖို့သာ အရေးကြီး၏။

အရေးကြီးတာက ရည်မှန်းချက်ပြည့်ဝပြီး အပြန်လမ်းဖြောင့်ဖြောင့်တန်းတန်း ဖြစ်ဖို့သာ။ အချွတ်အချော် အတိမ်းအစောင်းမဖြစ်ဖို့သာ အရေးကြီး၏။



www.burmeseclassic.com

www.burmeseclassic.com









## အခန်း - ၈

## ညည်းညူသံ

သန်းခေါင်ယံအကျော်လောက်တွင် မိုးသည် အနည်းငယ်စဲသွား၏။ ဖွဲဖွဲဖွဲဖွဲမျှသာ ကျဆင်းနေသည်။

သူတို့သည် နံနက်သုံးချက်တီး အချိန်လောက်တွင် အားလုံး အိပ်ယာမှ နိုးထနေကာ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ကြသည်။ စားစရာရှိသည်များ စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း အမဲခြောက်ဖုတ်နဲ့ ထမင်းခြောက်ကြော်။

စိုင်းလတ်က မြွေသားစားချင်သည်ဆိုကာ ဦးခေါင်းပြတ်နေသော မြွေဟောက်ကြီး၏ကိုယ်ပေါ်မှ အသားများကို ဖြဟ်လှီးကာ အိတ်တစ်အိတ်ထဲထည့်၍ ယူလာခဲ့လေသည်။

သူတို့ တိုက်ပျက်ကြီးထဲမှ ထွက်လာတော့ သုံးနာရီ ကျော်နေလေပြီ။ မိုးရွာနေသောကြောင့် တစ်ကြောင်း။ နေရောင်မထွက်သောကြောင့် တစ်ကြောင်း။ နံနက်သုံးနာရီသာ ဆိုရသည်။ ညဥ့်အမှောင်ထု၏ ခြယ်လှယ်မှုကို ခံနေရဆဲဖြစ်သည်။ လမ်းခရီးတွင်လည်း လမ်းသွားလမ်းလာတစ်ယောက် တစ်လေမှ မတွေ့ရ။

"ဝူး. . အူး. . အူး. . အူး. . ."

အဝေးဆီမှ ခွေးအူသံတွေကို အတိုင်းသားကြားနေရသည်မှာ စိဘ်ခြောက်ချားစရာကောင်းလှသည်။ မြေပုံလမ်းညွှန်အရ သူတို့သည် အရှေ့စူးစူးလမ်းကြောင်းအတိုင်း ခရီးဆက်ခဲ့ကြသည်။





နာရီဝက်ခန့် ခရီးဆက်လိုက်သည်နှင့် မိုးသည် လုံးလုံးလျားလျား တိတ်သွားပြီ ဖြစ်သည်။ ကောင်းကင်ပြင်တွင် တိမ်မည်းမှောင်များ လေနှင့်အတူ လွင့်မျောကာ ပြာလွင်သော တိမ်သားများက နေရာယူလာကြသည်။ နေရောင်သည်ပင် ထွက်ပြူစပြုလာပြီဖြစ်သည်။

ရှေ့သို့ရောက်လာလေလေ လူနေအိမ်ခြေမှာလည်း ပိုပြီးကျဲလာလေဖြစ်သည်။ မိုးတိတ်သွားသောကြောင့်ထင်ပါသည်။ လမ်းပေါ်တွင် လူသွားလူလာများကို တွေ့စပြုလာ၏။ မြို့တွင်းသို့ စီတန်းဝင်ရောက်လာသော သူတို့လူစုကို လေ့လာစူးစမ်းသည့် အကြည့်ဖြင့် ကြည့်လာကြသည်။

ယခုအချိန်ထိတော့ အန္တရာယ်ပေးမည့်သူတစ်ဦးတစ်ယောက်မှ မတွေ့ရသေး။သူတို့လိုပင် ခရီးသွားဧည့်သည်တွေ မကြာခဏ ဖြတ်သွားဖြတ်လာ ပြုနေကြသောကြောင့် သူတို့အမြင်မှာ ရိုးနေဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အဆက်မပြတ် ခရီးနှင်ခဲ့ကြသည်။ နေရောင်ကွယ်ပျောက်၍ ညမှောင်ရီသန်းသည့်အချိန်ရောက်တော့မှပင် ခရီးသွားခြင်းကို ရပ်နား၏။

ထုံးစံအတိုင်း တိုက်ပျက်ကြီးတစ်လုံးထဲဝင်၍ ရွက်ဖျင်တဲထိုး၍ ညစာစားကြသည်။

သည်တစ်ခါတော့ အနီးတစ်ဝိုက်မှာတွေ့ရသော သစ်ကိုင်းခြောက်များ ကောက်ယူကာ မီးဖို၍ သူတို့တွင်ပါလာကြသော ငါးရံ့ခြောက်များကို မီးဖုတ်သည်။ ထိုငါးရံ့ခြောက်ဖုတ်ကို မျှင်ကာ ဆီဆမ်းသည်။ စိုင်းလတ်ကတော့ မြွေအရေခွံခွာကာ အသားများကို တုတ်ချောင်းများဖြင့် တံကျင်လျှို၍ မီးတွင်ကင်၏။ ထိုနောက် ထမင်းခြောက်ကြော်များထုတ်ကာ ငါးရံ့ခြောက်ဖုတ်ဆီဆမ်းနဲ့ စားသူကစားသည်။ မြွေသားကင်နဲ့ စားသူကစား၏။

စိုင်းလတ်အဖို့ မြွေသားကင်သည် လွန်စွာပင် ခံတွင်းတွေ့အရသာရှိပုံပေါ်၏။ ထမင်းခြောက်ကြော်နှင့်အတူ မြွေသားကင်ကို ခေါင်းမဖော်တမ်းပင်စား၏။

"စိုင်းလတ်တို့ကတော့ စံပဲ၊ ဘေးလူတွေကိုတောင် စားပါဦးလို့တောင် ခေါ်ဖို့သတိမရတော့ဘူး၊ တစ်ယောက်တည်း ကြိတ်နေလိုက်တာ၊ ခေါင်းတောင် မဖော်တော့ဘူး တကယ်ပဲ"

လူဝကြီးအောင်ကျော်မိုးက စိုင်းလတ်ကို လှမ်း၍စသည်။ စိုင်းလတ်က နှုတ်ခမ်းထောင့်စွန်းတွင် ပေရေနေသည်များကို လက်ခုံဖြင့် တို့သုတ်ကာ. . .။

"ဒါကတော့ကွာ၊ တယောက်နှင့်တစ်ယောက် ခေါ်မှပြောမှ စားရသောက်ရမယ့်လူတွေမှ မဟုတ်တာ၊ ကိုယ်စားချင်သောက်ချင်ရင် လာစားသောက်လို့ရတာပဲ ဥစ္စာ၊ စားချင်ရင်လည်း လာလေကွာ"

အောင်ကျော်မိုးက မျက်နှာကြီးရှုံ့မဲ့လျက်. . .။

"စားပါကွာ၊ မင်းတစ်ယောက်တည်းပဲ စားပါ၊ မင်းစားတာကိုကြည့်ပြီး ငါလည်း အလိုလိုနေရင်း ဗိုက်ဂနေပါပြီကွာ"




မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ညည်းညူသံကြီးတစ်သံကို အားလုံးပင်ကြားလိုက်ရခြင်းဖြစ်ပါ၏။

“အင်း. . ဟင်း. . ဟင်း. . ဟင်း”

သိန်းထိုက်သည် ထမင်းခြောက်ကြော် ပန်းကန်ကိုဘေးတွင် အသာချလျက်။ စောစောက ရုတ်တရက်ကြားလိုက်ရသော ညည်းညူသံကြီးကို တဖန်ပြန်ကြားရနိုးဖြင့်နားကိုစွင့်ထားလိုက်ပေသည်။

ထိုညည်းညူသံသည် အခိုက်အတန့်မျှ ပျောက်သွားပြီးနောက် ပြန်လည်ပေါ်လာ၏။

“အင်း. . အဟင်း၊ ဟင်း”

လူတစ်ယောက်၏ ညည်းညူသံပေပဲ။

ဒဏ်ရာအနာတရ ရနေသော လူတစ်ယောက်၏ ညည်းညူသံဖြစ်မှန်း သိန်းထိုက်ရိပ်စားလိုက်မိသည်။

“လူတစ်ယောက်ယောက်ရဲ့ ညည်းသံပဲကွ၊ အပြင်ဘက်မှာ ဒဏ်ရာရထားတဲ့လူတစ်ယောက်ယောက်တော့ ရှိ





နေပြီထင်တယ်”

ဇော်လှိုင်မင်းက မှတ်ချက်ချလိုက်သည်။

“ထောင်ချောက်ဆင်တာ ဖြစ်နေဦးမယ်နော၊ သတိတော့ ထားကြဦး”

အောင်ကျော်မိုးက သတိပေးသည်။ သူ့မျက်လုံးအကြည့်ကလည်း တဲထောင့်မှာ ထောင်ထားသော ရိုင်ဖယ်သေနတ်တွေဆီကို ရောက်သွား၏။ အရေးအကြောင်းဆို သေနတ်ပြေးဆွဲဖို့လည်း ကိုယ်ဟန်အနေအထားကို အဆင်သင့်ပြင်ထား၏။

သိန်းထိုက်သည် ရွက်ဖျင်တဲထဲမှ ထွက်ခဲ့သည်။ ညည်းညူသံကြားရာဘက်ဆီသို့ လှမ်းခဲ့သည်။ အဆောက်အဦးအပြင်ဘက် ညာဘက်ဆီမှ ထိုညည်းညူသံထွက်ပေါ်နေခြင်းဖြစ်လေသည်။

အံ့ဩစရာကောင်းသည်မှာ မိုးကောင်းကင်ပြင်တွင် တိမ်သလ္လာကင်းစင်၍ လမင်းအလင်းရောင် ထွက်ပေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင်ဖြစ်သည်။ ထိုလမင်းအလင်းရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ထင်းလင်းစွာ တွေ့မြင်ရလေသည်။

မိန်းမပျိုလေးတစ်ယောက်ဖြစ်သည်။

အဆောက်အဦးပျက် နံရံမှီထိုင်ကာ ဦးခေါင်းလေးမော့၍ နှုတ်မှ တညည်းညည်း၊ တညူညူပြုနေခြင်းဖြစ်၏။ သူမ၏ ရှည်လျားဖားဝေသော ဆံပင်တို့သည် ကျောပြင်ပေါ်တွင် ပုံလျက်သား ကျနေသည်။ ဖုန်မှုန့်အလိမ်းလိမ်းအကျံကျံ ဖြစ်နေသော အင်္ကျီအဖြူရောင်နှင့်ပြောင်ထမီနက်ပြာရောင်ကို ဝတ်ဆင်ထား၏။

တစ်စုံတစ်ရာသော အရာဝတ္ထုတစ်ခုခုနဲ့ ငြိတွယ်ခဲ့ဟန်ဖြင့် ထမီမှာ ပေါင်နေရာတစ်ဝိုက်တွင် ကျပ်ဝိုင်းခန့်စုတ်ပြဲလျက်ရှိ၏။ ထို့အတူ အင်္ကျီလက်မောင်းနှစ်ဖက်ရှိ အင်္ကျီလက်မောင်းစတွေမှာလည်း စုတ်ပြတ်လျက်ရှိ၏။

မည်သို့ပင်ဖြစ်စေ ငယ်ရွယ်နုပျိုသည်ဆိုတာကိုတော့ သူမ၏ သွင်ပြင်ကိုကြည့်မြင်ရုံနဲ့ သိသာနိုင်သည်။ အသက်





ကို ပြင်းပြင်းရှူနေသောကြောင့်လည်း အတက်အကျ မြန်ဆန်စွာဖြစ်ပေါ်နေသော ရွှေရင်အစုံမို့မို့ကို အတိုင်းသားတွေ့မြင်နေရသည်။

ဒူးဆစ်ကွေး၍ ထိုင်နေသောကြောင့်လည်း ဘေးသို့စွန်းထွက်နေသော တင်ပါး။ ဒူးဆစ်နှစ်ဘက်ကို ပိုက်ထားသော လက်မောင်းအိအိ။ ကိုယ်ခန္ဓာ အဆစ်အပေါက်တင်ရင်သပ်ရှုမောစရာကောင်းသည်မဟုတ်သေးပါ။

လရောင်အောက်တွင် ဘေးတိုက်အနေအထားဖြင့်တွေ့နေရသည်။သူမ၏ မျက်နှာလေးမှာလည်း လှပချောမောကြောင်း သိသာလွန်းလှ၏။ မျက်ခုံးမွှေးမထူမပါး။ ကော့စင်းသောမျက်တောင်။ တောင်ကုန်းမို့မို့လေးသဖွယ် အောက်သို့ပြေးဆင်းသွားသော နှာတံ။ မပွင့်တပွင့်လေး ပွင့်အာရင်းမှ ညည်းညူသံ ပြုနေသည့် နှုတ်ခမ်းနှစ်လွှာမှာ လေးကိုင်းသဏ္ဌာန်အလား။ မေးစေ့လေးမှာ သွယ်သည်။ ဖျော့ဖျော့ယောင်းပမာပျော့ပြောင်းလှသော ရွှေလည်တိုင်။ အသက်



www.burmeseclassic.com

www.burmeseclassic.com



အရှယ်မှာ နှစ်ဆယ်ကျော်ရုံလေးသာ ရှိမည်ဟု ခန့်မှန်းရသည်။

မည်သို့ပင်ဆိုစေ။

သူကလေး၏ သွင်ပြင်မှာ လောလောဆယ်တွင် နွမ်းနွမ်းဖတ်ဖတ်ဖြစ်နေသော်လည်း ပကတိရုပ်သွင်နှင့်အဆင်းအလှကိုတော့ ဘယ်လိုမှ ဖျောက်ဖျက်၍မရပေ။

သိန်းထိုက်သည် တဒင်္ဂအတွင်း သူကလေး၏ သွင်ပြင်သဏ္ဌာန်ကို ခြုံငုံအကဲခတ်မိပြီး ဖြစ်သည်။ သူသည် သူမ၏ဘေးတွင် ဒူးတုပ်ထိုင်လိုက်ရာမှ. . .။

"ဒီမှာ. . . ညီမ"

သိန်းထိုက်၏ ခေါ်သံကြောင့်ထင်သည်။ မိန်းမပျိုလေးသည် မျက်လွှာလေးအထက်လှန်၍ သိန်းထိုက်အား စောင်းငဲ့ကြည့်လာ၏။ သူမသည် တစ်စုံတစ်ရာ ပြောလိုဟန်ဖြင့် နှုတ်ခမ်းနှစ်လွှာ တလှုပ်လှုပ်ဖြစ်နေသည်။

"ဒီမှာ. . ညီမ၊ မင်းဘာဖြစ်နေတာလဲ"





သိန်းထိုက်က ဂရုဏာသက်စွာ မေးလိုက်သည့်နောက် သူမထံမှ အသံထွက်လာသည်။

"ညီမ. . ရေ. . ရေသောက်ချင်တယ်"

သူမသည် ရေအလွန်အမင်း ဆာလောင်နေပုံရ၏။ သူမ၏ အသွင်သဏ္ဌာန်က အဝေးတစ်နေရာကနေ အမောတကော ပြေးလာသူတစ်ယောက်နှယ်သာတည်း။

"မင်း. . . မတ်တတ်ရပ်နိုင်သလား၊ ကိုယ်တွဲထူပေးမယ်လေ၊ ဘယ်လိုလဲ"

သိန်းထိုက်၏ အမေးကို မိန်းမပျိုက ဦးခေါင်းကလေး မသိမသာ ညိတ်ပြသည်။ သိန်းထိုက်သည် မိန်းမပျို၏ လက်မောင်းတစ်ဖက်ကို ဆွဲကိုင်၍ မတ်တတ်ထစေသည်။

သိန်းထိုက်သည် မိန်းမပျိုအား အသာအယာလျှောက်လှမ်းစေကာ ရွက်ဖျင်တဲဆီကို ဖေးဖေးမမခေါ်ဆောင်လာခဲ့သည်။

အသားချင်း ထိတွေ့တော့မှပင် မိန်းမပျို၏ အသား



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ ခြစ်ခြစ်တောက်ပူနေသည့်အဖြစ်ကို သတိထားမိ၏။ သူမတွင် အဖျားဝင်နေပြီပဲ။ ရွက်ဖျင်တဲထဲကို ရောက်သည်နှင့်ထောင့်တစ်ထောင့်မှာ အသာအယာ နေရာချပေးလိုက်သည်။

"ဘာဖြစ်တာလဲ"

ဇော်လှိုင်မင်းက မိန်းမပျိုအား လှမ်း၍ အကဲခတ်သလို ကြည့်ရင်း မေးသည်။ သိန်းထိုက်သည် အသင့်ကျိုထားသော မတ်ခွက်ထဲမှ ရေနွေးကို အကြမ်းပန်းကန်လုံးလေးထဲ ထည့်၍ မိန်းမပျိုလေးအားပေးလိုက်သည်။

မိန်းမပျိုက မှေးစင်းရီဝေနေသော မျက်လုံးအစုံဖြင့် သိန်းထိုက်ကို တစ်ချက်မျှ အကဲခတ်သလို ကြည့်ပြီးနောက် ရေနွေးကို ယူသောက်သည်။

"သူဖျားနေတယ်၊ အပြင်ဘက်မှာ ညည်းနေတာတွေ့လို့ ခေါ်လာတာ"

သိန်းထိုက်က လိုရင်းတိုရှင်း အဖြေပေးလိုက်သည်။





"မင်းတစ်ခုခုစားမလား"

သိန်းထိုက်သည် မိန်းမပျိုကို မေးလိုက်သည်။ မိန်းမပျိုကို ကြည့်ရသည်မှာ အစာရေစာပြတ်လတ်ပြီး ဆာလောင်မွတ်သိပ်နေပုံရသည်ဟု ထင်မိသည်။

သူမက ခေါင်းညိတ်ပြလျက်. . .။

"ညီမ. . ဘာမှမစားရတာ နှစ်ရက်ရှိပြီ၊ ဗိုက်ထဲမှာ ရေပဲရှိတယ်"

သူမသည် ရုပ်ရေတင် လှပသည် မဟုတ်ပေ။ ခန္ဓာကိုယ်တောင့်တင်းဖြောင့်စင်းသည် မဟုတ်သေး။ ထွက်လာသည့် အသံလေးကလည်း သာယာကြည်စင်သည်။

"လောလောဆယ်တော့ ကိတ်မုန့်ရှိတယ်၊ ကိတ်မုန့်စားထားလိုက်ပေါ့"

သူမက ခေါင်းညိတ်ပြလိုက်သည်။

သိန်းထိုက်သည် ပလိန်းကိတ်တစ်လုံးထုတ်ကာ ခပ်ပါးပါး နှစ်စိပ်လှီး၍ မိန်းမပျိုလက်ထဲ ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်မျှ ဆာလောင်မွတ်သိပ်နေသည်မသိ။ သူမ၏ ပလုပ်ပလောင်းစားမှုကြောင့် ကိတ်မုန့်နှစ်ချပ်မှာ တခဏချင်း ကုန်သွား၏။

အစားဝင်သွားပြီးသည်နှင့် သိန်းထိုက်သည် အဖျားကျဆေးတစ်လုံး ထုတ်၍ တိုက်လိုက်သည်။ အစာဝင်သွားသောကြောင့်လား။ ဆေးသောက်လိုက်သောကြောင့်လား မပြောတတ်။ မိန်းမပျို၏ သွင်ပြင်မှာ အနည်းငယ် လန်းဆန်းလာသလို ရှိသည်။

"မင်းဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာတာလဲ၊ မင်းဒီကပဲလား"

အနီးကပ်မြင်တွေ့ရတော့မှပင် မိန်းမပျို၏ အသားအရေမှာ အနည်းငယ် နီစပ်စပ်ဖြစ်နေသောကြောင့် သူမသည် မည်သည့်နည်းနဲ့မှ ဤအရပ်ဒေသမှ မဟုတ်နိုင်ဟု တွေးမိလိုက်သည်မို့ ထိုကဲ့သို့ မေးလိုက်ခြင်းဖြစ်ပါ၏။

သူထင်မှတ်ထားသည့်အတိုင်းပင် သူမကလည်း ဖြေ



ကြားလာ၏။

"ချယ်ရီက ဒီအရပ်ဒေသက မဟုတ်ပါဘူး၊ မြောက်ပိုင်းကပါ၊ ရှမ်းလူမျိုးတော့ မဟုတ်ပါဘူး၊ မြန်မာလူမျိုးပါ"

ချယ်ရီဟု သူမကိုယ်သူမ အမည်တပ်၍ဆိုလာသည့် မိန်းမပျိုက ပြည့်ပြည့်စုံစုံပင် ဖြေကြားသွား၏။

"နာမည်က ချယ်ရီတဲ့လား"

ကြားဖြတ်၍ ဝင်မေးလိုက်သူက ဇော်လှိုင်မင်းဖြစ်သည်။ မိန်းမပျိုသည် မျက်လုံးရွဲကြီးများဖြင့် ဇော်လှိုင်ဝင်းကို တစ်ချက်မျှ လှမ်းကြည့်ခဲ့ရာမှ. . .။

"ချယ်ရီထွန်းပါ၊ ချယ်ရီ့ အဖေက ဦးရွှေထွန်းပါ၊ အဖေနာမည်ပါအောင်ဆိုပြီး ချယ်ရီထွန်းလို့ မှည့်ထားတာပါ"

"ဒီကိုရောက်လာရတဲ့ အကြောင်းရင်းကရော"

ဇော်လှိုင်မင်းက ဆက်၍ မေးသည်။

ချယ်ရီထွန်းသည် နဖူးပြင်တွင် ဝေ့ဝဲကျလာသော

www.burmeseclassic.com

www.burmeseclassic.com



ဆံနွယ်ဆံစများကို လက်ဖြင့် အပေါ်သပ်တင်လျက်. . .।

"ချယ်ရီ့ အဖေက ကုန်သည်ပွဲစားပါ၊ ဒီကနေ့ဖြတ်ပြီး နယ်စပ်ကို မကြာခဏ သွားတတ်တယ်၊ အခါတိုင်းတုန်းက ဖေဖေတစ်ယောက်တည်းပဲ သွားသွားလာလာလုပ်တာ၊ ဒီ တစ်ခေါက်ကျမှ ကံဆိုးချင်လို့လားမသိဘူး၊ ချယ်ရီ. . ဖေ ဖေနဲ့လိုက်လာခဲ့မိတယ်၊ အခုတော့. . အခုတော့. . ဖေဖေ မရှိတော့ဘူးရှင့်"

ပြောရင်းပြောရင်း ဝမ်းနည်းလာဟန်ဖြင့် ချယ်ရီထွန်း သည် တရှုံ့ရှုံ့ဖြင့် ငိုကြွေးပါလေဟော့သည်။ မျက်နှာအား လက်ဝါးနှစ်ဘက်တွင် အပ်၍ ငိုနေသည်မို့ သူမ၏ ကိုယ် လေးမှာ သိမ့်သိမ့်တုန်နေသည်။

"အင်း. . ပြဿနာကတော့ အခုမှစပြီထင်တယ်ဟေ့"

လူဝကြီးအောင်ကျော်မိုးက တစ်ယောက်တည်းပြော သလို မကြားတကြားရေရွတ်သည်။

"ညီမရဲ့ ဖေဖေက ဘယ်ရောက်သွားလို့လဲ"



အတော်လေးကြာတော့မှ သိန်းထိုက်က မေးလိုက်ပါ ၏။ ချယ်ရီထွန်းအငိုရပ်သည်။ တစ်ချက်မျှ ရှိုက်သည်။ ထို နောက်မှ မျက်နှာကို ဖုံးအုပ်ထားသော လက်ဝါးနှစ်ဖက်ကို ဖယ်သည်။

"ဖေဖေ. . လွန်ခဲ့တဲ့ သုံးရက်လောက်က နှလုံးရောဂါ နဲ့ ရုတ်တရက် ဆုံးသွားပြီရှင့်"

"အင်း. . . စိတ်မကောင်းစရာပဲ၊ ညီမရဲ့ ဖေဖေမရှိပဲ ညီမ. . ကိုယ့်နေရပ်ကို ပြန်လို့ရတာပဲမဟုတ်လား"

"ဟိုမှာလည်း အသိအကျွမ်းဆိုလို့ တစ်ယောက်မှမရှိ ဘူးရှင့်၊ ချယ်ရီ့ မှာ ဒီအဖေတစ်ယောက်ကလွဲလို့ တခြားဆွေ မျိုးသားချင်းတစ်ယောက်မှ ရှိတာမဟုတ်ဘူးရှင့်၊ အခုမှ ချယ် ရီ့ အဖြစ်က သောင်ပြင်လွှတ်တဲ့ခွေးလို ဖြစ်နေရပါပြီ ရှင် ရယ်"

ပြောရင်းပြောရင်း ဆို့နင့်လှိုက်လှဲလာပုံရသည်။ အ သံမှာ တုန်ယင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ချယ်ရီထွန်းအဖြစ်ကလည်း မလွယ်ပါလား။ ဖခင်ဖြစ်သူမှာ ရုတ်တရက် နှလုံးရောဂါဖြင့် သေဆုံးရသည်။

ဖခင်ကြီးမရှိပြန်တော့ သူမမှာ အားကိုးရာမဲ့ရတော့သည်။ ဖခင်ဖြစ်သူမှလွဲ၍ သူမမှာ ဆွေမရှိ မျိုးမရှိ။ တစ်ကောင်ကြွက် တစ်မျက်နှာသမား။ ကိုယ့်နေရပ်ဌာနေသို့ ပြန်ဖို့ဆိုတာကလည်း အသိအကျွမ်းကမရှိ။

"ဒီက လူတွေက တော်တော်စိတ်ဓာတ်မာကြတာပဲ၊ ချယ်ရီရဲ့ ဒုက္ခကို သိနေတာတောင် တစ်ယောက်မှ မကူညီချင်ကြဘူး၊ ယဉ်ကျေးတဲ့ လူ့လောကကြီးနဲ့ ကင်းကွာနေကြလို့လားမသိဘူး၊ လူတစ်ဖက်သားကို သနားရမှန်းလည်း မသိ။ကြင်နာရကောင်းမှန်းလည်း မသိချင်ကြဘူး၊ မျက်နှာလွှဲခဲပစ်အရမ်းလုပ်ချင်ကြတာပဲ"

ဤမြို့မှလူများ ဆက်ဆံမှုနှင့်စပ်လျဉ်း၍ ချယ်ရီထွန်းက မကျေမနပ် ဝေဖန်စကားဆိုသည်။ချယ်ရီထွန်းသည် ဖ



ခင်ဖြစ်သူ သေဆုံးပြီးနောက်ပိုင်း လူ့လောကကြီး အပေါ်မှာ အဆိုးမြင်ဝါဒမြင်ခဲ့ပုံပေါ်သည်။

"သိပ်လည်း တောင်တောင်အီအီ အတွေးတွေတွေးပြီး စိတ်အရှုပ်ထွေး ခံမနေပါနဲ့၊ ညီမက နေလည်း သိပ်ကောင်းသေးတာမှ မဟုတ်တာ၊ စိတ်အေးအေးထားပြီး အနားယူလိုက်ပါဦး. . ညီမရယ်၊ ညီမရဲ့ အခက်အခဲကို အစ်ကိုတို့ ဖြေရှင်းပေးမှာပါ"

သိန်းထိုက်သည် အားပေးစကားဆိုရင်း စောင်ပါးလေးတစ်ထည်ကို ခြုံလွှမ်းပေးလိုက်သည်။ ချယ်ရီထွန်းသည် ကျေးဇူးတင်သည့် အကြည့်ဖြင့်ကြည့်ရင်း စောင်ပါးလေးကို ရင်ညွန့်ဖုံးလွှမ်းသည်အထိ ဆွဲတင်လိုက်လေသည်။

"သိန်းထိုက်. . မင်းနှင့်ငါ နည်းနည်းစကားပြောချင်တယ်"

လူဝကြီးအောင်ကျော်မိုးဖြစ်သည်။

သိန်းထိုက်အား အနားကပ်၍ပြောပြီးနောက် တဲအပြင်ဘက်သို့ ထွက်သွား၏။ သိန်းထိုက်က နောက်တော်ပါး

www.burmeseclassic.com

www.burmeseclassic.com

ကနေ လိုက်ပါခဲ့သည်။ အပြင်သို့ ရောက်သည်နှင့်အောင်ကျော်မိုးက. . .။

"မင်းကြည့်လည်းလုပ်ဦးနော်၊ တို့ယောက်ျားသားတွေချည်းပဲ ရှိနေတဲ့ကြားထဲကို မိန်းမတစ်ယောက်ဝင်လာတာ မကောင်းဘူးနော်၊ အားလုံး စိတ်ဝမ်းကွဲစရာတွေ ဖြစ်သွားနိုင်တယ်"

အစိုးရိမ်ကြီးလွန်းသည့် လူဝကြီးပါပေ။ သိန်းထိုက်သည် အောင်ကျော်မိုး၏ပခုံးတစ်ဘက်ကို အသာပုတ်လိုက်ရာမှ တစ်ဆက်တည်း. . .။

"ဒီလောက်လည်း အစိုးရိမ်မကြီးစမ်းပါနဲ့ကွာ၊ တို့တတွေ ကိုယ့်စိတ်ကိုယ် ထိန်းနိုင်ကြတဲ့ လူတွေချည်းပဲ ဥစ္စာ၊ ပြီးတော့ သူက ဒုက္ခရောက်လာတဲ့ လူတစ်ယောက်ပဲဥစ္စာ၊ တို့အနေနဲ့ ကူညီသင့်ပါတယ်ကွာ။ ဒီလောက်လည်း ရှေ့ရေးကြိုတွေးပြီး ပူမနေစမ်းပါနဲ့ဦးလေ"

သိန်းထိုက်သည် အောင်ကျော်မိုးအား ဖြေသိမ့်စကား





ဆိုပြီးနောက် တဲထဲသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

တဲထဲတွင် ဖယောင်းတိုင်ရှည်ကြီးမှာ တိုလုနီးပါးရှိနေပြီဖြစ်သည်။ ချယ်ရီထွန်းဆိုသည့် မိန်းမပျိုလေးမှာလည်း မျက်လုံးများ မှေးမှိတ်၍ ငြိမ်သက်နေပါ၏။

အလုပ်သမားသုံးယောက်မှာ တဲထောင့်တွင် ထိုင်ကာ သိန်းထိုက်အား မော့မော့ကလေး ကြည့်နေကြ၏။ သိန်းထိုက်သည် သူတို့သုံးယောက်ရှေ့တွင်ရပ်ကာ. . .။

"အန္တရာယ်ကတော့ ရှိမှာမဟုတ်ဘူး၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် မင်းတို့ထဲက တစ်ယောက်ယောက် ဒီတစ်ညတော့ ကင်းစောင့်ပေးပေါ့ကွာ၊ ဘယ့်နှယ်လဲ. . ဖြစ်မလား"

သူတို့ထဲက ခေါင်းဆောင်ဖြစ်ဟန်တူသူ ကိုမောင်မောင်သက်က. . .။

"အာ. . ရပါတယ်ဆရာရယ်၊ ဒီလောက်တော့ လုပ်ပေးရမှာပေါ့၊ ကျွန်တော့်ပဲ စောင့်လိုက်ပါ့မယ်"

"အေးဗျာ၊ ဒါဆိုလည်း ကျေးဇူးပဲ၊ ဘာရယ်ညာရယ်



www.burmeseclassic.com

မဟုတ်ပေမယ့် သတိထားဖို့တော့ မမေ့နဲ့ပေါ့ဗျာ”

“ဒီအတွက်တော့ စိတ်ချပါ . . ဆရာလေး၊ အရေးအကြောင်းဆို ကျွန်တော်သတိလှမ်းပေးပါ့မယ်”

အပြင်ဘက်အတွက်တော့ တာဝန်ချပြီးလေပြီ။ တဲအတွင်းမှာရှိနေကြသည့် လူတွေအိပ်ဖို့ နေရာချရဦးမည်ဖြစ်သည်။

အဲသည်တော့ ညဆယ့်တစ်နာရီကျော်နေပြီ။ ည၌၏ အမှောင်ဆုံးအပိုင်းကိုလည်း တစ်စတစ်စဖြင့် နီးကပ်လာပြီဖြစ်သည်။



## အခန်း – ၉

### ဗမြင်ရသောရန်သူ

ခရီးပမ်းလာခဲ့သောကြောင့်ထင်သည်။ ချထားသောအိတ်တွေကို မှီ၍ ငိုက်မျဉ်းလိုက်မိသည့် ထိုအချိန်လေးမှာပင် သိန်းထိုက်သည် မွေးကနဲ အိပ်မောကျသွားခဲ့သည်။

“ဂစ် . . ဂီး . . ဂစ် . . ဂီး”

“ဖျတ် . . ဖျတ် . . ဖျတ်”

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာလိုလို အပြင်မှာလိုလို ထူးထူးဆန်းဆန်းအသံတွေကို ကြားနေရသည်။

"အား. . ."

ညဉ့်လယ်ကို ထွင်းဖောက်၍ လူတစ်ယောက်၏ စူးစူးဝါးဝါး အော်သံကြီးကိုလည်း ကြားလိုက်ရသည်။ ဒဏ်ရာအနာတရရနေသူတစ်ယောက်၏ အော်သံမျိုးဖြစ်သည်။ စူးစူးဝါးဝါးနိုင်လှသည်။

သူ. . အိပ်မက်မက်နေခြင်း မဟုတ်ကြောင်း သိနားလည်လိုက်မိသည်နှင့်အမျှ မျက်လုံးအစုံကို ဖျတ်ကနဲ ဖွင့်မိလိုက်တော့၏။ သိပ်သည်းနက်ရှိုင်းသော အမှောင်ထုနှင့်ရင်ဆိုင်ကြုံတွေ့လိုက်ရပါ၏။ တဲတွင်း၌ မီးအလင်းရောင်စိုးစဉ်းမျှမရှိ။

"ဇော်လှိုင်မင်း. . အောင်ကျော်မိုး၊ မြန်မြန်ထကြစမ်း၊ အပြင်မှာ ဘာဖြစ်နေသလဲမသိဘူး"

ဇော်လှိုင်မင်းနှင့်အောင်ကျော်မိုးတို့ကို အလောသုံး





ဆယ်နှီးကာ သူလည်း လူးလဲထလိုက်ပါ၏။

ဇော်လှိုင်မင်းသည် သူ့လက်နှိပ်ဓာတ်မီး မီးရောင်တန်းကို တဲအပြင်ဘက်သို့ ထိုးလိုက်သည်။ သူက ရှေ့မှ ဦးဆောင်၍ အပြင်ဘက်သို့ ထွက်သွား၏။ သိန်းထိုက်နှင့်အောင်ကျော်မိုးတို့က နောက်ပါးကနေ လိုက်ပါခဲ့ကြသည်။ စိုင်းလတ်ကတော့ သူ့မြှားဗူးကို ကျောပြင်တွင် လွယ်ပိုးကာ လေးမြှားကို လက်တွင် ကိုင်ဆောင်၍ နောက်ဆုံးမှ ထွက်လိုက်လာခဲ့သည်။

အချိန်ကာလသည် ညဉ့်လယ်သန်းခေါင်ကျော်နေပြီဖြစ်သည်။ အပြင်တွင် လမင်းအလင်းရောင်ရှိနေဆဲဖြစ်၏။ ပတ်ဝန်းကျင်တစ်ခုလုံးကို ထင်ထင်ရှားရှား မြင်တွေ့နေရဆဲဖြစ်သည်။

ကင်းစောင့်အဖြစ် တာဝန်ယူထားရသော ကိုမောင်မောင်သက်သည် အားလျားကြီးမှောက်ကျလျက်ရှိလေ၏။ ဇော်လှိုင်မင်းသည် လက်နှိပ်ဓာတ်မီးရောင် ထိုးလျက် ကို



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်သက်အား တစဖက်သို့ ဆွဲလှည့်လိုက်သည်။

လည်မြို့တွင် ထုတ်ချင်းခတ် စိုက်ဝင်နေသော အဆိပ်လူးမြှားတံကြောင့်လည်း ကိုမောင်မောင်သက် အသက်ပျောက်သွားရခြင်းဖြစ်သည်။

"သူ. . အသက်မရှိတော့ဘူး၊ တစ်ယောက်ယောက်က လုပ်ကြံသွားတာပဲ၊ အဆိပ်လူးမြှားတံနဲ့ ပစ်ပြီးလုပ်ကြံသွားတာပဲ"

ဇော်လှိုင်မင်းက ကိုမောင်မောင်သက်၏ အဝိဉာဏကင်းမဲ့နေသော အလောင်းကောင်ကြီးကို ကြည့်၍ မှတ်ချက်ချသည်။

"အင်း. . ထူးဆန်းတာက ရန်သူဆိုရင် အရှေ့ဘက်ကပဲ ပေါ်လာရမှာပေါ့၊ အခုတော့ သူ့လည်ပင်းမှာ စိုက်ဝင်နေတဲ့ အဆိပ်လူးမြှားတံကိုကြည့်လိုက်ရင် ဘေးကနေ အနီးကပ်တော့ဖြုတ်သွားမှန်း သိသာတယ်၊ ဒီတော့ စဉ်းစားစရာရှိတာက သူ့ကို အသေလုပ်သွားတဲ့ ရန်သူဟာ အပြင်ဘက်က





နေ ပေါ်လာတာမျိုးမဟုတ်ပဲ အတွင်းဘက်ကနေ ပေါ်လာတယ်ဆိုတာ ထင်ရှားနေတယ်၊ ပြီးတော့ သူ့လည်ပင်းစိုက်ဝင်နေတဲ့ မြှားတံက တိုနေတာဆိုတော့ လေးမြှားနဲ့ ပစ်လိုက်တာ မဖြစ်နိုင်ဘူး၊ ဖြစ်ခြင်းဖြစ်ရင် အဆိပ်ပြွောင်းနဲ့ မှုတ်ထုတ်လိုက်တဲ့ အသေးစား အဆိပ်လူးမြှားတံမျိုးပဲဖြစ်မယ်၊ အင်း. . စဉ်းစားစရာတော့ ဖြစ်နေပြီ"

သိန်းထိုက်က တွေးတွေးချင့်ချင့်ပြောသည်။

သိန်းထိုက် ပြောသလိုပင် ကိုမောင်မောင်သက်၏ လည်မြို့တွင် စိုက်ဝင်နေသောအဆိပ်လူးမြှားတံသည် ရှေ့ဘက်ကနေ လာသော မြှားတံမဟုတ်ပဲ ဘေးတိုက်အနေအထားမှ လာသော မြှားတံဖြစ်သည်။ ထို့ထက်မှာမူ ထိုမြှားတံသည် တို၏။ ခြောက်လက်မခန့်သာရှိမည် ဖြစ်သည်။ ထို့အတွက်ကြောင့် လေးမြှားတွင်တပ်ဆင်၍ပစ်ရသော မြှားတံမျိုး မဖြစ်နိုင်။ ဖြစ်ချင်းဖြစ်လျှင် မှုတ်ပြွောင်းတွင် ထည့်၍ပစ်ရသော အဆိပ်လူးမြှားတံအသေးစားမျိုးသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကတော့ ထူးထူးခြားခြားမှ တကယ့်ကို ထူးထူးခြားခြားဖြစ်နေပြီ။

နောက်တစ်ချက်ရှိသေးသည်။

ယင်းမှာ သူ့အိပ်ပျော်နေစဉ် ကြားလိုက်ရသော အသံတွေ။ ဂစ်. . ဂစ်. . ဂီးဆိုသော အသံနဲ့ ဖျတ်. . ဖျတ်. . ဖျတ်ဆိုသည့် အသံတွေ။ ထိုအသံတွေက ဘာအသံတွေနည်း။ ဘယ်က ထွက်ပေါ်လာသော အသံတွေနည်း။

"ဘာပဲဖြစ်ဖြစ်. . တို့အနားမှာတော့ အနီးကပ်ရန်သူ ရှိနေပြီ၊ သတိဝိရိယတော့ အခါတိုင်းထက်ပိုပြီးထားမှ တော် ရုံကျလိမ့်မယ်၊ မြင်ရတဲ့ရန်သူထက် မမြင်ရတဲ့ရန်သူက ပိုပြီး ကြောက်စရာကောင်းတယ်၊ အခု လုပ်ကြံသွားတဲ့ ရန်သူဟာ အမှောင်ထဲကလူပဲ၊ အဲဒီလို ရန်သူမျိုးက ပိုပြီးကြောက်စရာ ကောင်းတယ်၊ တို့အနေနဲ့ အချိန်သိပ်ဆွဲလို့ မဖြစ်တော့ဘူး ခရီးဆက်စရာရှိတာ မြန်မြန်ဆက်ကြတာ ကောင်းမယ်၊ မ နက်မိုးမလင်းခင် တို့. . ဒီကနေ ခွာကြမယ်၊ အခု အဆင့် ကတော့ နောက်ဆုံးအဆင့်ပဲ၊ တောအုပ်ထဲ ခြေချရတော့ မယ်၊ အဲဒီမှာ အန္တရာယ်ဆိုတာတွေနဲ့ ကြုံတွေ့ရတော့မယ်၊ စောစောတုန်းကပြောခဲ့သလိုပဲ၊ သတိဝိရိယတော့ ပိုပြီးထား မှဖြစ်တော့မယ်"

သိန်းထိုက်က သူတို့အခြေအနေကို တင်ပြသည်။

နောက်ဆုံးအဆင့်ဖြစ်သည်။ တောအုပ်ထဲသို့ မကြာ ခင်ဝင်ရောက်ရတော့မည်ဆိုသည့်အကြောင်း ပြောပြ၏။

"အင်း. . . ထူးခြားတာကတော့ တကယ့်ကို ထူးခြား လာပြီဟေ့၊ ရန်သူက ရှေ့ကနေ ပေါ်လာရမယ့်အစား ဘေး ကနေ ပေါ်လာပြီး လုပ်ကြံသွားတာတော့ တော်တော့်ကို ထူးခြားတာပဲ၊ နောက်ထပ် ထူးခြားချက်တွေ ထပ်ပြီးလာ ဦးမှာ သေချာသွားပြီ၊ အစရှိနောင်နောင်ဆိုတဲ့ စကားအ အတိုင်း အခုအစပြုလိုက်ပြီဆိုတော့ နောက်ထပ် ပြဿနာ တွေလာဦးမှာ မြေကြီးလက်ခတ်မလွဲတော့ဘူး၊ အင်း. . ဒါ တော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲဟေ့"





www.burmeseclassic.com

www.burmeseclassic.com



လူဝကြီးအောင်ကျော်မိုးဖြစ်သည်။

စကားတွေ ဖောင်ဖွဲ့အောင်ပြောသွား၏။ စကားအဆုံး တွင် သူသည် ရွက်ဖျင်တဲတွင်းသို့ ဝင်သွား၏။ သိန်းထို လည်း ဝင်လိုက်ခဲ့ကာ ဖယောင်းတိုင်မီး ထွန်းညှိလိုက် သည်။

ဖယောင်းတိုင် မီးရောင်အောက်တွင် မျက်လုံး မှိတ်၍ အိပ်ပျော်နေသော ချယ်ရီထွန်းကို တွေ့ရလေသ သူမ၏ ကိုယ်ပေါ်တွင် ခြုံလွှမ်းထားသည့် စောင်ပါး သည် အောက်သို့ လျှောကျနေလေပြီ။

ဝင်းမို့သော ရွှေရင်အစုံသည် တင်းတင်းမို့မို့က ဖြစ်နေ၏။ မျက်လုံးအစုံကို မှေးမှိတ်ထားသောကြော ကော့လျားသော မျက်တောင်ကော့ကြီးများက မည်း နေသည်။နဂိုရှိ၍ နဂိုင်းထွက်သည်ပဲလား မပြောတတ် မပြင်ပါပဲလျက် အကြည့်ခံသော အလှအပကို ပိုင်ဆိုင် သည့် ချယ်ရီထွန်းဆိုသည့် မိန်းမပျိုလေးပါပေ။





ဆေးအရှိန်ကြောင့်လော။ ဒါမှမဟုတ် တက်နေသော ကိုယ်ပူအရှိန်ကြောင့်လားမသိ။ သူကလေးသည် ထိုမျှ ရုတ် တ်သဲသဲဖြစ်နေတာတောင် အိပ်ပျော်ခြင်းမှ နိုးလာခြင်းမရှိ ပေ။

သိန်းထိုက်သည် ကံဆိုးလွန်းလှသည့် သူမ၏အဖြစ် ကို ကိုယ်ချင်းစာစိတ် ဖြစ်မိရ၏။ သူမ၏ ဒုက္ခ၊သုခတွေ ပြေ ပျောက်သွားအောင် တစ်နည်းမဟုတ်တစ်နည်းနည်းဖြင့် ကူ ညီရန် စိတ်ဆုံးဖြတ်ချက် ချမိပါလေ၏။

သူသည် အောက်သို့ လျှောကျနေသော စောင်ပါး လေးကို ချယ်ရီထွန်း၏ ရင်ညွန့်ထိအောင် ဆွဲခြုံပေးလိုက်၏။

"အင်း. . . သူပဲ အေးတယ်၊ တို့ဆီရောကတော့မှပဲ အပူအပင်ကင်းကင်းနဲ့အိပ်နိုင်တော့တယ်၊တို့တတွေကတော့ တ်ရုတ်ရုတ်ရုတ်နဲ့၊ ဘယ်သူ့ကို တရားခံခေါ် လို့ ခေါ်ရမှန်းမ သိဘူး ဖြစ်နေကြရတယ်၊ တော်တော်တရားကျဖို့ ကောင်း လိုက်တာနော်၊ ဟင်း. . . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း လူဝကြီးအောင်ကျော်မိုးက ပုံ့ပုံ့ကလေး အိပ်ပျော်နေသော ချယ်ရီထွန်းကို ကြည့်ကာ အငေါ်တူးသံဖြင့် ပြောသည်။ သူသည် ချယ်ရီထွန်း သူတို့ကြားထဲရောက်လာခြင်းနှင့်စပ်လျဉ်း၍ သိပ်ပြီး ကျေနပ်ပုံမပေါ်ပေ။

တကယ်တော့ အောင်ကျော်မိုးသည် မ,ဆိုလျှင် လက်မတောင် မကြည့်ချင်သူဖြစ်သည်။ ဒါကလည်း သူ့မှာ မိန်းမနှင့်ပတ်သက်၍ အတိတ်အကြောင်းတွေ ရှိနေသည်ပဲ။

ကိုးတန်းကျောင်းသားဘဝတုန်းကဖြစ်သည်။ အောင်ကျော်မိုးသည် သူကြိုက်နှစ်သက်သော မိန်းမပျိုလေးတစ်ဦးကို ရည်းစားစာပေးဖူး၏။ ထိုမိန်းမပျိုလေးက သူပေးသော ရည်းစားစာကို တစ်ကျောင်းလုံးလှည့်ပတ်ပြသကာ အရှက်ခွဲခဲ့၏။

ထိုအချိန်မှစ၍ အောင်ကျော်မိုးသည် မိန်းမဆိုလျှင် ခပ်ဝေးဝေးက ရှောင်တော့သည်။ မိန်းမမှန်သမျှကို ကြည့်မရတော့လောက်အောင် မုန်းတီးစိတ်ဖြစ်မိတော့သည်။





ယခု ချယ်ရီထွန်းဆိုသည့် လူသားမိန်းမပျိုလေး သူတို့ကြားထဲ ဝင်ရောက်လာသော အခါတွင်မတော့ အောင်ကျော်မိုးသည် အလိုလိုနေရင်း စိတ်ရှိုင်းဒေါသတွေ ထွက်နေခဲ့ရ၏။

ထို့အတွက် သူ့ကိုလည်း အပြစ်မဆိုသာပေ။ သူ့မှာလည်း သူ့အကြောင်းနှင့်သူပေကိုး။ သူ့နာကျည်းချက်နှင့်သူပေကိုး။

"စိတ်လျှော့ထား. . သူငယ်ချင်း၊ မိန်းမတစ်ယောက်ကြောင့်နဲ့ အားလုံးကို သိမ်းကျုံးပြီး ဒေါသထွက်မနေနဲ့၊ လက်မ,မကောင်းလက်မ၊ ခြေမ,မကောင်းခြေမပဲကွာ၊ ခွဲခြားထားမှပေါ့၊ ကဲ. . . ကဲ. . မနက်ကျရင် ခရီးထွက်ရဦးမှာဆိုတော့ ရတုန်းရခိုက်ကလေးမှာ အနားယူလိုက်ကြဦး. . သူငယ်ချင်းရေ တို့တတွေ ရှေ့မှာ တကယ့်ဥစ္စာတွေနဲ့ ရင်ဆိုင်ရဦးမှာတွေရှိနေသေးတယ်၊အခုကတည်းက အနားယူပြီး အားဖြည့်ထားလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဖြေသိမ့်စကားဆိုပြီးနောက် သိန်းထိုက်သည် ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။ မျက်လုံးအစုံကိုလည်း မှေးမှိတ်ထားလိုက်မိသည်။

ရန်သူ့လက်ချက်ဖြင့် ရုတ်တရက် သေဆုံးသွားသော ကိုမောင်မောင်သက်ဆိုသည့် အလုပ်သမားအတွက် စိတ်မကောင်းဖြစ်မိသည်ကတော့ အမှန်ပင်။

ကိုမောင်မောင်သက်သည် သူတို့ကိုယ်စား မားစာခံသွားခြင်းသာဖြစ်ပါ၏။

သူတို့လေးယောက်ထဲမှ တစ်ယောက်ယောက်စောင့်ပြည့် ကင်းကို ကိုမောင်မောင်သက်က ဝင်စောင့်ရင်း ယခုကဲ့သို့ရန်သူ့လက်ချက်ဖြင့် အသက်ပျောက်သွားခြင်းဖြစ်ပါ၏။ ကိုမောင်မောင်သက်အတွက် စိတ်မကောင်းဖြစ်မိရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့ပြီ။

အရေးကြီးသည်မှာ နောက်ထပ် သူတို့တွေ ရန်သူ့လက်ချက်မမိဖို့ပဲ ဖြစ်သည်။ အဝေးက ရန်သူထက်စာလျှင်





အနီးကရန်သူသည်ပို၍ကြောက်စရာကောင်း၏။ ယခုရန်သူသည် အနီးကပ်ရန်သူ ဖြစ်ဖို့များ၏။ အဝေးမှ ရန်သူသာဆိုလျှင် ကိုမောင်မောင်သက်သည် သူတို့ကို လှမ်း၍ သတိပေးမည်သာဖြစ်သည်။

ယခုတော့ မမျှော်လင့်ပဲ အနီးကနေ ပေါ်လာသော ရန်သူဖြစ်နေသောကြောင့်လည်း ကိုမောင်မောင်သက်သည် သတိပေးချိန်လေးပင် မရလိုက်ရှာပဲ ရန်သူ့လက်ချက်ဖြင့် တစ်ခါတည်း အသက်ပျောက်သွားရရှာ၏။

အနီးကပ်ရန်သူဆိုလို့။ ထိုအနီးကပ်ရန်သူသည် ဘာအကြောင်းကြောင့် သူတို့လူကို သတ်ရသနည်း။ ရှေ့ခရီးမဆက်ရလေအောင် ခြိမ်းခြောက်သည့် သဘောဖြင့် ယခုလိုသတ်လိုက်ခြင်းလေလား။

ဒါမှမဟုတ် သူတို့လူစုတွင် လောဘတက်နေသူ ပါဝင်နေပြီလား။ ထိုလောဘတက်နေသူသည် သူတို့အား တစ်ယောက်ချင်း အမှည့်ချွေချွေပြီးနောက် လူနည်းအောင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



မည့် သဘောလေလား။ လူနည်းသွားမှ သူဝေစုများများယူမည်ဆိုသည့် သဘောလေလား။ စဉ်းစားစရာတွေကတော့ တပုံတပင်ကြီးပင်။

တောင်တွေးမြောက်တွေးနဲ့မို့ သိန်းထိုက်သည် မျက်လုံးမှေးမှိတ်ထားသော်လည်း အိပ်၍ မရပါပေ။ အိပ်၍မရတော့သည့် အတူတူ မထူးတော့ဆိုသော သဘောဖြင့် သိန်းထိုက်သည် ဘောင်းဘီအိတ်ထဲမှ ခရီးသွားလမ်းညွှန်မြေပုံကလေးကို ထုတ်ယူကာ လေ့လာနေမိတော့သည်။



## အခန်း- ၁၈

သူတို့သည် နံနက်မိုးမသောက်မီမှာပင် ခရီးဆက်ခဲ့ကြ၏။ နာရီဝက်ခန့် ခရီးဆက်လိုက်ကြသည်နှင့် သူတို့သည် တသွင်သွင်စီးဆင်းနေသော ချောင်းငယ်ကလေးတစ်ခုနဲ့ ကြုံတွေ့လိုက်ရပါတော့၏။ ထိုချောင်း၏ တစ်ဖက်မှာတော့ တောအုပ်ကလေးကို တွေ့လိုက်ရ၏။ ထိုတောအုပ်ကလေးသည်ပင် စိတ္တရမဟီတောအုပ်ဖြစ်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာတော့ သူတို့သည် တသွင်သွင်စီးဆင်းနေသော ချောင်းငယ်ကို ဖြတ်ကျော်ရမည်ဖြစ်သည်။ ထိုချောင်းငယ်လေးမှာ သိပ်ပြီး နက်ပုံမပေါ်။ တိမ်တိမ်လေးသာ ရှိမည့်ပုံပေါ်၏။

ထူးဆန်းသည်မှာ ထိုချောင်းငယ်လေး၏ ရှေ့ကနေ လူသုံးယောက်ကသူတို့လူစုကို ဆီးကြိုနေခြင်းဖြစ်သည်။ သုံးယောက်စလုံး ညှင်းသိုးသိုးပုံစံတွေနဲ့ ဖြစ်သည်။ စုတ်တိစုတ်ဖတ်နိုင်လှသော အင်္ကျီများနှင့်ဘောင်းဘီရှည် ညစ်နွမ်းနွမ်းများကို ဝတ်ဆင်ထားကြ၏။

သုံးယောက်အနက် အလယ်လူ၏ လက်ထဲတွင်မတော့ ငှက်ကြီးတောင်ဓားရှည်တစ်လက်ကို အသင့်အနေအထားဖြင့် ကိုင်ဆောင်ထား၏။

သိန်းထိုက်နှင့်ဖော်လှိုင်မင်းတို့သည် ဘေးချင်းယှဉ်၍ မြင်းကို စီးနင်းလာရာ မတိုင်ပင်ထားပါပဲလျက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။ ဘယ်လိုလဲဆို





သည့် သဘောပါသောအကြည့်။

“အင်း. . အောင်ကျော်မိုးတို့တော့ လက်ရည်စမ်းရတော့မယ်ထင်တယ်ဟေ့”

စိုးလတ်က အောင်ကျော်မိုးကို လှမ်းပြောလေသည်။ အောင်ကျော်မိုးက ပြုံးဖြီးဖြီးလုပ်လျက်. . .။

“စမ်းဆိုလည်း စမ်းလိုက်ရတာပေါ့ကွာ၊ ဘာခက်တာမှတ်လို့၊ ပရိသတ်က တောင်းဆိုနေတော့လည်း ဒီအတိုင်းလက်ပိုက်ကြည့်နေလို့ ဘယ်ဖြစ်မလဲ၊ ဟဲ. . ဟဲ”

သြော်. . အထိုးအကြိတ် တော်တော်ဝါသနာကြီးလှသည့် လူဝကြီးအောင်ကျော်မိုးပါပေ။

ကိုညှင်းသိုးသုံးယောက်အနက်မှ ငှက်ကြီးတောင်ဓားကိုင်ထားသူသည် ရှေ့သို့တိုးထွက်လာ၏။ ဓားကိုင်လက်ကို ရှေ့သို့ထုတ်လိုက်ရာမှ တဆက်တည်း. . .။

“မင်းတို့ ဒီဘက်ကို ဘာကိစ္စနဲ့ ရောက်လာတယ်ဆိုတာ ငါတို့သိတယ်၊ မင်းတို့ နတ်သခင်ရှိတဲ့ ကျောက်ဂူကို



www.burmeseclassic.com

www.burmeseclassic.com



သွားကြမလို့မဟုတ်လား၊ အေး. . အဲသလိုဆိုရင်တော့ အကောင်းဆုံးကတော့ မင်းတို့မှာ ပါလာတဲ့ ပစ္စည်းတွေကို ဒီမှာချထားပြီး နောက်ကြောင်းပြန်လှည့်သွားတာ အကောင်းဆုံးပဲ၊ နို့မို့ဆိုရင်တော့ အလာလှမ်းသာရှိပြီး အပြန်လမ်းတော့ ရှိမှာမဟုတ်ဘူးနော"

တကယ့်ကို ခြောက်ချားဖွယ် ကောင်းလိုက်ပါသမှု ခြိမ်းခြောက်မှုကြီးတစ်ရပ်ပါပဲလား။

"မင်းတို့ရဲ့စကားကို နားမထောင်ရင် ငါတို့ကို အပြန်လမ်းမရှိအောင် မင်းတို့ကိုယ်တိုင် လုပ်မယ်ဆိုတဲ့ သဘောလား"

အောင်ကျော်မိုးက ထိမထင်သည့်ဟန်ဖြင့် ပြန်မေးလိုက်သည်။ ငှက်ကြီးတောင်ဓား ကိုင်ထားသူက. . .။

"အင်း. . မင်းက လူကောင်ဝသလောက် ဦးနှောက်ကတော့ ပြေးသားပဲကိုး၊ အေး. . ဟုတ်တယ်၊ မင်းပြောသလိုပဲ၊ အေး. . ဟုတ်တယ်၊ ငါပြောတဲ့အတိုင်း မလုပ်ရင်တော့





မင်းတို့ကို မလွဲမရှောင်သာ မပြန်လမ်းကို ပို့ဆောင်ပေးရမှာပဲ"

"အင်း. . တော်ရုံတန်ရုံလူဆိုရင်တော့ မင်းဆီက အခုလို ခြိမ်းခြောက်စကား ကြားတာနဲ့တင် ဖျားပြီး သေသွားလောက်တယ်၊ ခက်တာက မင်းတို့လို လူစားမျိုးတွေမပြောနဲ့၊ မင်းတို့ထက် ဆယ်ဆလောက် ပိုဆိုးပေ့ဆိုတဲ့ လူဆိုးလူမိုက်တွေနဲ့ တွေ့ခဲ့တဲ့ ငါတို့အတွက်ကတော့ မင်းတို့ရဲ့ ခြိမ်းခြောက်စကားက ဘယ်လိုမှ အကြောင်းမထူးဘူးကွ၊ မင်းတို့ဘက်က စမ်းချင်တယ်ဆိုရင်လည်း ကြိုက်တဲ့ပုံစံနဲ့ အချိန်မရွေးစမ်းနိုင်ပါတယ်၊ အဲဒီတော့. . ."

စကားအဆုံးတွင် လူဝကြီးအောင်ကျော်မိုးသည် လူကောင်နှင့်မလိုက်အောင် မြင်းပေါ်ကနေ သွက်လက်စွာ ခုန်ဆင်းလိုက်သည်။ ရန်သူအား တိုက်ခိုက်နိုင်ရန်အတွက်လည်း ကိုယ်နေဟန်ထားကို ပြင်ထားလိုက်သည်။

"အင်း. . မိုက်ခဲညီနောင် သုံးယောက်ရဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကို မကြားဖူးသေးပဲကိုး၊ မင်းဘက်က စိမ်ခေါ်ပြီဆိုတော့ လည်းတို့ဘက်က ညှာလို့မရတော့ဘူးပေါ့၊ မှတ်လောက်သား လောက်ဖြစ်အောင် အကြောင်းပြရသေးတာပေါ့လေ"

ကြိမ်းဝါးသံအဆုံး ထိုသူက အောင်ကျော်မိုးအား ငှက်ကြီးတောင်ခေါးဖြင့် ပြေးပိုင်းလိုက်သည်။

"ငှစ်"

အောင်ကျော်မိုးသည် ကိုယ်ကို နောက်သို့ရှိ့၍ တိမ်း ရှောင်လိုက်ရာမှ တဆက်တည်း ထိုသူ့ဓားကိုင်လက်ကောက် ဝတ်ကို တင်းတင်းကြပ်ကြပ် ဖမ်းဆုပ်၍ လိမ်ချိုးပစ်လိုက် သည်။ ထိုသူ ကိုယ်ဟန်ပျက်၍ မျက်နှာကြီးရှုံ့မဲ့သွား၏၊ အောင်ကျော်မိုးက ဆက်လက်လှုပ်ရှား၏။ ရှောက်သီးလုံး ခန့်ရှိ လက်သီးတစ်လုံးကို ထိုသူ့မျက်နှာထံသို့ အားရှိပါးရှိ ပစ်သွင်းလိုက်သည်။

"ခွပ်"

ထိုသူ့မျက်နှာ နောက်သို့ လန်ထွက်သွား၏။ လူမှာ





လည်း မဟန်နိုင်တော့ပဲ ပြိုလဲကျသွား၏။ မြေပြင်ပေါ်သို့ ဘိုင်းကနဲ ပစ်လဲကျသွားရာမှ ပြန်လည်ထလာခြင်း မရှိ တော့ပေ။ပြင်းထန်လိုက်ပါသည့် အောင်ကျော်မိုး၏ လက် သီး။

ကျန်မိုက်ခဲနှစ်ယောက်က လှုပ်ရှားသည်။ ဝဲယာညှပ် ၍ အောင်ကျော်မိုးအား ပူးသတ်ဖို့ ကြိုးစား၏။

အောင်ကျော်မိုးသည် ရှေ့လူကို တိုက်ခိုက်မည့်ဟန် ရေးပြပြီးနောက် ရုတ်တရက် နောက်ဘက်သို့ လှည့်ကာ ထိုသူ့ညို့သကျည်းကို ခြေထောက်ဖြင့် ဆောင့်ကန်ပစ်လိုက် သည်။

"အား"

"ဘိုင်း"

ဆောင့်ကန်လိုက်သည့် အရှိန်က ပြင်းထန်လွန်းလှ၏။ ထိုသူ့နှုတ်ဖျားမှ မချိမဆန့် အော်သံထွက်ပေါ်လာသလို လူ မှာလည်း ဒူးညွှတ်ကာ မြေပြင်ထက်သို့ ပြိုလဲကျသွား၏။


www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်ကတော့ ပြိုလဲသွားပြီ။ ကျန်တာက တစ်ယောက်တည်း။ ထိုတစ်ယောက်ကလည်း ဂမူးရှူးထိုး ဆင်ကန်းတောတိုးဝင်လာ၏။

အောင်ကျော်မိုး၏ အနီးသို့ရောက်သည်နှင့်ဆုပ်ထားသော လက်သီးဖြင့် မျက်နှာကို အားရပါးရ လှမ်းထိုးလိုက်၏။ အောင်ကျော်မိုးသည် ဦးခေါင်းကို အသာငုံ့၍ ရှောင်လိုက်၏။

"ဝှီး"

ထိုသူ့လက်သီးက လေကိုသာ ထိုးမိသွား၏။ အောင်ကျော်မိုးသည် အကွက်ပေးသလို လစ်ဟာသွားသည့် ထိုသူ့ဝမ်းဗိုက်ဘက်ဆီကို လက်သီးနှစ်လုံးကို အဆက်မပြတ် ပစ်သွင်းပေးလိုက်သည်။

"ဘုတ်. . ဘုတ်. . ဘုတ်"

"အွတ်"

ထိုသူ့ပါးစပ်မှ လေတွေ ထိုးထွက်သွား၏။





အောင်ကျော်မိုးလက်သီးထိုးတာ ရပ်လိုက်သည်နှင့် ထိုသူ့ခန္ဓာကိုယ်ကြီးသည် ရှေ့သို့ ငိုက်ပြိုဆင်းလာတော့သည်။

"ဘုတ်"

မြေပြင်နှင့်မျက်နှာအပ်သွား၏။

ထိုတတိယမိုက်ခဲသည်လည်း ပထမမိုက်ခဲနှစ်ယောက်၏ လမ်းစဉ်အတိုင်း သတိလစ်သွားရတော့သည်။ ခဏလေးမှ တကယ့်ခဏလေးဖြစ်ပါ၏။ ပွဲသိမ်းက မြန်ဆန်လှသည်။

မိုက်ခဲသုံးယောက်သည် မြေပြင်ပေါ်မှာ ကျောဆန့်သူကဆန့်၊ မျက်နှာအပ်သူကအပ်ဖြင့် အခိုက်အတန့်မျှ လူ့လောကကြီးနဲ့ အဆက်အသွယ်ပြတ်နေလေပြီ။

အောင်ကျော်မိုးသည် လက်ဝါးနှစ်ဖက်ကို ဖုတ်ခါ၍ မိုက်ခဲညီနောင်သုံးဖော်အား မေးငေါ့ပြကာ. . .။

"အဟင်း. . . သူတို့ကိုသူတို့ မိုက်ခဲညီနောင်သုံးဖော်တဲ့၊ ဘာမိုက်ခဲတွေလဲတော့ မသိဘူး၊ သိပ်တော့ မကြောက်


www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ခဏလေးနဲ့ မြေပြင်ပေါ်မှာ ပက်လက်ကလေးတွေ ဖြ
နေပြီ၊ တော်တော်အားကိုးရမယ့် မိုက်ခဲတွေပဲ"

စိုင်းလတ်ကလည်း. . . ။

"အလကား ပါချီပါချက် လူမိုက်တွေနဲ့ တူပါတယ်ကွ
ရမယ်ထင်လို့ လာစမ်းတာနေမှာပေါ့"

"ကဲ. . ကဲ. . စကားတွေပြောပြီး အချိန်ဖြုန်းမနေပါ
ပါနဲ့၊ အချိန်ရှိတုန်းကလေး ခရီးဆက်လိုက်ကြရအောင် ...
ရာက သိပ်ပြီး စိတ်ချရသေးတာမဟုတ်ဘူး"

သန်းထိုက်က လောလောဆော်ဆော်ပြောလိုက်၏

အမှန်ပင် သူတို့ရောက်နေသော နေရာသည် ရန်
မြင်ကွင်းမှာ ကျနေသည်။ အကွယ်အကာလုံးဝမရှိ။

အောင်ကျော်မိုးသည် ပိုးလိုးပက်လက် ဖြစ်နေသေ
မိုက်ခဲညီနောင်သုံးဖော်အား ခြေထောက်ဖြင့် ကန်ကျော
သလို ဟန်ရေးပြင်ပြီးနောက် မြင်းပေါ်သို့ ခုန်တက်လို
လေ၏။





ချယ်ရီထွန်းသည် အောင်ကျော်မိုးကိုကြည့်ကာ မသိ
သော ပြုံးလိုက်လေသည်။ ချောင်းရေမှာ တိမ်တိမ်ကလေး
သာဖြစ်သည်။ မြင်းဒူးဆစ်လောက်ရှိသည်။ သူတို့ ချောင်းကို
ကျော်၍ တောအုပ်ထဲကို စတင်ခြေချမိပြီဖြစ်သည်။

ဤတောအုပ်အမည်ကား စိတ္တရမဟီ။

အလေ့ကျ ပေါက်ရောက်နေသော သစ်ပင်များဖြင့်
ပြည့်နေ၏။ အလယ်တွင် လူသွားလမ်းကြောင်း ရှိသည်။
ဘေးတစ်ဘက် တစ်ချက်မှာတော့ ချုံနွယ်ပိတ်ပေါင်းများ
ကြီးစိုးထားလေ၏။

ဟိုပင်သည်ပင် ကူးနေသော မျောက်လွှဲကျော်များကို
တွေ့ရသည်။တောတွင်းပျော်ငှက်မျိုးစုံ၏ အသံတွေကလည်း
စုံလင်လှသည်။ တောသတ္တဝါဖြစ်သည့် ကျားဟိန်းသံကို
လည်း တစ်ချက်တစ်ချက် ကြားနေရသည်။ စိမ်းစိမ်းစိုစိုရှိ
သော သစ်ပင်တွေပေါ်မှာ ရွှေ့လျားသွားလာနေသော မြွေ
စိမ်းမြီးခြောက်တွေကို ရံဖန်ရံခါ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းလတ်နှင့်ဖော်လှိုင်မင်းတို့သည် တောပျော်သတ္တဝါတွေကိုကြည့်၍ လက်တယားယားဖြစ်နေကြပုံရသည်။

အချိန်သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံးလွန်မြောက်နေသည်။ နေ့အချိန် ကွယ်ပျောက်၍ ညအမှောင်သန်းသည့်အချိန်သို့ ရောက်လာ၏။ ဝင်လုဆဲနေ၏ အလင်းရောင်သည် ပျောက်ကြားမျှသာ ကျန်တော့၏။

သူတို့သည် နေ့လည်စာပင် မစားပဲ ခရီးဆက်ခဲ့ကြသည်ဖြစ်ရာ အားလုံး ဆာလောင်မွတ်သိပ်နေကြလေပြီ။

"တို့တတွေ ခဏနားကြမှ ဖြစ်မယ်၊ စားစရာရှိတာစားပြီး ဒီတစ်ညအားဖြင့် အနားယူလိုက်ကြရင် ကောင်းလိမ့်မယ်ထင်တယ်၊ နို့မို့ဆိုရင် ပင်ပန်းတာနဲ့ ရှေ့ခရီးမဆက်နိုင်ပဲနေလိမ့်မယ်"

သိန်းထိုက်က အကြံပေးသည်။ ရှေ့မလှမ်းမကမ်းတွင် ကျောက်တုံးကမူအကွယ်တစ်ခုကို တွေ့ရသည်။ သူတို့သည် ထိုနေရာကို ရွေးချယ်၍ နေရာယူလိုက်ကြသည်။





ကံကောင်းထောက်မစွာပင် ကျောက်ကမူအကွယ်၏နောက်တွင် လှိုဏ်ခေါင်းငယ်လေးတစ်ခုကို တွေ့ရသည်။ ထိုလှိုဏ်ဂူခေါင်းပေါက်၏ ဝင်ပေါက်မှာလူတစ်ကိုယ်စာကောင်းစွာ ဝင်ရောက်နိုင်သည်ကို တွေ့ရသည်။

"ငါတို့တတွေ ဒီည အဲဒီအထဲမှာပဲ နားလိုက်ကြရင်ကောင်းမယ်ထင်တယ်ဟေ့"

သိန်းထိုက်က ပြောလိုက်သည်။ ဖော်လှိုင်မင်းက ဦးခေါင်းညိတ်ပြလျက်. . . ။

"အဲဒီအကြံ သိပ်ကောင်းတာပေါ့၊ ရွက်ဖျင်တဲလည်းထိုးစရာမလိုတော့ဘူးပေါ့၊ အားလုံး အေးအေးဆေးဆေးအနားယူလို့ရတာပေါ့"

စိုင်းလတ်သည် ဖော်လှိုင်မင်းထံမှ လက်နှိပ်ဓာတ်မီးကိုယူ၍ လှိုဏ်ခေါင်းတွင်းသို့ ဝင်ရောက်သွား၏။ မကြာမီပြန်ထွက်လာ၏။ သိန်းထိုက်ကို လှမ်းပြောသည်။

"အထဲမှာတော့ တော်တော်ကျယ်တယ်၊ သူဆယ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လောက် အေးအေးဆေးဆေး နေလို့ရတယ်၊ ဒါပေမယ့် ပစ္စည်းတွေတော့ အပြင်မှာပဲထားခဲ့မှဖြစ်မယ်၊ အင်း. . ဒီရက်ထဲမှာ တို့အတွက် တစ်ခုတော့ ကံကောင်းနေတယ်၊ မိုးတ သိပ်မရွာဘူး"

အမှန်ပင် သည်ရက်ထဲမှာ မိုးမင်းက သဘောကောင်းနေ၏။ဟုတ္တိပတ္တိမိုးသိပ်မရွာတော့သည်မှာ နှစ်ရက်ခန့်ရှိလေပြီ။ ယခုလည်း မိုးကောင်းကင်ပြင်သည် ကြည်စင်လျက်ရှိ၏။ မိုးသားမိုးရိပ်များ စိုးစဉ်းမျှ မမြင်တွေ့ရ။ သည်ညလည်း မိုးရွာမည့်ပုံမပေါ်။

"ဘာပဲဖြစ်ဖြစ်၊ ဒီညလည်း အပြင်မှာ အစောင့်ထားရမှာပဲ၊ ဒါပေမယ့် အတွေ့အကြုံမရှိတဲ့ သူတို့ကိုတော့ စောင့်ခိုင်းလို့မရဘူး၊ တို့အထဲက တစ်ယောက်ယောက် စောင့်မှပဲဖြစ်လိမ့်မယ်၊ တို့အထဲက ဘယ်သူစောင့်မလဲဟေ့"

သိန်းထိုက်က မေးလိုက်လေရာ မိုက်ခဲညီနောင်သုံး





ဖော်ကို အနိုင်ယူခဲ့သော လူဝကြီးအောင်ကျော်မိုးက သူ့ကိုယ်သူ လက်ညှိုးထိုးပြလျက် ဝံ့ဝံ့ကြွားကြွားကလေး. . ။

"ငါစောင့်မယ်ကွာ"

"ဖြစ်ပါ့မလား. . သူငယ်ချင်းရ"

"ဖြစ်တယ်ကွာ. . သိန်းထိုက်၊ ဘာမှမပူနဲ့၊ ဘာမှမဖြစ်စေရဘူး၊ စိတ်သာချပြီး အိပ်ကြ"

"အင်း. . မင်းကိုယ်တိုင်က စောင့်မယ်ဆိုလို့သာ ခွင့်ပြုလိုက်ရမှာ၊ စိတ်ကတော့ သိပ်မချချင်ဘူး"

"ရပါတယ်ကွာ၊ အေးအေးဆေးဆေးပါ"

သိန်းထိုက်က ဆက်ပြီး မပြောပါလေတော့။ စိတ်ကတော့ သိပ်မချချင်။

ကိုမောင်မောင်သက်ကို သတ်သွားသော ရန်သူသည် ရှေ့ကထွက်ပေါ်လာခြင်း မဟုတ်ပေ။ မမြင်ကွယ်ရာကနေ ရုတ်တရက်ပေါ်လာပြီး လုပ်ကြံသွားခြင်းဖြစ်သည်။ ထိုရန်သူသည် အဝေးကလာသူ မဟုတ်။ သူတို့၏ အနီးတစ်ဝိုက်သာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေခြင်းဖြစ်သည်။ လက်တစ်ကမ်း အကွာအဝေးတွင် ရှိနေခြင်းသာဖြစ်သည်။

ဘာကိုမှ ပေါ့ပေါ့တန်တန် သဘောထားလို့မရတော့ပြီ။ ပေါ့ပေါ့တန်တန်သဘောထားလိုက်သည်နှင့်သူတို့၏ အသက်တွေလည်း ရန်သူ့လက်ထဲ ပါသွားရတော့မှာ သေချာ၏။

သူတို့သည် ညစာကို အပြင်တွင်သာ စုဝေးစားလိုက်ကြသည်။ ပါလာသည့် အစားအသောက်တွေကလည်း ကုန်လုနီးပါးဖြစ်သည်။ ဝက်အူချောင်းကြော်နှင့်ပေါင်မုန့်ခြောက်တွေသာကျန်တော့သည်။ဒါကုန်လျှင် ရိက္ခာပြတ်ပြီဖြစ်သည်။ သူတို့သည် ရှိသည့် အစားအသောက်တွေကို ဝေငှစားသောက်ကာလှိုဏ်ခေါင်းဂူတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

"ညီမ. . ချယ်ရီထွန်း၊ အပေါက်ဝနားမှာပဲ အိပ်ပေါ့၊ အရေးအကြောင်းဆို တစ်ပိုတစ်ပါးသွားချင်ရင် လွယ်ကူတာပေါ့"





သိန်းထိုက်က ချယ်ရီထွန်းကို ပြောလိုက်သည်။

ချယ်ရီထွန်းက ခေါင်းလေး ညိတ်ပြသည်။ တဆက်တည်း စောင်ပါးလေး တစ်ထည်ကို အောက်တွင်ခင်းကာ လှိုဏ်နံရံကိုမှီ၍ မျက်လုံးအစုံကို မှေးမှိတ်ထားလိုက်သည်။

ဇော်လှိုင်မင်းသည် ဇယောင်းတိုင်တစ်တိုင်ကို ထွန်း၏။ရှေ့တွင် ထွန်းပေးထားကာ မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ကာ ဂူနံရံကို မှီနေလိုက်သည်။

စိုင်းလတ်ကလည်း ဇော်လှိုင်မင်းဘေးတွင် ဝင်ထိုင်သည်။ လေးမြှားနှင့်မြှားတံဗူးကို ကိုယ်မှချွတ်၍ ဘေးတွင်ချထားလိုက်သည်။

သိန်းထိုက်ကတော့မူ အလုပ်သမားနှစ်ယောက်နှင့်အတူအတွင်းသို့ဝင်ရောက်ခဲ့ကာ သက်တောင့်သက်သာ အနေအထားဖြင့် ထိုင်နေလိုက်သည်။

အပြင်တွင်တော့ အောင်ကျော်မိုးတစ်ယောက်တည်း။

အစောင့်အဖြစ် စောင့်ကျန်လျက်. . . . ။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း - ၁၁

### ရန်သူအစစ်အမှန်

အချိန်သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံးလွန်မြောက်လျက်ရှိသည်။ အလင်းရောင်သည် လုံးဝကွယ်ပျောက်သွားလေပြီ။ သိပ်သည်းသမျှ နက်ရှိုင်းလှသော အမှောင်ထုသည် တလောကလုံးကို စိုးမိုးချယ်လှယ်ထားခဲ့ပါလေပြီ။

ကောင်းကင်ပြင်တွင် လရောင်ရှိသည်။ အလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ပြည့်ပြည့်ဝဝကြီးမပေးနိုင်ရှာ။ တိမ်မည်းအချို့လမင်းကို ဖုံးတစ်ဝှက်။ မဖုံးတစ်ဝက်။ ညို့မှိုင်းအုံ့ဆိုင်းနေသောသစ်ပင်တွေကြားထဲကနေ ပြောက်တိပြောက်ကြားလရောင်ကမြေပြင်ကို ထိုးပေးနိုင်ရှာသည်။

ညလေသည် ဖြည်းဖြည်းနှေးနှေး ကစားဆော်သွေးလျက်ရှိသည်။ ဆော်သွေးလျက်ရှိသော လေပြေက အဝတ်မဲ့ပါးပြင်ကို ပွတ်သပ်ကြည်စယ်လျက် ရှိသည်။ ရှုတတဝေဒနာကို ခံစားရသည်။

အောင်ကျော်မိုးသည် ကျောက်ကမူလေးပေါ် တက်ထိုင်ကာ အတွေးပလုံစီနေမိသည်။ တောင်တောင်အီအီ အတွေးများကို တွေးနေမိသည်။

အထူးသဖြင့် ကျောင်းသားဘဝက ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်ကလေးတစ်ခုကို ပြန်ပြောင်းတွေးနေမိသည်ဆိုက မှားမည်မဟုတ်ပေ။

ခင်မိုးမြင့် . . . ။





အမှန်ပင် . . . ။

ခင်မိုးမြင့်ဆိုသည့် မိန်းမတစ်ယောက်နဲ့ ပတ်သက်သော အကြောင်းအရာတို့ကို ပြန်ပြောင်းတွေးတောသတိရနေခြင်းဖြစ်ပါသည်။

ကိုးတန်းကျောင်းသားဘဝတုန်းကဖြစ်သည်။ ခင်မိုးမြင့်သည် သူနှင့်အတန်းတူဖြစ်သည်။ ကျောင်းတွင် မိန်းမချောမိန်းမလှများစွာရှိသည့်အနက် ခင်မိုးမြင့်သည် အချောအလှထိပ်ခေါင်ဖြစ်သည်။

သူကလည်း ခင်မိုးမြင့်ကို စွဲစွဲလန်းလန်းဖြစ်မိသည်။ ခင်မိုးမြင့်မှမရလျှင် သေရမလောက်ဖြစ်ခဲ့သည်။ စိတ်၏ စေစားမှုကို အလိုလိုက်သွားမိသည်။

ခင်မိုးမြင့်အား အသည်းနင့်အောင် ချစ်သည့်အကြောင်း ခင်မိုးမြင့်မှမရလျှင် ကိုယ့်ကိုယ်ကို သတ်သေလိုက်ပါမည့်အကြောင်း စာတစ်တန်ပေတစ်တန်ဖွဲ့နွဲ၍ ခင်မိုးမြင့်အား ပေးလိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူပေးလိုက်သော စာကိုခင်မိုးမြင့်က အပြုံးမပျက်ပင် ယူသွားခဲ့သည်။ ထိုနောက် ထိုစာကို တစ်ကျောင်းလုံး လှည့်လည်၍ ပြသကာ သူ့အား ကောင်းကောင်းကြီးအရှက်ခွဲပါလေတော့၏။

သည်စဉ်က သူသည် ကျောင်းသားကျောင်းသူတို့ အလယ်တွင် ဦးခေါင်းမဖော်ဝံ့တော့လောက်အောင် အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသည်။ လူ့ပုံအလယ်မှာ မျက်နှာအပြဝံ့သည့် အဖြစ်သို့ ကျရောက်ခဲ့ရသည်။

သူ့အစွဲအလန်းကြီးစွဲလန်းခဲ့ရသော အချစ်ကြီးချစ်ခဲ့ရသော ခင်မိုးမြင့်အပေါ်တွင်လည်း စိတ်နာကျည်းခြင်းမက စိတ်နာကျည်းခဲ့ရတော့သည်။ အချစ်ကြီးခဲ့ရာမှ အမျက်ကြီးခြင်းသို့ ပြောင်းလဲခံစားခဲ့ရတော့သည်။

ထိုစဉ်မှစ၍ မိန်းမတိုင်းကို ခင်မိုးမြင့်လိုပဲ စိတ်ထားရှိရမည်ဟု တွေးထင်မှတ်ယူမိရာက တွေ့သမျှ မိန်းမတိုင်းကို မဆက်ဆံချင်လောက်အောင် ဖြစ်ခဲ့ရသည်။





ယခုလည်း ယောကျ်ားသားတွေချည်းသာရှိနေသော သူတို့ကြားထဲသို့ချယ်ရီထွန်းဆိုသည့်မိန်းမသားတစ်ယောက်က ကြားဖြတ်ဝင်ရောက်လာပြန်လေပြီ။

သည့်အတွက် သူ့စိတ်ထဲမှာ သိပ်ပြီး မကျေနပ်ချင်။ ဖြစ်နိုင်လျှင် သူ့သဘောတစ်ခုတည်းနဲ့သာဆို ချယ်ရီထွန်းဆိုသည့် မိန်းမပျိုအား ဘယ်လိုပဲဒုက္ခရောက်နေပါစေဦးတော့။ ဖိုးစဉ်းမျှ လှည့်ကြည့်ခဲ့လိမ့်မည်မဟုတ်ပေ။ တွေ့ရာနေရာမှာပင် လှည့်မကြည့်စတမ်းပင် ပစ်ထားမည်မှာ အသေအချာ။

ယခုတော့မူ သူ့အနေဖြင့် ဘာမှမတတ်သာ။ သူက ဆန့်ကျင်ချင်ပေမယ့် သူတို့တတွေက လက်ခံနေတော့ သူ့အဖို့ မည်သို့မျှ တားဆီးခွင့်မရှိတော့ပြီ။

စိတ်မကျေနပ်မှုကို အသာမြိုသိပ်ထားရတော့သည်။ မမြိုသိပ်လို့ကရော သူ့အနေဖြင့် ဘာများ တတ်နိုင်ပါမည်နည်း။

“တောက်”



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်မှု၏ စေ့ဆော်မှုကြောင့် နှုတ်ဖျားမှ တောက် ခေါက်သံတစ်ချက်က ပြင်းစွာ ထွက်သွားရတော့သည်။

ညဥ့်က နက်သည်ထက်နက်လာပြီ။ လေတိုးသံ၊ သစ် ရွက်လှုပ်ခတ်သံမှအပ အရာခပ်သိမ်းသည် တိတ်ဆိတ်ငြိမ် သက်နေသည်ဟု ဆိုရပေမည်။ အဝေးဆီမှ ခွေးအူသံတွေက လည်း တစ်ချက်တစ်ချက် လွင့်ပျံ့လာတတ်သည်။

တဖြိုးဖြိုး တဖျတ်ဖျတ် တောင်ပံရိုက်ခတ်သံပေး၍ ဟိုမှသည်သို့ ပျံဝဲဆော့မြူးနေကြသော ညဥ့်ငှက်တို့ကိုတော့ တွေ့မြင်နေရပါ၏။

ထိုအသံက ထိုလှုပ်ရှားမှုမှလွဲ၍ ညဥ့်သည် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ထိုစဉ်မှာပဲ ထူးဆန်းအံ့ဩ ဖွယ်ရာ အချင်းအရာတစ်ခုက ရုတ်ချည်း ထွက်ပေါ်လာ တော့၏။

သိန်းစွန်ငှက်ကြီးတစ်ကောင်ပင် ဖြစ်ပါ၏။

ထိုသိန်းစွန်ငှက်ကြီးသည် အောက်ဆီသို့ ဝဲပျံဆင်း





လာကာ အောင်ကျော်မိုး၏ နောက်ဘက်တွင် ရှိနေသော ကျောက်ကမူလေးအထက်တွင် ရပ်နားလိုက်လေသည်။

အောင်ကျော်မိုးသည် သိန်းစွန်ငှက်ကြီးဘက်သို့ သ မင်လည်ပြန် လှည့်ကြည့်လိုက်မိသည်။

သည်တော့လည်း ထူးဆန်းအံ့ဩဖွယ်ရာ အချင်းအ ရာတွေကို ထပ်မံမြင်တွေ့လိုက်ရတော့သည်။

ယင်းမှာ သိန်းစွန်ငှက်ကြီး၏ နှုတ်သီးဖျားတွင် အ လျားလိုက် ကိုက်ချီထားသောမြွေးတံ။ထိုထက်မှာမူ ထိုသိန်း စွန်ငှက်ကြီး၏ ဘေးတွင် မည်းမည်း အရိပ်သဏ္ဍာန်တစ်ခု။

ဆိုရလျှင် လူတစ်ယောက်၏ အရိပ်သဏ္ဍာန် တစ်ခု။ ထိုအရိပ်သဏ္ဍာန် ပိုင်ရှင်သည် မည်သည့်အချိန်က တည်းက ထိုနေရာဆီသို့ ရောက်နေခဲ့သည်မသိခဲ့ပေ။

အောင်ကျော်မိုးကြည့်နေဆဲမှာပင် ထိုအရိပ်သဏ္ဍာန် ရှင်သည် ခါးကြားမှာထိုးထားသော အရာဝတ္ထုတစ်ခုကိုဆွဲ ထုတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တဆက်တည်း သိန်းစွန်ငှက်ကြီးနှုတ်သီးဖြင့် ကိုက်ချီလာသော မြှားတံကို ဆွဲဖြုတ်ကာ ခါးကြားမှ ဆွဲထုတ်လိုက်သော အရာဝတ္ထုထဲသို့ ထိုးထည့်လိုက်လေသည်။

အောင်ကျော်မိုးသည် အခြေအနေ အရပ်ရပ်အား ကောင်းကောင်းကြီး ရိပ်မိလိုက်ရာမှ အလျှင်အမြန် ထရပ်လိုက်ရာမှ ထိုအရိပ်သဏ္ဌာန်ရှင်ပစ်မှုတ်တော့မည့် အဆိပ်လူးမြှားတံမှ လွတ်အောင် ကြိုးစားအားထုတ်လိုက်မိသည်။ နှုတ်မှလည်း ကသောကမျောလေး ။

"ဟိတ် . . ဟိတ် . . မလုပ်နဲ့၊ မလုပ်နဲ့"

လှမ်းတားဖို့ ကြိုးစားလိုက်မိသည်။ ထိုစဉ်မှာပင် လှိုဏ်ဂူတွင်းမှ သိန်းထိုက်နှင့်စိုင်းလတ်တို့ ထွက်လာ၏။ စိုင်းလတ်သည် မြှားဖြင့် ထိုအရိပ်သဏ္ဌာန်ရှင်ထံသို့ တည့်တည့်မတ်မတ် ချိန်ရွယ်ထား၏။

"အင်း . . မင်းဟာ တော်တော်ဉာဏ်ကြီးတဲ့ မိန်းမပဲ၊ မင်းမီးမှုတ်ပြီး ထွက်သွားကတည်းက မင်းနောက်ကနေ တို





လိုက်ခဲ့တာ မင်းမသိလိုက်တာ မင်းအဖို့ ကံဆိုးတာပေါ့ . . ချယ်ရီထွန်း၊ အင်း . . မင်းရဲ့ သိန်းစွန်ငှက်ကြီးကလည်း တော်တော်လိမ္မာသားပဲကိုး၊ ငါတို့ရဲ့ အသက်တွေကို ချွေဖို့အတွက် အဆိပ်လူးမြှားတံတွေကို သယ်သယ်လာပေးရှာတာကိုး၊ ဒါကြောင့် ဟိုညက ထင်တော့ထင်လိုက်မိသား။ ငှက်တောင်ပံခတ်သံနှင့်ငှက်အော်သံကို ကြားမိပါတယ်လို့၊ ဘာပဲဖြစ်ဖြစ် မင်းကို ယုံမိတာကိုက တို့အမှားပဲ၊မင်းမှာ ဒီလိုအဆိပ်ပြောင်းတစ်ခုပါလာလိမ့်မယ်ဆိုတာကို မတွေးမိတာကိုက တို့အမှားပဲ၊ ကဲ . . ဆိုစမ်းပါဦး၊ ဘယ်လိုအကြံနဲ့ ငါတို့ကို အခုလို လိုက်လုပ်နေရတာလဲ"

သိန်းထိုက်သည် ဆက်စပ်မိသမျှကို ပြောရင်း တဆက်တည်း ချယ်ရီထွန်းကို မေးခွန်းထုတ်လိုက်သည်။ ချယ်ရီထွန်းသည် အဆိပ်လူးမြှားမှာ တပ်ဆင်ထားသော မှုတ်ပြောင်းကို အားသို့ ချထားလိုက်ရင်းမှ . . . . ။

"ဒီကို လာသမျှ လူတွေဟာ လောဘဇောတိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြတဲ့ လူတွေချည်းပဲ၊ ချယ်ရီတို့ အရေးတယူနဲ့ ပူဇော်ပသထားတဲ့ ချယ်ရီထွန်းတို့ရဲ့ အရှင်သခင်နတ်မင်းဆီက ပစ္စည်းတွေကိုယူဖို့ လာကြတဲ့လူတွေချည်းပဲ၊ ချယ်ရီတို့က လည်း အဲဒါတွေကို တစိမ်းတွေနောက်ကို မပါစေချင်ကြဘူး။ ဒါကြောင့် ရောက်လာသမျှ တစိမ်းတွေကို လမ်းခုလတ်က နေ ဟန့်တားဖို့ တာဝန်ကို ချယ်ရီယူထားတာပဲ၊ ရှင်တို့ကို ချယ်ရီအကောင်းဆုံး အကြံပေးချင်တာက ရှင်တို့ရဲ့ အကြံအစီတွေကို လက်လျှော့ပြီး နောက်ကြောင်းပြန်လှည့်သွားဖို့ပဲ၊ ဒါဆိုရင် ရှင်တို့အားလုံး သက်ဆိုးရှည်မှာပဲ"

"တကယ်လို့ မင်းပြောတဲ့အတိုင်း လက်မခံပဲ ရှေ့ကို ဆက်သွားမယ်ဆိုရင်ကော"

အောင်ကျော်မိုးဖြစ်ပါ၏။

အစကတည်းက မ,ဆိုလျှင် လက်မတောင်ဖြတ်ချင်နေသည့် အောင်ကျော်မိုးကလည်း ရှေ့သို့ တက်လှမ်းလာရင်းမှ အငေါ်တူးသလို မေးလိုက်သည်။





ချယ်ရီထွန်းသည် သဘောကျသလို ပြုံးလိုက်သည်။

"ဒါတော့လည်း ရှင်တို့ကြမ္မာကို ရှင်တို့ဖန်တီးတာပဲ ပေါ့၊ ချယ်ရီတို့မှာ အပြစ်မရှိတော့ဘူးပေါ့ရှင်"

စကားအဆုံးတွင် ချယ်ရီထွန်းသည် အဆိပ်မြွေပြောင်းကို နှုတ်ခမ်းဝမှာ တေ့လိုက်ရာမှ မှုတ်ဖို့အားယူလိုက်ပါ၏။

ထိုအခိုက်မှာပင်. . .။

"ဝှစ်"

အသံတစ်ချက်နှင့်အတူ အရာဝတ္ထုတစ်ခုသည် လေထဲတွင် ဝဲပျံလာခဲ့ရာမှ ချယ်ရီထွန်း၏ နဖူးပြင်တည့်တည့်မှာ စိုက်ဝင်သွားတော့သည်။

"ဒုတ်"

ချယ်ရီထွန်းအဖို့ အဆိပ်ပြောင်းမှုတ်ခွင့်မရရှာပါလေတော့။ လူမှာ မြေပြင်ထက်သို့ ပြိုလဲကျသွားသလို အဆိပ်ပြောင်းမှလည်း လွတ်ကျသွားပါလေတော့၏။ ဇော်လှိုင်မင်းပစ်လွှတ်လိုက်သော ပေါက်ဓားကြောင့် ချယ်ရီထွန်းသည်



www.burmeseclassic.com

www.burmeseclassic.com

တမလွန်သို့ ထွက်ခွာသွားရရှာလေပြီ။

"ဂစ်. . ဂစ်. . ဂီး"

"ဖျတ်. . ဖျတ်. . ဖျတ်"

သိန်းစွန်ငှက်ကြီးသည် သူ့သခင်မချယ်ရီထွန်း၏ အခြေအနေကို ရိပ်စားမိသွားဟန်ဖြင့် တောင်ပံဖြန့်ကား၍ ပျံတက်ဖို့ ကြိုးစားလိုက်ပါ၏။

"ရှပ်"

လေးညို့သံတစ်ချက်က တိတ်ဆိတ်ခြင်းကို ဖောက်ခွဲ၍ ထွက်ပေါ်လာသည်နှင့်အမျှ. . .။

"ဝှစ်"

မြားတံတစ်ချောင်းက စိုင်းလတ်၏ လေးညို့မှ ရှေ့ဆီသို့ အဟုန်ဖြင့် ပြေးထွက်သွားလေတော့သည်။

"ဒုတ်"

"ဂစ်. . ဂစ်. . ဂီး. . ဂီး"

သိန်းစွန်ငှက်ကြီး၏ လည်ပင်းကို ထုတ်ချင်းခတ်မျှ



ပေါက်ထွက်သွားသည့်နောက်မှာ နာနာကျင်ကျင်ရှိသည့်ဝေဒနာကို ခံစားရင်း အော်ညည်းသံကြီးကို အဆက်မပြတ် ပြုနေရှာသည်။

နောက်ဆုံး သိန်းစွန်ငှက်ကြီးသည် ကိုယ်ခန္ဓာပြိုလဲကျသွားလျက် မြေပြင်ထက်မှာ ထွန့်ထွန့်လူးနေရှာတော့သည်။မကြာမတင်သော အချိန်အတွင်းမှာ သိန်းစွန်ငှက်ကြီးလည်း သူ့သခင်မဖြစ်သူ ချယ်ရီထွန်း၏ နောက်သို့ လိုက်ရတော့မည်မှာ သေချာ၏။

သိန်းထိုက်သည် လက်ငင်းပစ္စက္ခမှာ ဖြစ်ပေါ်သွားသောအခြေအနေတွေကိုကြည့်၍ စိတ်မောလူမောဖြစ်သလို ပင့်သက်တစ်ချက်ကိုသာ ရှိုက်လိုက်မိတော့သည်။

ယခုကဲ့သို့ ချယ်ရီထွန်းရုတ်တရက် သေဆုံးသွားရခြင်းအတွက် စိတ်မကောင်းဖြစ်မိသည်ကတော့ အမှန်ပင်။

သို့သော် မတတ်နိုင်ပါ။ အခုလိုမှ ကိုယ့်ဘက်က လက်ဦးမှုမယူလျှင် သူက မိမိတို့အား တစ်ယောက်ချင်း အ

www.burmeseclassic.com

www.burmeseclassic.com



မှည့်ချွေသလို ချွေသွားတော့မှာ သေချာ၏။

"ငါအစကတည်းက ထင်တော့ထင်သားပဲ၊ သူတို့ဆီကို စရောက်လာကတည်းကတို့တော့ ကြမ္မာငင်တော့မှာပဲလို့ အင်း. . မိန်းမ. မိန်းမ ဘယ်လိုဝဋ်ကြွေးများ ပါလာလို့လည်း မသိဘူး၊ မိန်းမဆိုတဲ့ သတ္တဝါတွေဟာ ငါနဲ့ ကိုက်ကိုမကိုက်ဘူး၊ အရင်တုန်းက မိန်းမတစ်ယောက်ကြောင့်နဲ့ ငါအရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရတယ်၊ အခုလည်း မိန်းမတစ်ယောက်ရဲ့ လက်ချက်နဲ့ငါ့အသက်သေရတော့မလို့၊ ကံကောင်းလို့ပေါ့ကွာ၊ မင်းတို့ အချိန်မီ ရောက်လာလို့ပေါ့၊ နို့မို့ဆိုရင် အခုလောက်ဆို အောင်ကျော်မိုးဆိုတဲ့ ငါ၊ နတ်ပြည်ပဲ ရောက်နေမလား၊ ငရဲပြည်ပဲ ရောက်နေမလားပဲ"

အောင်ကျော်မိုးသည် စကားအဆုံးတွင် ကြက်သီးမွေးညှင်းထသလို ပခုံးကိုလည်းကျုံ့ပြ၏။ မျက်လုံးအစုံကလည်း ပြူးပြ၏။သိန်းထိုက်ကအောင်ကျော်မိုးအား မျက်စောင်းတစ်ချက်ထိုးလိုက်ရာမှ တဆက်တည်း. . .။





"မင်းက တို့ကို အစစအရာရာ လျှော့တွက်ထားတာကိုး၊ သူရောက်လာပြီးမှ ကိုမောင်မောင်သက်သေသွားကတည်းက သူ့အပေါ်မှာ သင်္ကာမကင်းဖြစ်နေတာပဲ၊ သူ့အကြံကို သိချင်လို့ ငါတို့တတွေက နလပိန်းတုံးတွေ ယောင်ဆောင်နေလိုက်ရတာပဲ၊ ဘာပဲဖြစ်ဖြစ် တို့ကြောင့် မင်းအသက်ရှင်ခွင့်ရသွားတာ၊ မင်းကံကောင်းပါတယ်"

"မိန်းမတွေနဲ့ မင်းကံမလိုက်ဘူး၊ မိန်းမမှန်သမျှ မင်းကို ဒုက္ခပေးဖို့ချည်းပဲ ကြံနေတယ်၊ဒီတော့ ဒီတစ်သက် မင်း မိန်းမမယူနဲ့တော့၊ လက်မကအစ အားလုံးဖြတ်ထားလိုက်ပေတော့"

စိုင်းလတ်က အောင်ကျော်မိုးကို လှမ်း၍နောက်၏။

"တော်စမ်းပါကွာ၊ တချို့ကောင်းတဲ့ မိန်းမလည်း ရှိဦးမှာပါ"

အောင်ကျော်မိုးက ပြန်ပြော၏။

"အင်း. . မင်းက မိန်းမတွေအပေါ်မှာ စိတ်မကုန်



www.burmeseclassic.com

www.burmeseclassic.com

သေးပဲကိုး၊ ကျွတ်. . ကျွတ်. . ကျွတ်"

စိုင်းလတ်က သမ်းဟန်ဖြင့် စုပ်သတ်၏။ အောင်ကျော်မိုးက ဘာမှပြန်မပြောတော့။ အသာနှုတ်ပိတ်နေ၏။ ညဉ့်မှာ အနက်ရှိုင်းဆုံးပိုင်းသို့ ရောက်နေပြီဖြစ်သည်။

ကောင်းကင်ပြင်တွင် လမင်းအလင်းရောင် လုံးဝမရှိတော့။ တိမ်ညိုတိမ်မည်းတွေက လမင်းကို ဖုံးအုပ်ထားလိုက်ပြီဖြစ်သည်။ ဖြည်းဖြည်းချင်း တိုက်ခတ်နေသော လေပြေမှာလည်း တဖြည်းဖြည်းကြမ်းတမ်းလာ၏။ မိုးသက်နံ့ပင် ပါလာသလိုလို။

မကြာမီ မိုးများရွာချဦးမည်လား မပြောတတ်။





## အခန်း - ၁၂

### ခရီးအဆုံး

နောက်ဆုံးတော့လည်း သူတို့သည် လိုရာခရီးဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ခဲ့ရပါတော့၏။ မြေပုံညွှန်းထဲမှာ ပါရှိသော ဒက္ခိဏမြို့ သူမြို့ သားတို့ ကိုးကွယ်အလေးအမြတ်ထားသည့် အရှင်နတ်မင်းသခင် ရုပ်တုကြီးတည်ရှိရာ ကျောက်ဂူကြီးက သူတို့၏ မျက်စိမြင်ကွင်းရှေ့မှာ သွားကနဲ


www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာလေတော့၏။

အဲသည်တော့ အချိန်က ညနေစောင်းနေပြီ။ ဝင်လု ဆဲနေရောင်သည် ရွှေရောင်တောက်ပနေ၏။ ရေညှိရောင် တက်နေသော ကျောက်ဂူကြီးမှာ ထီးထီးမားမား ရှိနေ၏။

ထူးဆန်းသည်မှာ သူတို့ ကျောက်ဂူကြီး၏ အနီးဆုံး နေရာသို့ ရောက်သာရောက်သွား၏။ မည်သည့်ရန်သူတစ်ဦး တစ်ယောက်ကိုမှတော့ မတွေ့ရသေးပေ။ အနီးတစ်ဝိုက်တွင် လည်း သက်ရှိသတ္တဝါဆိုလို့ မည်သည့်သတ္တဝါကိုမှ မတွေ့ရ ပေ။

သိန်းထိုက်သည် မြင်းပေါ်ကနေ ခုန်ဆင်းလိုက်သည်။ စိုင်းလတ်၊ ဇော်လှိုင်မင်းနှင့်အောင်ကျော်မိုးတို့ကလည်း ခုန် ဆင်းလိုက်ကြသည်။ မြင်းတွေကို အလုပ်သမားနှစ်ယောက် လက်ထဲ အပ်ထားခဲ့ကာ ကျောက်ဂူနားသို့ တိုးကပ်လာခဲ့ကြ သည်။ ထိုမှတဆင့် ကျောက်ဂူကြီးထဲသို့ ခြေချလိုက်ကြ၏။

မွှေးပျံ့သော ရနံ့ပေါင်းစုံက ကြိုဆိုလိုက်သည်။ ပြီး





တော့ အလယ်လူသွား လမ်းကြောင်း၏ အဆုံးတွင်မတော့ ဒဂုဏ်မြို့ သူမြို့သားများ ကိုးကွယ်အားထားရာ အရှင်နတ် မင်းသခင်ရုပ်ထုကြီး။

ထိုနတ်မင်းသခင်၏ ဘေးတစ်ဘက်တစ်ချက်တွင် မီး တုတ်ကြီးတွေကို ထွန်းညှိထားသောကြောင့် ကျောက်ဂူကြီး တစ်ခုလုံးမှာ မီးအလင်းရောင်ဖြင့် ထိန်ထိန်လင်းနေ၏။

နတ်မင်းသခင်၏ ရှေ့တွင် ပုဆစ်တုပ်၍ထိုင်နေသော ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ယောက်က ဝင်ပေါက်ကို ကျောပေးထား၏။ ထိုအဖိုးအို၏ ဘေးမတော့ တောင်ဝှေး တစ်ချောင်းချထား၏။

အဘိုးအိုသည် နောက်သို့လှည့်မကြည့်ပဲ စကားလှမ်း ပြောခဲ့ပါ၏။

"အသင်တို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြမှ ကိုး၊ကောင်းပါလေ့ကွယ်၊ ကျုပ်ကလည်း သင်တို့ကို ကောင်း ကောင်းမွန်မွန် ကြိုဆိုသမှုပြုပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခြေလှမ်းတွေ တုန့်ဆိုင်းရပ်သွားကြ၏။ အဘိုးအိုသည် တောင်ဝှေးကို ကောက်၍ ထိုင်ရာမှ ထ၏။ သူတို့ဘက်သို့ မျက်နှာမူ၍ အကဲခတ်သလို ကြည့်ခဲ့ရာမှ ထည်ဝါခန့်ညားသော အသံဖြင့်. . .။

"အင်း. . လောဘသားတွေ ရောက်လာကြမှပဲကိုး၊ သင်တို့သည် ဘယ်အတွက်ကြောင့် ဒီကိုရောက်လာတယ်ဆိုတာကို ကျွန်ုပ်သိတယ်၊ ကျွန်ုပ်ဟာ ဒီနယ်က ဒုတိယမြောက် နတ်ဆရာနေမင်းခေါင်ဖြစ်ပေတယ်၊ပထမနတ်ဆရာ နေမင်းအောင်ကွယ်လွန်အနိစ္စရောက်သွားခဲ့လို့ သူ့ကိုယ်စား ကျွန်ုပ် ဒီတာဝန်ကို ဆက်ပြီးထမ်းဆောင်ရခြင်းဖြစ်ပေတယ်"

ဦးနေမင်းခေါင်. . .။

ထိုနာမည်ကို လေးလေးဦးထွန်းလူထံမှ ကြားဖူးခဲ့၏။

ဦးဒီပနှင့်အတူ ခရီးထွက်ခဲ့သောသူ။

သေဆုံးသွားပြီဟု သတ်မှတ်ထားသူ။

ယခုတော့ သူက နတ်ဆရာဖြစ်နေ၏။ နတ်ဆရာကြီး





ဦးနေမင်းခေါင်က ဆက်လက်၍. . .။

"ကျွန်ုပ်တစ်ချိန်တုန်းက သင်တို့လိုပဲ လောဘရမ္မက်ကြောင့် ဒီနေရာကို ရောက်ခဲ့ရတယ်၊သို့သော်လည်း အသက်သည် လောဘရမ္မက်ထက်ပို အရေးကြီးသောကြောင့် လောဘရမ္မက်ကိုစွန့်လွှတ်ပြီး နတ်ဆရာအဖြစ် ခံယူလိုက်ရခြင်းဖြစ်ပေတယ်၊ သင်တို့ပဲ လောဘရမ္မက်ကို ချိုးနှိမ်ပြီးနောက်ကြောင်း ပြန်လှည့်သွားမယ်ဆိုရင် အသက်ချမ်းသာရာ ရပေလိမ့်မယ်"

"တကယ်လို့ ကျွန်တော်တို့ဘက်က နောက်မဆုတ်ဘူးဆိုရင်တော့. . ."

စိုင်းလတ်က သွေးတိုးစမ်းသကဲ့သို့ အတန့်တက်ကြည့်လိုက်လေရာ နတ်ဆရာကြီးက. . .။

"သင်တို့၏ နောက်တော်ပါးကိုသာ လှည့်ကြည့်လိုက်ပါ၊ ဒီနေရာတစ်ဝိုက်မှာ အစောင့်အရှောက်တွေ အများကြီးရှိနေတယ်ဆိုတာကို သင်တို့ သိစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့က နောက်သို့ သမင်လည်ပြန် ပြိုင်တူကြည့်မိလိုက်ကြသည်။ ထွက်ပေါက်ပိတ်၍ ပါးပျဉ်းထောင်နေကြသော မြွေဟောက်နက်ကြီး ငါးကောင်ကို မြင်တွေ့လိုက်ရသည်။

"သင်တို့ မြင်တွေ့ကြပြီမဟုတ်လား၊ ဤနေရာတဝိုက်တွင် မမြင်ရသော အစောင့်အရှောက်တွေ ဒုနှင့်ဒေးရှိတယ်၊ သင်တို့ သဘောနဲ့သင်တို့ လောဘသက္ကာရတက်ပြီး နတ်သခင်ရဲ့ ပစ္စည်းတစ်စုံတစ်ရာကို ယူဆောင်သွားမည်ဆိုပါက သင်တို့အဖို့ သက်ဆိုးရှည်လိမ့်မည် မဟုတ်။ အလာလမ်းသာရှိပြီး အပြန်လမ်းရှိမည်မဟုတ်ပါ။ ဒီတော့ လောဘကို အတောသတ်လိုက်ကြပါ၊ ကျွန်ုပ်ပေးသမျှကိုသာ လက်ခံယူပြီး နောက်ကြောင်းပြန်လှည့်သွားကြပါ၊ ဒါဆိုရင် သင်တို့အဖို့ နောင်ရေးအခြေအနေကောင်းပါလိမ့်မည်။ အသင်တို့ နောက်ကြောင်းအေးအေး စိတ်ရှင်းရှင်းနဲ့ နေရတဲ့ ဘဝကိုသာ ရယူကြပါ"





နတ်ဆရာကြီးက စကားတွေ ရှည်လျားပြောပြီး အကျိုးအကြောင်းရှင်းပြ၏။

ဟုတ်တော့လည်းဟုတ်သည်။ လောကကြီးတွင် လူမသေဖို့သာ အရေးကြီးသည်။ အသက်ရှင်ဖို့သာ လိုသည်။ လူမသေငွေမရှားဆိုသည့် စကားရှိသည်ပဲမဟုတ်လား။

သိန်းထိုက်က ဇော်လှိုင်မင်းကို ဘယ်လိုသဘောရသလဲဆိုသည့် အဓိပ္ပါယ်ဖြင့် လှမ်းကြည့်လိုက်သည်။ ဇော်လှိုင်မင်းက မသိမသာ ခေါင်းညိတ်ပြ၏။ စိုင်းလတ်နှင့်အောင်ကျော်မိုးတို့သည် သိပ်ကျေနပ်ပုံမရ။ သို့သော် နှုတ်မှတော့ ဘာမှမပြောပေ။

"ကောင်းပြီလေ၊ ဆရာကြီးပြောသလို ကျွန်တော်တို့ အေးအေးဆေးဆေး ကိုယ့်လမ်းကိုယ် ပြန်မယ်၊ ကျွန်တော်တို့အတွက် ဘာအနှောင့်အယှက်မှ မရှိအောင် ဆရာကြီးဘက်က တာဝန်ယူပေးဖို့ လိုလိမ့်မယ်"

သိန်းထိုက်က ပြောလိုက်သည်။ နတ်ဆရာကြီး ဦး



www.burmeseclassic.com

www.burmeseclassic.com



နေမင်းခေါင်၏ မျက်နှာပြင်တွင် သိသာပွင့်လင်းသော အပြုံးရိပ်ကလေးတစ်ရိပ် ပေါ်ပေါက်လာလျက်. . .။

"အိမ်း. . သင်တို့ အမှန်တရားကို အလွယ်တကူမြင်တွေ့သဘောပေါက်သွားတဲ့အတွက် ကျွန်ုပ်ဝမ်းသာမိပါတယ်၊ သင်တို့ အပြန်လမ်းမှ ဘယ်လိုအနှောင့်အယှက်မှ မတွေ့ရအောင်လည်း ကျွန်ုပ်တာဝန်ယူပါတယ်"

"ပြီးတော့ သင်တို့အပြန်ခရီးအတွက် အကောင်းဆုံးလက်ဆောင်မွန်တစ်ခုကိုလည်း ပေးလိုက်ပါဦးမယ်၊ အဲဒါကို ယူသွားပြီးတဲ့အခါမှာ အကျိုးရှိတဲ့နေရာတွေမှာ အကျိုးရှိရှိအသုံးချတတ်ဖို့တော့ လိုလိမ့်မယ်၊ အကျိုးမဲ့တဲ့ ကိစ္စတွေမှာ အသုံးချရင်တော့ အကျိုးမဲ့မှာပဲ"

နတ်ဆရာကြီး ဦးနေမင်းခေါင်သည် နတ်မင်းသခင်ရုပ်တုကြီးရှေ့မှာရှိနေသောရုပ်တုငယ်လေးတစ်ခုကို သွားယူကာ သိန်းထိုက်၏ လက်ထဲသို့ထည့်ပေးသည်။ သိန်းထိုက်ကလည်း တရိုတသေပင် လှမ်းယူ၏။



တင်းဘုတ်ကိုင်၍ ဆောင့်ကြောင့်ထိုင်နေဟန်ရှိသောဘီလူးရုပ်တုလေးသာတည်း။ တစ်ပေခန့်သာရှိမည်။ အစွယ်ငေါငေါ၊ မျက်လုံးပြူးပြူးနှင့်ဖြစ်သည်။ လွန်စွာ အကြည့်ရဆိုးသော မျက်နှာနှင့်ဘီလူးရုပ်တုလေးပါပေ။ ကိုင်ရသည်မှာလေးလေးပင်ပင်တော့ရှိ၏။

"ကဲ. . ကဲ. . သင်တို့ အနှောင့်အယှက်ကင်းကင်းနဲ့ နောက်ကြောင်းကိုသာ ပြန်လှည့်သွားကြပေတော့"

နတ်ဆရာကြီးဦးနေမင်းခေါင်သည် တောင်ဝှေးကို ကြမ်းပြင်နဲ့ တစ်ချက်ဆောင့်လိုက်ပေရာ ထွက်ပေါက်ပိတ်ဆို့ထားကြသော မြွေဟောက်ငါးကောင်မှာ ထိုနေရာမှ ဖယ်ခွာသွားသည်ကို အံ့ဩဖွယ်ရာ တွေ့မြင်လိုက်ရတော့သည်။

ထိုစဉ်မှာပင် မိုးခြိမ်းသံကြီးတစ်ချက်က နားစည်ကွဲအက်မတတ် ထွက်ပေါ်လာ၏။

"ဝုန်း. . ဒုန်း. . ဒုန်း"

နောက်ဆက်တွဲအဖြစ် မိုးကြိုးပစ်သံကြီးတစ်ချက်က

www.burmeseclassic.com

www.burmeseclassic.com


ကြောက်မက်ဖွယ် ထွက်ပေါ်လာပြန်၏။

"ဂျိမ်း. . ဒိုင်း. . ဒိုင်း"

"ဝေါ. . ဝေါ. . ဝေါ"

လေပြင်းကလည်း တိုက်ခတ်လာပြန်၏။

လျှပ်ရောင်တန်းကြီးတွေကလည်း တဝင်းဝင်း တလက်လက် ကျောက်ဂူကြီးတွင်းသို့ ဝင်ရောက်လာသည်။ မြွေဟောက်ကြီးတစ်ကောင် ပါးပျဉ်းထောင်၍ ကမူးရှူးထိုး ဝင်ရောက်လာသည့်အတိုင်း။

ထိုစဉ်မှာပင် သူတို့အဖို့ အံ့ဩထူးဆန်းဖွယ်ရာ အချင်းအရာတစ်ခုနဲ့ မျက်မြင်ဒိဋ္ဌကြုံတွေ့လိုက်ရတော့၏။

ယင်းမှာ အခြားမဟုတ်ပေ။

သူတို့ရှေ့မှာရှိနေသည့် နတ်ဆရာကြီးဦးနေမင်းခေါင်သည် မြေလျှိုးမိုးပျံသွားသကဲ့သို့ သူတို့ မျက်စိရှေ့မှောက်ကနေ ကွယ်ပျောက်သွားခြင်းပဲ ဖြစ်ပါတော့၏။

ဘေးဘီဝဲယာသို့ လှည့်ပတ်ကြည့်သော်လည်း မတွေ့ရပါလေတော့။ ပျောက်ချင်းမလှပျောက်သွား၏။ ထိုအဖြစ်ကို ကြည့်၍ သူတို့လေးယောက်စလုံး ကြက်သီးမွေးညှင်းတွေက ဖြည်းဖြည်းထသွားသည်မှာလည်း အမှန်ပင်။

ထိုစဉ်မှာပင် မိုးမင်းသည် မရည်ရွယ်ပါပဲလျက် ဒလကြမ်း ရွာချလိုက်ပါလေတော့၏။

www.burmeseclassic.com







## အခန်း – ၁၃

### ဗကျော့နပ်သူ

"ဒါနဲ့ပဲ ဒီဘီလူးရုပ်တုလေးယူပြီး ကျေကျေနပ်နပ်နဲ့ နောက်ကြောင်းပြန်လှည့်လာကြတယ်ဆိုပါတော့"

မကျေမနပ်သံကြီးဖြင့် ပြောလိုက်သော ဦးလေးဦးထွန်းလူအား သိန်းထိုက်က ဦးခေါင်းညိတ်ပြရာမှ တဆက်တည်း. . . ။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်. . လေးလေး၊ ရတနာနှင့်အသက်လဲတဲ့ နေရာမှာ ကျွန်တော်တို့က အသက်ပဲပြန်ယူလာခဲ့တယ်၊ ဦးဒီပရဲ့ အဖြစ်ကိုပဲကြည့်လေ၊ရတနာမပြောနဲ့၊ မြေပုံလေးဆွဲပြီး ယူလာတာတောင်တောထဲမှာရှိတဲ့ အစောင့်မြွေဟောက်တွေက ဒီအထိလိုက်လာပြီးအနှောင့်အယှက်ပေးခဲ့ကြလို့ နောက်ဆုံး အသက်ပါပေးဆပ်လိုက်ရတယ်မဟုတ်လား၊ တကယ်လို့ အဲဒီတုန်းက ဦးဒီပသာ ရတနာတွေ ယူလာခဲ့ရင်လည်း လမ်းမှာတင် အသက်ပျောက်ပြီး ဒီကိုတောင် ရောက်လာဖြစ်မှာမဟုတ်ဘူး၊ အခုဆိုရင် ကျွန်တော်တို့ကတော့ လွတ်လွတ်လပ်လပ်ပဲ၊ ဘာကိုမှ ကြောက်စရာမလိုဘူး"

"ဟိုသုံးယောက်ကကော သဘောတူကြရဲ့လား"

"ကျွန်တော့်သဘောတစ်ခုထဲပါပဲ. . လေးလေး၊ သူတို့လည်း သူတို့ အိမ်ကို ပြန်ရောက်ပြီး အေးအေးဆေးဆေး နေကြပြီလေ"

သို့သော် ဦးထွန်းလူကတော့ သိပ်ပြီးကျေနပ်ပုံမရပေ။



လက်ထဲမှ ဘီလူးရုပ်တုလေးကို ငုံ့ကြည့်ခဲ့ရာမှ. . ။

"ဒါဖြင့်လည်း ဒီဟာကိုကျတော့ ဘာဖြစ်လို့ ယူလာရတာလဲ၊ကြည့်ရတာကိုက ကျက်သရေမရှိနဲ့၊ ဒီဟာကိုလည်း ဟောဒီလို လွှင့်ပစ်လိုက်ရင် မကောင်းဘူးလား"

စကားအဆုံးတွင် ဦးထွန်းလူသည် ဘီလူးရုပ်တုလေးကို ရှေ့ဆီသို့ ကိုင်ပေါက်ပစ်လိုက်တော့သည်။ သိန်းထိုက်က အချိန်မှီ တားဆီးဖို့ ပြင်လိုက်သော်လည်း မရပါလေတော့။

"ခွမ်း"

ကြမ်းပြင်နှင့်အရှိန်ပြင်းစွာ ထိတွေ့မိသည့် ဘီလူးရုပ်တုကလေး အစိပ်စိပ်အမွှာမွှာ ကွဲထွက်သွားသည်နှင့်အမျှ ဖြိုးဖြိုးဖြတ်ဖြတ ပြိုးပြိုးလက်လက်ရှိသော အရာဝတ္ထုတွေလည်း ကြမ်းပြင်ပေါ်မှာ ဖွေးကနဲဖြစ်သွားလေတော့သည်။

ဦးထွန်းလူနှင့်သိန်းထိုက်တို့နှစ်ယောက်စလုံးပင် မြင်တွေ့လိုက်ရသော မြင်ကွင်းကို မယုံနိုင်သလို တအံ့တသြ ငုံ့ကြည့်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်မှာမူ ထိုဖြိုးဖြိုးဖျတ်ဖျတ် ပြိုးပြိုးလက်လက်ဖြင့် ထွက်ကျလာသော အရာဝတ္ထုများသည် သူတို့ကြည့်နေဆဲမှာပင် မြွေသဏ္ဍာန်ကဲ့သို့ ပုံစံပြောင်းသွား၏။

"အဖိုးတန်စိန်တွေပဲ"

ဦးထွန်းလူက ထိုအရာဝတ္ထုများကို ကြည့်၍ တအံ့တသြ-ခပ်တိုးတိုးရေရွတ်သည်။

"ဟုတ်တယ်၊ စိန်တွေပဲ"

သိန်းထိုက်ကလည်း ရေရွတ်လျက် နတ်ဆရာကြီးဦးနေမင်းခေါင် မှာကြားလိုက်သော စကားတွေကို ပြန်လည်ကြားယောင်မိလိုက်၏။

"အဲဒီပစ္စည်းကို ယူသွားပြီးတဲ့အခါမှာ အကျိုးရှိတဲ့နေရာတွေမှာ အကျိုးရှိရှိ အသုံးချဖို့တော့ လိုလိမ့်မယ်၊ အကျိုးမဲ့တဲ့ နေရာတွေမှာ အသုံးချရင် အကျိုးယုတ်မှာပဲ"

ထိုစကားတွေကို ပြန်လည်ကြားယောင်လာမိရာမှ သိန်းထိုက်သည် ဦးထွန်းလူအား. . .။



BURMESE CLASSIC .com



"ဒီပစ္စည်းတွေကို လေးလေးပဲ ထိန်းသိမ်းထားပြီး အကျိုးရှိတဲ့ ကိစ္စတွေမှာ အသုံးပြုပါ၊ ဆေးရုံတို့၊ လူအိုရုံတို့၊ မိဘမဲ့ဂေဟာတွေကို အလှူအတန်းလုပ်ပေးပါ၊ အထူးသဖြင့် ကွယ်လွန်သွားတဲ့ ဦးဒီပအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်တွေ လုပ်ပေးပါ၊ ကျွန်တော်ကတော့ ဒါတွေကို မမက်မောချင်တော့ဘူး. . လေးလေး၊ ကဲ. . ကျွန်တော်သွားမယ်. . လေးလေး"

သိန်းထိုက်သည် လေးလေးဦးထွန်းလူနှင့်မြွေသဏ္ဍာန်ဖြစ်နေသည့် အဖိုးတန်စိန်များကို ကျော်ခိုင်း၍ ထွက်လာခဲ့သည်။

အပြင်တွင် ရာသီဥတုက သာယာလျက်ရှိသည်။ နေမင်းအလင်းရောင်က ဝင်းဝင်းပပ ထွန်းတောက်ထား၏။ သူက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ အချိန်မှာ နံနက်ဆယ်နာရီထိုးဖို့ ဆယ်မိနစ်ခန့်သာ လိုတော့သည်။

သူက အစောင့်ကိုအောင်သူဝင်းကို နှုတ်ဆက်၍ ခြံ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ထွက်ခဲ့သည်။ တစ်ဘက်လမ်းသို့ ကူးခဲ့သည်။ ဝတီမိုး စောင့်နေသည့် သူ့မာစီးဒီး ကားစုတ်ကြီးရှိရာသို့ လှမ်းခဲ့သည်။ကားမောင်းသူနေရာတွင် ဝင်ထိုင်၍ နေရာယူသည်။

"ဦးလေး. . စိတ်မဆိုးဘူးလား"

ဝတီမိုးက သူ့ကို ဘေးတိုက်ကြည့်ရင်း ပြုံးစစနဲ့မေးသည်။

"ပထမတော့ စိတ်ဆိုးတာပေါ့၊ နောက်တော့လည်း စိတ်ဆိုးပြေသွားတာပဲ"

သိန်းထိုက်က မယုတ်မလွန် ပြောလိုက်သည်။

ဘီလူးရုပ်တုလေးထဲမှ ထွက်ကျလာသော စိန်တွေအကြောင်းကိုတော့ ဖွင့်မပြောပြဖြစ်။ လျှို့ဝှက်ထားလိုက်၏။ချယ်ရီထွန်းကပေးခဲ့သော အတွေ့အကြုံအရ မိန်းမဆိုသည့် သတ္တဝါတွေကို သိပ်ပြီး ယုံစား၍မရတော့။

"ကဲ. . ကိစ္စဝိစ္စတွေ ပြီးပြီဆိုတော့ အခု ဝတီတို့ဘယ်ကို ဆက်သွားကြမလဲ၊ ဝတီ ဒီကနေ့ ခွင့်ယူထားတယ်"





ဝတီမိုး၏ အမေးကို သိန်းထိုက်က ကားစက်နှိုးလျက် တဆက်တည်း အဖြေပေးလိုက်သည်။

"ပထမဦးဆုံး တရားရုံးတစ်ခုကို သွားမယ်လေ"

ဝတီမိုးက မျက်လွှာလေးပင့်လျက်. . .။

"ဘာလုပ်ဖို့လဲ"

"ကိုယ်တို့ လက်ထပ်မယ်လေ၊ အသိသက်သေအဖြစ်နဲ့ ကိုယ့်သူငယ်ချင်းသုံးယောက်ကို ခေါ်ထားတယ်"

"ဟင်. . ကိုကို့ဥစ္စာကလည်း မမြန်လွန်းဘူးလား"

"နှေးတောင် နှေးတယ်လို့ ထင်နေတာ၊ တရက်ကုန်ရင် တစ်ရက်အသက်ကြီးတယ်လို့ ထင်နေတာ"

ဝတီမိုးက သူ့အား မျက်စောင်းလေးတစ်ချက် ပစ်ထိုးလျက်. . .။

"ဟွန်း. . ကိုကိုကတော့ ပိုပြီ"

ပြောသာပြောရသည်။

ဝတီမိုး၏ ဖူးဖူးအိအိ နှုတ်ခမ်းနှစ်လွှာမှာ အပြုံးရောင်



www.burmeseclassic.com

www.burmeseclassic.com



သန်းလျှက်ပါ။

အင်း. . အပျိုမလေးဝတီမိုးတစ်ယောက် အပျိုစင်ဘဝက ကျွတ်တော့မှာပါကလား။

ကြုံတွေလာမည့် မင်္ဂလာဦးညကိုတွေးရင်း ဝတီမိုးသည် ကြက်သီးထမိသလို ပခုံးကလေးနှစ်ဖက်ကို ကျုံ့လိုက်မိတော့သည်။

BURMESE CLASSIC .com

ဒါကို လူပျိုသိုးကြီးသိန်းထိုက်တစ်ယောက် မသိလိုက်ရှာပေ။ ရှေ့ဆီသို့သာ အာရုံစိုက်၍ ကားမောင်းလျက်. . .။

ပြီးပြီ။






www.burmeseclassic.com